www.burmeseclassic.com



www.burmeseclassic.com

# သာသား

စီစဉ်သည်

BURMESE CLASSIC

ရွှေသမီးစာပေတိုက်

အမှတ်(၂၀၁-၂၀၃)လမ်း(၄၀)ကျောက်တံတားမြို့

ဖုန်း-၀၁ ၂၄၂၂၀၉၊ ၀၉၅၀၁၀၁၅၉၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၁၇၃၀၂၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၇၉၉၀၆၀၈ |
| အဖုံးပန်းချီ | စောမင်းဝေ |
| အတွင်းပန်းချီ | စောမင်းဝေ |
| ထုတ်ဝေသူ | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ<br>(မြ-၀၉၁၀)<br>အမှတ်၁၁၁၊၃၃လမ်း<br>ကျောက်တံတား(ရန်ကုန်) |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | ဦးဆန်းထွန်းစိုး(၁၄၆၉၈)<br>ဆန်းသစ်ပုံနှိပ်တိုက်<br>၁၉၆၊ ၃၉လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ<br>ပထမအကြိမ်။ |
| အုပ်ရေ | (၅၀၀) |
| တန်ဖိုး | (၁၃၀၀)ကျပ်။ |


www.burmeseclassic.com

www.burmeseclassic.com



(၁)

"မင်္ဂလာရှိသောနေ့" ခေါင်းစဉ်ဖြင့် စာစီစာကုံးတစ်ပုဒ်ရေးခိုင်းလာပါက ပေဒင်ဆရာ 'ထွန်းလင်းစိုး' တစ်ယောက် ဤနေ့အကြောင်းကို လှလှပပကြီးရေးပြမိပေလိမ့်မည်။

● ကြည့် . . . . အိမ်ကစထွက်ကတည်းက မင်္ဂလာရှိပေသကိုး။ ကြွက်ကိုက်သလို တတွတ်တွတ်ကိုက်တတ်သော မဒမ်ထွန်းလင်းစိုးတို့ ငြိမ်ချက်သားကောင်းလှချည့်။ အလုပ်သွားဖို့ နှုတ်ဆက်တာတောင် မျက်စောင်းတစ်ချက် လှမ်းမကြည့်။

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com


လမ်းထဲကနေ လမ်းမကြီးအထွက်မှာ ဟော . . . (၅၀)ကျပ်တန်တစ်ရွက်တောင် ကောက်ရလိုက်သေး။ ဘတ်စ်ကားမှတ်တိုင်ရောက်တော့လည်း ကားကိုကြာကြာမစောင့်လိုက်ရ။ ဖုတ်သွင်းရထားလာဆိုက်သလို ရပ်နေတဲ့ရှေ့တည့်တည့်။ ကားပေါ်ရောက်တော့လည်း ဖင်ထိုင်ခုံတွေ ဘာတွေ ရလို့။ မျက်လုံးကိုစုံမှိတ်ပြီး ဂုဏ်တော်ကိုးပါး ရွတ်နေကျကနေ ဒီနေ့တော့ဖြင့် စိမ်းလဲ့လဲ့လယ်ကွင်းပြင်တွေကို ငေးမောကြည့်ရင်း ဆရာကြီးမြို့မငြိမ်း၏ 'လူချွန်လူကောင်း' သီချင်းလေးကိုတောင် လေကလေးချွန်လို့။

ရှုမဆုံးတော့သည် ×××× စိမ်းလဲ့လဲ့နှစ်စဉ် ××××
လယ်ကွင်းတွေက တမျှော်တခေါ်စိုပြည်လွှင် ××××
ရိတ်သိမ်းချိန်ဆိုပြန်လျှင် ××××
ဝင်းမှည့်ရွှေရည်အိလို့ပင် ×××× စပါးနှံတွေနဲ့အသီးတွေ ××××
သန့်မြန်အောင်မြင် ×××× ရှိုးရှိုး ××××
ရှီရှီရှီ ×××× ရှိုးရှိုး ×××× ရှီ ××××

စိန်ပေါလ်ဘုရားကျောင်း အုတ်တံတိုင်းဘေးက သူ၏မဟာ့မဟာအလုပ်ဌာနနေရာကိုရောက်တော့ အနားက ခရေပင်ပေါ်မှာ ငှက်ကလေးများက တအားအားသာလျက်။ ဆရာထွန်းလင်းစိုး တစ်ချက်ပြုံးလိုက်သည်။ ပလက်ဖောင်းဘေး မြောင်းဖုံးသုံးလေးချပ်ကို အုန်းလက်ခြောက်ဖြင့် တစ်ချက်နှစ်ချက်ခတ်လိုက်ပြီး ဗေဒင်ခုံလေးချ၊ ကတ္တီပါကားလိပ်ဟောင်း အပိုင်းအပြတ်လေးကိုခင်း . . .

'ဆရာထွန်းလင်းစိုး
အာကာသနက္ခတ္တ ရူပဗေဒ အင်္ဂဝိဇ္ဇာပညာရှင်
အထူးယကြာချေပေးသည်' ဆိုသော အဝတ်စကို အုတ်နံရံမှာ ချိတ်ဆွဲလိုက်သည်။ ပြီးတော့ အမွေးတိုင်သုံးတိုင်နှင့် ဖယောင်းတိုင်


www.burmeseclassic.com

www.burmeseclassic.com



သုံးတိုင်ကို ထွန်းညှိပူဇော်ပြီးသကာလ အရပ်ရှစ်မျက်နှာကို မေတ္တာပို့သပါလေတော့သည်။

"ကဲ ... ဘယ်လောက် မင်္ဂလာရှိလိုက်ပါသလဲ ..."

ဒီနေ့ ညည့်လာလိမ့်မည်။ အယူတော်မင်္ဂလာအရ ပေဒင်မေးမည့်သူ၊ ယတြာချေမည့်သူများ များလတ္တံ့။ ရွှေကျိုးလေးများက သာပေသကိုး။ မင်္ဂလာရွှေကျိုးများ သာကြ၊ သာကြ။ ရွှတ်ရင်းဖတ်ရင်းက ခရေပင်ပေါ်သို့လှမ်းကြည့်ကာပြုံးရင်း ခေါင်းတညိတ်ညိတ်။ ထိုစဉ်မှာပင် ...

"အားယိုးယိုး ... မင်းဂလားဘား ... ဆားရား"

တခြားသူဟုတ်ပါရိုးလား ... ရပ်ကွက်ထဲက ဆရာထွန်းလင်းစိုးတို့၏အသေးစားငွေချေးဌာနကြီးပါပေ။ မည်းမည်းဝဝခန္ဓာကိုယ်ကြီးကို ကိုင်းညွှတ်ကာ လက်အုပ်ကလေးချီလျက်။ ဆရာထွန်းလင်းစိုး မျက်နှာကြီးက ရုတ်တရက်လေလျှော့ခံလိုက်ရသော အပေါ်စားရာဘာဘောလုံးကြီးတစ်လုံးလို ...

"ချွတ်ကရားကလည်းဗျာ စောစောစီးစီး"

ညည်းပြောပြောရင်း ခရေပင်ပေါ်ကရွှေကျိုးလေးများကို မျက်စောင်းလှမ်းထိုးလိုက်သည်။

"အား ... ချွတ်ကရားနော် ဒီနေ့ရက်ရာဇာ နေ့ကောင်းရက်မြတ်ရွေးပြီးလာတာ ... အယူတော်မင်္ဂလာအရပဲ ..."

ချွတ်ကရားလည်း နေ့ကောင်းရက်မြတ်ရွေးပြီးမှ လာခဲ့သကိုး။ အယူတော်ကိုစွဲ၊အတောင်းတော်ကိုစွဲမှုပါပေ။ ဆရာထွန်းလင်းစိုးမှာတော့ ဘေးဘီဝဲယာကို ကျိုးကန်းတောင်းမျှော်။ တော်ပါသေးရဲ့ လူဆိုလို ဖြတ်သွားဖြတ်လာတစ်ယောက်နှစ်ယောက်သာ။ ခိုစာရောင်းသည် မကျင်စန်းတို့သားအမိတောင် 'ရောက်မလာကြသေး။ ဆရာထွန်းလင်းစိုး



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"ဒီလိုလုပ်ဗျာ၊ ညနေ ကျွန်တော်ပြန်ရောက်တော့မှ . . . "

"အားရား . . . အားရား . . . ညနေ . . . ညနေတွေများပြီ ဆားရား၊ ဆားရားလည်းကြားဖူးသား . . . မင်းမှာသစ္စာ လူမှာကတိ နော်၊ ဆားရားက လူထဲမှာတောင် လူဆားရားနော်၊ ဆားရားဆိုတာ လူရိုးသေ . . . ရှင်ရိုးသေနော် . . . ။ ကတိတည်တယ်နော် . . . နတ်ရိုးသေတောင်ဖြစ်ဦးမယ်ဆားရား"

ဆရာထွန်းလင်းစိုး ခေါင်းကိုတဗျင်းဗျင်းကုတ်မိလေပြီ။ ခုနက ရှိနေသောမင်္ဂလာများ ဘယ်ရောက်သွားလေသည်မသိ။

"ချွတ်ကရားနော် လူမှုရေးရှိတယ်၊ ဆားရားသာမီး အကြီးမ ကျောင်းအပ်တယ်နော် ချွတ်ကရားသိတတ်တယ်၊ ဆားရားသား အငယ်ကောင်မွေးတယ်နော် ချွတ်ကရားကြည့်မနေဘူး၊ 'ဥတကာ နူဥသင်္ဂဟော'လို့ ဘုရားဟောရှိတယ်မဟုတ်၊ ချွတ်ကရားနော် အတိုး မရဘူး၊ လူမှုရေးနော် အခုကြာသွားပြီ။ ဆားရားနော် စကားတစ်ခွန်း လာမပြောဘူး၊ ဆားရားကတော်နော် မသိချင်ယောင်ဆောင်တယ်၊ ချွတ်ကရားနော် ခံစားရတယ်"

ချွတ်ကရား၏ခံစားရမှုဝေဒနာပြပွဲကား အရှိန်တက်လာတော့ မည်။ ဤသည်ကိုကြိုမြင်သော ဆရာထွန်းလင်းစိုးက အချိန်မီကြိုတင် ကာကွယ်ရတော့၏။

"ချွတ်ကရားခံစားရတာ ကျွန်တော်နားလည်ပါတယ်ဗျာ၊ အခုမှဆိုင်ခင်းတုန်း၊ ဈေးဦးတောင်မပေါက်သေးလို့ပါဗျာ၊ ရှိနိုးပါရဲ့၊ ချွတ်ကရားကူညီတာကိုလည်း ဟောဒီရင်ဘတ်ထဲမှာ အမြဲတမ်းထည့် ထားပါတယ်ဗျ"

ဗေဒင်ဆရာခမျာ လေပြည်ထိုးရသည်။ ကီးနှိမ့်ရသည်။ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာမကြောခက်ထန်သောစကားလုံးများ ပါသွားလို့မဖြစ်။

"အား . . . ဆားရားရင်ဘတ်ထဲမှာ အမြဲတမ်းမထည့်ဘူး။ ဆားရားရင်ဘတ်ထဲမှာ ချွတ်ကရားနော် . . . မရှိဘူး။ ရှိရင် ဆားရား ဒီလောက်ထိ ချွတ်ကရားကို မရက်စက်ဘူး"

အရေးထဲကျမှ ချွတ်ကရားချွဲနေပြန်ပြီ။ ချွတ်ကရား၏ပြန်ရလိုမှု ဒီဂရီက ထိပ်ရောက်နေပြီ။

"ဒီလိုလုပ်ပါလား ချွတ်ကရား . . . ဗေဒင်မေးသွားပါလား။ လက္ခဏာပါကြည့်ပေးလိုက်မယ်။ ပြီးတော့မှ ချွတ်ကရားရစရာရှိတာ ထဲကနှိမ်လိုက်ပေါ့ ဟုတ်ဘူးလား"

ချွတ်ကရားကို သူ့ခုံရှေ့ ဆွဲထိုင်ခိုင်းလိုက်သည်။

ချွတ်ကရားက မထိုင်။

"အားယိုး . . . အားယိုး . . . ချွတ်ကရား ဗေဒင်နော်မမေး ဘူး၊ လက္ခဏာလည်းမကြည့်ဘူး။ ချွတ်ကရားနော် ကောင်းအောင် နေတယ် ကောင်းတာဖြစ်မယ်"

ဗေဒင်ဆရာ ချွတ်ကရားကိုမျက်စောင်းတစ်ချက်ထိုးလိုက်သည် . . . မသိမသာ။

"ဒါဆို ကြွေးတောင်းတဲ့ယတြာပေးလိုက်မယ်၊ ချွတ်ကရား ယုံယုံကြည်ကြည်သာလုပ် ဒိဋ္ဌအကျိုးပေးလိမ့်မယ်။ ပေးလိုက်တဲ့ ယတြာ သာချေလိုက် ရစရာရှိတာတွေချက်ချင်းပြန်ရလာလိမ့်မယ်၊ လုံးဝအိုကေ မယ်"

"အား . . . ယတြာနော် ချွတ်ကရားချေစရာမလိုဘူး ပိုက်ဆံနော် ဆားရားပြန်ပေးတယ်နော် ရပြီ"

ဗေဒင်ဆရာ ကုတ်ပြီးသားခေါင်းကိုထပ်ကုတ်ပြန်သည်။ လူအိုက်လျှင် ယပ်ခတ်လို့ရသည်။ အကြံအိုက်သောအခါ ဘာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခတ်ရပါ့။ အခုအချိန်မှာ ကမ္ဘာ့ဘဏ်တိုက်ကြီးကနေ ဒေါ်လာသန်းငါးရာလောက်လွှဲပေးလိုက်စေချင်သည်။ ဒါမှမဟုတ် မိုးကြိုးတစ်ချက်ကောင်းကောင်းသာ ငယ်ထိပ်တည့်တည့်ပစ်ချစေချင်မိသည်။ မင်္ဂလာကိစ္စထဲမှာ ချွတ်ကရားကိုထည့်မစဉ်းစားမိလေသည်ကို နောင်ဝေဂ (မှတ်ချက် ။ ။ နောင်တနှင့်သံဝေဂ ရောသမမွှေပြီးရခြင်းစကားလုံးသစ်) အကြီးအကျယ်ရမိပါလေပြီ။

ချွတ်ကရားခမျာ ကားနင်းသွားသော ဘီယာဘူးခွံမျက်နှာကို ကြည့်ပြီး သနားသွားလေသလားမသိ၊ စကားထပ်မဆက်တော့။ ထုံးစံအတိုင်း ကတိအကြိမ်ကြိမ်တောင်းရာ ဗေဒင်ဆရာကလည်း ကတိအကြိမ်ကြိမ်ပေးလိုက်၏။ ထို့နောက် မည်းမည်းဝဝခန္ဓာကိုယ်ကြီးကို သယ်ဆောင်ကာ ထွက်ခွာသွားလေသည်။

"ဟူး ..."

ထွက်ခွာသွားသော အသေးစားငွေချေးဌာနသင်္ဘောကြီး ဝေးဝေးသို့မြန်မြန်ရွက်လွှင့်နိုင်စေရန် လေပူသက်ပြင်းတစ်ချက်ကူပေးလိုက်လေသည်။ ခရေပင်ပေါ်မှ တအာအာသာနေကြသောရွှေကျီးလေးများကိုလည်း အံကြိတ်ရင်းမျက်စောင်းပြင်းပြင်းတစ်ချက်ထိုးလိုက်မိသည်။ ထိုစဉ်မှာပင် ...

အသက်သုံးဆယ်မပြည့်တတ်သေးသော အမျိုးသမီးတစ်ယောက် ဗေဒင်ခုံရှေ့မှာယို့ယို့ကလေးလာထိုင်သည်။ ဗေဒင်ဆရာ ချက်ချင်းကီးချိန်းသွားသည်။ မှင်တွေ မောင်းတွေတင်ပြီး ချောင်းတစ်ချက်ဟန့်လိုက်၏။ ပြီး အမျိုးသမီးကိုတစ်ချက်အကဲခတ်လိုက်သည်။

"ကဲ ... ဘာနေ့သမီးလဲ ... ပြော"

"အင်္ဂါ"

"မွေးသက္ကရာဇ်က ..."

www.burmeseclassic.com

www.burmeseclassic.com


ဗေဒင်လာမေးသူကို ပြန်မေးရသည်မှာထုံးစံ။ အမျိုးသမီးထံမှ သိလိုသောအချက်အလက်များကိုမေးမြန်းပြီးသကာလ ဗေဒင်ဆရာက ဗလာစာအုပ်တစ်အုပ်ပေါ်သို့ ဟိုခြစ်ဒီခြစ်တွက်ချက်ပါလေတော့သည်။ တစ်ခါတစ်ခါ ခေါင်းကိုညိတ်၏။ တစ်ခါတစ်ခါ မေးကိုပွတ်၏။ တစ်ခါ တစ်ခါတော့ ထိုအမျိုးသမီးကို မော့ကြည့်သည်။ ပါးစပ်ကလည်း ဆီမန်း, မန်းသလို တတွတ်တွတ်ရွတ်နေသည်။ ပြီး ကောင်းကင်ကိုမော့ကြည့် ရင်း နတ်ကောင်း၊ နတ်မြတ်များကို တိုင်တည်နေသယောင် ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်၊ ပြုံးလိုက်ဖြင့် တစ်ယောက်တည်းအလုပ်ရှုပ်နေတော့ သည်။ တဖန် လက်ချောင်းကလေးများကိုကွေးညွတ်ကာရေတွက်သည်။ ပြန်ဆန့်ကာရေတွက်၏။ တစ်ခါ ကွေးညွတ်ကာရေတွက်နေပြန်သည်။ အလီမကျွမ်းကျင်သောမူလတန်းကျောင်းသားလေးတစ်ယောက် သင်္ချာ ပုစ္ဆာတွက်နေသည်သို့ ရှိ၏။ ပြီး . . .

"သမီးနာမည် ဘယ်လိုခေါ်သလဲကွဲ့"

"ခင်ဖုန်းဆင့်ပါဆရာ"

ဗေဒင်ဆရာ ခေါင်းညိတ်ပြန်သည်။ ပြီးတော့ ခေါင်းခါပြန် သည်။ နောက်ဗေဒင်မေးသူအမျိုးသမီးကို မော့ကြည့်လိုက်ပြီး . . .

"အဂါသမီးနော်"

ဤတစ်ကြိမ်မှာတော့ ခင်ဖုန်းဆင့်နှုတ်ကမဖြေ၊ ခေါင်းညိတ်၍ သာ ဖြေလိုက်၏။

"အဂါသမီးရဲ့နာမည်က 'ခင်ဖုန်းဆင့်' ဆိုတာနဲ့ မကိုက်ဘူးကွဲ့၊ ဘယ်သူမှည့်ပေးတာလဲ"

ဗေဒင်ဆရာ၏အမေးကြောင့် ခင်ဖုန်းဆင့်ရုတ်တရက်ကြောင် သွားသည်။ နားထင်ကိုလက်ညှိုးလေးထောက်ကာ စဉ်းစားနေရှာသည်။

"အင်း . . . အဖေလား အမေလား မမှတ်မိတော့ပါဘူးဆရာ၊


www.burmeseclassic.com

www.burmeseclassic.com


ကျွန်မတို့အဘွားလည်းဖြစ်နိုင်တယ်၊ သေချာတာကတော့ အစ်မက ခင်ဖုန်းမြင့်ဆိုတော့ ကျွန်မနာမည် 'ခင်ဖုန်းဆင့်' ဖြစ်လာတာပါ၊ ညီမလေးနာမည်က 'ခင်ဖုန်းတင့်'ကိုး"

ဗေဒင်ဆရာ ဘာမှဆက်မပြောတော့ဘဲ ခေါင်းကိုသာ တွင်တွင်ညိတ်နေတော့၏။

"အဲဒါ ခက်တာပေါ့ ရှေးလူကြီးတွေများ တကယ် . . . တကယ်၊ ကိုယ့်သားသမီးတစ်သက်လုံးအပိုင်ယူသွားမယ့် နာမည်လေးကိုတောင် အားစိုက်ပြီးမှည့်မပေးချင်ကြဘူး၊ အလွယ်ပဲ။ ဝဝတုတ်တုတ်လေးဆို 'ဝတုတ်'၊ မည်းမည်းလုံးလုံးလေးမို့ 'မဲလုံး'၊ ကုလားလေးနဲ့တူရင် 'ဖိုးကုလား'၊ တရုတ်လေးနဲ့တူရင် 'တရုတ်ကြီး' တဲ့ ဟွန်း . . . "

ကျောင်းသင်ခန်းစာများနှင့်အတော်လေးဝေးခဲ့ပြီဖြစ်သော ခင်ဖုန်းဆင့်ခမျာ ခုမှနာမည်မှည့်ခြင်းဆိုင်ရာသင်ခန်းစာကို သင်ကြားပို့ချခံရလေပြီ။ ပါးစပ်ကလေးကိုဖွင့်ဟရင်း မျက်လုံးကလေးပုတ်ခတ်ပုတ်ခတ်။

"နောက်ပြီး ရှိသေးတယ်၊ သူတို့ကြိုက်တဲ့ဓာတ်ရှင်မင်းသား၊ မင်းသမီးဆိုရင်လည်း ဘာမှစဉ်းစားမနေတော့ဘူး၊ ကောက်မှည့်တော့တာပဲ 'ခင်မောင်ရင်'တဲ့၊ 'ဘတင့်'တဲ့၊ 'ကျော်ဆွေ'တဲ့၊ ဒီဘက်ခေတ်ကျတော့လည်း ကြည့်လေ . . . 'ရွှေဘ'တဲ့၊ 'တင်ညွန့်'တဲ့၊ ဟော . . . 'ဝင်းဦး'တဲ့၊ 'ဇော်လွင်'တဲ့၊ အံမယ် 'ကျော်ဟိန်း'ဆိုတာများတောင် ပါလိုက်သေး"

ဤတစ်ကြိမ်ခေါင်းကုတ်ရသူက ခင်ဖုန်းဆင့်ကိုယ်တိုင်ပင်ဖြစ်နေတော့သည်။ သတိမပေးလျှင်ဖြင့် လက်ချာချိန်ငါးချိန်စာလောက်ရောက်သွားနိုင်လေသည်။

"ဆရာ . . . ကျွန်မ ဗေဒင်လာမေးတာပါဆရာ၊ နာမည်


www.burmeseclassic.com

www.burmeseclassic.com



လာရွေးတာမဟုတ်ပါဘူး၊ ကျွန်မသိချင်တာက . . . ”

“အို . . . ဆောရီးသမီး . . . ဆောရီး . . . ခုနဘယ်ရောက်သွားပါလိမ့်”

“ရှင် . . . ဆ . . . ဆရာ ဘာမှမဟောရသေးဘူးဆရာ”

“ဩော် . . . ဟော် . . . ဟုတ်ပြီ . . . ဟုတ်ပြီ ခင်ဖုန်းဆင့်၊ သမီးဒီလိုလုပ် ခင်ဖုန်းဆင့်ဆိုတာကြီးက အင်္ဂါသမီးနဲ့မကိုက်ဘူး၊ ဖြစ်ချင်တာက သမီးနာမည်မှာ ‘စနေ–အမြစ်’၊ ‘တနင်္ဂနွေ–ပင်စည်’၊ ‘ဗုဒ္ဓဟူး–အညွန့်’ ဖြစ်ရမယ်၊ ဥပမာ . . . အင်း . . . ‘နှင်းဦးဝေ’ ဆိုတာမျိုးပေါ့၊ ဒါ ဂမ္ဘီရဆရာကြီးရဲ့ နာမည်မှည့်နည်းအတိုင်းမှည့်ထားတာ၊ ဟော. . . ရုပ်ရှင်မင်းသားတွေကြည့်၊ ဟို . . . ဘယ်သူ . . . သူထူးစံ၊ အဲ . . . ဦးတော့ ခန့်စည်သူ၊ နောက်ဟိုကောင်လေး ဥက္ကာမင်းမောင် တို့လေ၊ သူတို့မှည့်သလိုပေါ့၊ ဟို . . . ဆရာအကြံပေးတာပါ၊ လုပ်ရမယ်လို့ပြောတာမဟုတ်ပါဘူး၊ လူတစ်ယောက်မှာ နာမည်ဆိုတာ အရေးအကြီးဆုံးကွဲ့၊ ဥပမာ – ဆရာ့နာမည်ကြည့် ‘ထွန်းလင်းစိုး’ . . . ဆရာက စနေသား၊ ထွန်းရမယ် . . . လင်းရမယ် . . . စိုးရမယ် . . . ဒီလို. . . ဒီလို . . . ဆရာက မရဏဖွား . . . မရဏဖွားဆိုတာ ‘သေမြေကြီး၊ ရှင်ရွှေထီး’ တဲ့ . . . ငယ်တုန်းမှာ အနာရောဂါထူပြောပေမယ့် ကြီးရင်တော့ ရတနာရွှေမိုးရွာဖြိုးတယ်လို့ ဆိုတာကိုးကွဲ့ . . . ”

ခင်ဖုန်းဆင့် စိတ်မရှည်နိုင်တော့။ ကိုယ့်အကြောင်း ကိုယ့်ဘဝသိလိုလှပါတယ်ဆိုနေမှ နာမည်ပြောင်းရမည့်အဖြစ်နှင့်ဝင်တိုးနေတော့သည်။

လက်ကိုင်အိတ်ကို ကောက်ကိုင်ပြီး ထမည်အလုပ် . . .

“နေ . . . နေပါဦးသမီး၊ ဟော . . . ဟောမှာပါ၊ ဒါက တကာမအပျိုး . . . အပျိုး . . . ခဏ . . . ခဏလေးစောင့် . . . ”



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ဆရာ စာအုပ်ပေါ်ဟိုခြစ်ဒီခြစ် ခြစ်ပြန်ပြီ။

ခင်ဖုန်းဆင့်ခမျာမှာတော့ ဗေဒင်ဆရာ့နှုတ်ဖျားမှ ဟောကြားလာမည့်ဟောချက်များကို စောင့်စားရင်း ယပ်တောင်တဖျပ်ဖျပ်။ ဗေဒင်ဆရာမှာလည်း ရာသီဥတုပူအိုက်ရသည့်အထဲ စိတ်ပါအိုက်လာ၍ထင့်။ မှုန်စုတ်စုတ်တိုက်ပုံအင်္ကျီအနက်ကလေးကို တဖပ်ဖပ်ခတ်နေရှာတော့သည်။ ပိန်ကုန်းကုန်းခန္ဓာကိုယ်ကလေးကို သိမ့်ခနဲ သိမ့်ခနဲတုန်သွားအောင် ချောင်းခြောက်တဟွပ်ဟွပ်ကလည်း ဆိုးလိုက်သေး၏။ ခွီးခနဲခေါ်ခနဲသလိပ်ဟပ်ပြီးသကာလ ထိုင်ရာမထလှမ်း'ထွမ်'လိုက်တာလည်း ရှိပါသေးသည်။

"သမီး . . . လက် . . . ခဏပြ"

ခင်ဖုန်းဆင့်လက်ကိုတောင်းလိုက်ရာ လက်ဖဝါးနှစ်ဖက်ကို ဗေဒင်ဆရာရှေ့ရှိခုံပေါ်သို့ ဖြန့်ချလိုက်၏။ ဗေဒင်ဆရာက ခင်ဖုန်းဆင့်၏လက်ဖဝါးမို့မို့နှစ်ဖက်ကို သူ၏သစ်ကိုင်းခြောက်လက်ချောင်းများဖြင့် ပွတ်သပ်နေတော့သည်။

"ကောင်းလိုက်တာ . . . ကောင်းလိုက်တာ"

"ဘာကောင်းတာလဲဆရာ"

"ဩော် . . . လက်ဖဝါးပေါ်ကအရေးအကြောင်းတွေ အားကောင်းတာကိုပြောတာ၊ အာယုလမ်းကြောင်းကလည်း အရှည်ကြီး၊ ထီးရိုးကြီးကလည်း ကောင်းလိုက်တာ"

ခင်ဖုန်းဆင့်၏ လက်ဖဝါးပေါ်ကအရေးအကြောင်းများအတိုင်း ဘောလ်ပင်တစ်ချောင်းဖြင့် လိုက်ခြစ်ပြနေသည်။

"ထီးရိုးကောင်းတော့ ဘာဖြစ်လဲဆရာ"

"မိုးများတဲ့အခါ စိတ်ချရတာပေါ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ထီးရိုးလို့ခေါ်တဲ့ ကံလမ်းကြောင်းအားကောင်းတော့ ဟို . . . ဟို . . . ကြိုစည်သမျှ အလွယ်လေးနဲ့အောင်တာပေါ့၊ သူများ တွေလို ပင်ပင်ပန်းပန်းမရှာမဖွေရဘူးပေါ့၊ အဲဒါ အဲဒါ ပြောတာ . . ."

ခင်ဖုန်းဆင့်သက်ပြင်းလေးချကာ ကျေနပ်ပြုံးလေးပြုံးလိုက်သည်။ ဗေဒင်ဆရာက လက်ဖဝါးကိုမမိုတ်မသုန်စိုက်ကြည့်ရင်းက မေးဖျားကို ပွတ်သည်။ မျက်မှောင်ကို ကြုတ်သည်။ ပြီးတော့ ပြုံးပြန်သည်။

"သမီးက 'ပုတီဖွား' ကွဲ့၊ 'ပုတီသဘော မကျော်စော' တဲ့၊ ဒါပေမယ့် 'ကျော်စောပုတီ အတုမရှိ' တဲ့၊ အဖွားညံ့ပေမယ့် အဖိုးမညံ့ ဖါဘူး၊ အဲလေ . . . အဖွားညံ့ပေမယ့် ကိုယ့်လုပ်ရပ်နဲ့စိတ်ထားက မြတ်ရင် အောင်မြင်ကျော်ကြားတာပါပဲကွဲ့၊ ဟုတ်တယ်မဟုတ်လား"

ခင်ဖုန်းဆင့်ရောယောင်ပြီး ခေါင်းညိတ်လိုက်မိသည်။ သို့သော် နည်းနည်းတော့ခေါင်းရှုပ်သွားသည်။ သိချင်သည်များ ခေါင်းရှင်းမှုဖြစ် ညည်မဟုတ်လား။ သို့သော် ဗေဒင်ဆရာကတော့ အပွားမပျက်။

"ဒီတော့ စိတ်ကောင်း နှလုံးကောင်းထား၊ ရိုးသားတဲ့ အသက် မွေးဝမ်းကျောင်းမှုကိုပြု၊ ရတနာသုံးပါးကို မမေ့နဲ့၊ ကဲ . . . သမီး ဘာ သိချင်လဲမေး"

ခုမှ ကောင်းခန်းရောက်တော့သည်။ အဓိကအခန်းကို ရောက်ဖို့ စောင့်လိုက်ရသည်။

"ကျွန်မသိချင်တာ . . ."

တကယ်မေးရတော့မည်ဆိုတော့လည်း စိတ်မှာရှက်သလိုလို ဖြစ်လာသည်။

"ဪ . . . ဟော် . . . သမီးသိချင်တာဟုတ်ပြီ . . . ချယ် . . . ခဏ . . . အင်း . . . ထင်ပေါ်ကျော်ကြားမယ့် အသိသမီး ညည်တဲ့ . . . ပညာရေးနဲ့ပတ်သက်လို့အကျိုးမပေးဘူးတဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးက မရဏအိမ်မှာရှိနေတော့ ပညာရေးတစ်ပိုင်းတစ်စ ဖြစ်တတ်တယ်တဲ့ . . . ပြီးတော့ 'ဓာတု' နဲ့ 'ဗေဒ' နှစ်ဘာသာ အညံ့ရှိတယ်တဲ့"

"ရှင်"

"ဩော် . . . သမီးက ဓာတုနဲ့ဗေဒ နှစ်ဘာသာညံ့တယ်လို့၊ အဲဒီနှစ်ဘာသာလေး သေချာဂရုစိုက်ပေး"

"ဟို . . . ဟို . . . ကျွန်မ . . . ကျွန်မက ဘွဲ့ရပြီးပါပြီ . . . အခု"

ဗေဒင်ဆရာနည်းနည်းနင်သွားသည်။ သို့သော် ချော်လဲရောထိုင် ရပေလိမ့်မည်။ မလိုအပ်ဘဲ ချောင်းခြောက်တစ်ချက်ခတ်လိုက်သည်။ သို့ပေမယ့် ချောင်းကအရှိန်ရသွားသည်ထင့်၊ မူလလက်ပေါင်းချောင်းဆိုးနာကပါ ဇီဇာမလိုဘဲဆက်လိုက်လာခဲ့လေသည်။ ကြက်ရင်အုပ်သာသာ ရင်အုပ်ကလေး မြင့်လိုက်၊ နိမ့်လိုက်ဆိုးသည်၊ တဟွပ်ဟွပ် တခွပ်ခွပ်။ ခွဲနှင့်သလိပ်ကိုလည်း ခွီးခနဲတစ်ချက် ဟပ်လိုက်ရသေးသည်။ ပြီး . . . ထုံးစံအတိုင်း ခပ်လှမ်းလှမ်းသို့ ထိုင်ရာမထ လှမ်း'ထွမ်'လိုက်ပြန်သည်။ ခင်ဖုန်းဆင့် နှာခေါင်းတစ်ချက်ရှုံ့မိသည်။ သို့သော် ဟန်ပြုံးလေးတော့ ပြုံးထားရသည်။

"အဟမ်း . . . အဟမ်း . . . အဲလိုအညံ့ရှိနေပေမယ့် ဝီရိယ စိုက်ပြီးကြိုးစားမယ်ဆိုရင် အောင်မြင်တတ်ပါတယ် အဟမ်း"

'လူကြီးရက်တော့ ရယ်၊ ကလေးရက်တော့ ငို'ဆိုပေမယ့် ဆရာရက်တော့ ချောင်းခြောက်ကိုသာကောက်ကောက်ဆိုးတော့သည်ကို။

"ဘီအေ . . . ဘီအက်စ်စီရပြီး . . . အမ်အေ . . . အမ်အက်စ်စီ ရဖို့ဆိုရင်တော့ သူများထက်ပိုကြိုးစားရလိမ့်မယ် . . . ဘာလို့လဲဆိုတော့ သမီးရဲ့ဉာဏ်လမ်းကြောင်းက သိပ်မရှည်ဘူးကိုး၊ အဟမ်း . . . အဲ . . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကိုပြောတာ . . . ''

ဖြေရှင်းချက်များလား၊ အကြောင်းပြချက်များလားမသိ။ ခင်ဖုန်းဆင့်ခမျာမှာတော့ မေးချင်တာကတခြား။ ဟောနေတာက တခြားမို့ စိတ်တစ်ခြမ်းတော့ ညစ်သွားတာအမှန်။ သို့သော် သိလိုတာကိုတော့ မေးမှဖြစ်လိမ့်မည်။

''ဟို . . . ဟို . . . ကျွန်မသိချင်တာက အဟဲ . . . အိမ်ထောင်ရေးအခြေအနေလေး . . . အဲ . . . အဲဒါ''

ရှက်တော့ရှက်သည်၊ မတတ်နိုင်။ သိချင်တာကဒီကိစ္စ။ ခင်ဖုန်းဆင့်မျက်လွှာလေးချပြီး လက်ဖဝါးနှစ်ဖက်ကိုပွတ်ချေနေမိ၏။

''ဟုတ်ပြီ . . . သမီး . . . ခဏစောင့်''

ဗေဒင်ဆရာ စာရွက်ပေါ်တတောက်တောက်တွက်ချက်ပြန်သည်။ ပြီး . . . ထုံးစံအတိုင်း မေးကိုပွတ်၏။ အသစ်အနေဖြင့် နှာခေါင်းကိုပါ နှိုက်လာသည်။ ခင်ဖုန်းဆင့်ကို မော့ကြည့်၏။ ပြီးတော့ စားပွဲကိုဘောလ်ပင်ဖြင့် တတောက်တောက်ခေါက်နေပြန်တော့သည်။

''ဟား . . . မကောင်းဘူး . . . မကောင်းတော့ဘူး''

တရုတ်သိုင်းကားတွေကြည့်တုန်းက ဂိုဏ်းချုပ်ဆရာကြီးရှေ့သို့ တပည့်တပန်းတစ်ယောက် အူယားဖားယားပြေးဝင်လာပြီး သတင်းပို့လာတာကို ပြန်မြင်ယောင်မိစရာပါပေ။

ပါးစပ်ကလည်း 'မကောင်းဘူး'ရွတ်၏။ ခေါင်းကိုလည်း တွင်တွင်ယမ်းနေသည်။

''ဘာ . . . ဘာမကောင်းတာလဲ ဆရာ၊ ပြောပါဆရာ . . . ဒီကိစ္စက ကျွန်မအတွက်သိပ်အရေးကြီးနေလို့ပါဆရာ''

မကောင်းတာကိုတော့ ဘယ်သူမှလိုချင်ကြမည်မဟုတ်။ ခင်ဖုန်းဆင့်လည်း မလိုချင်။ ထို့ကြောင့် တတွတ်တွတ်မေးနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေများ အည့်တွေ့နေပါလိမ့်။

"ပြောရမှာ အားတော့နာပါတယ်ကွာ"

ဗေဒင်ဆရာ သက်ပြင်းကိုမှျော့ချပြီး သံရှည်ဆွဲပြောကာ ခဏ နားထားလိုက်တော့ ခင်ဖုန်းဆင့်တစ်ယောက် ကြမ်းပိုးကိုက်သောခုံပေါ် ထိုင်မိသလို ဖြစ်လာချေပြီ။

"အားမနာပါနဲ့ဆရာ ပြောစရာရှိတာသာပြောပါဆရာ"

ခင်ဖုန်းဆင့် အဲသည်လိုလမ်းဖွင့်ပေးလိုက်တော့မှ ဗေဒင်ဆရာ ၏ခရမ်းသီးပုပ်မျက်နှာကြီး ဝင်းပလာလေတော့သည်။ ခင်ဖုန်းဆင့်ကို တစ်ချက်မော့ကြည့်ရင်းက . . .

"မကောင်းတော့ဘူးဆိုတာ ဒီဘောလ်ပင်ကိုပြောတာ၊ မနေ့ကမှ လမ်းဘေးခင်းရောင်းတဲ့ဆိုင်က ဝယ်လာတာ၊ ခုကြည့် မကောင်းတော့ဘူး။ တစ်ချောင်းကို တစ်ရာတောင်ပေးရတာကွဲ့"

ခင်ဖုန်းဆင့် သက်ပြင်းချလိုက်ရာ စားပွဲခုံလေးပေါ်က စာရွက် လေးများပင် လွင့်တက်သွားလေတော့သည်။ ဒီ့ထက်များ အဆပြင်းလျှင် ဖြင့် ပိန်ကုန်းကုန်းဆရာသမား၏ခန္ဓာကိုယ်လေးတောင် နောက်သို့ ပက်လက်လန်နိုင်ဖွယ်ရာရှိသည်။

ခင်ဖုန်းဆင့် ဘေးမှာချထားသောလက်ကိုင်အိတ်ကို ကောက် ယူလိုက်ပြီး အိတ်ထဲမှဘောလ်ပင်တစ်ချောင်းကိုနှိုက်ယူပြီးသကာလ ဗေဒင်ဆရာကိုပေးလိုက်သည်။ ဗေဒင်ဆရာက 'ကျေးဇူးပဲ'ဆိုသည့် သဘောဖြင့် ခေါင်းကိုညိတ်ပြလိုက်၏။

ဘောလ်ပင်ဖြင့် စာရွက်ပေါ်ဟိုခြစ်ဒီခြစ်စမ်းကြည့်လိုက်ပြီး. . .

"ကောင်းသွားပြီသမီး . . . အပုပ်တွေ ရှင်းသွားပြီ"

"အဟမ်း . . . အဟမ်း"

အရေးပေါ်လူနာအား ပိုင်နိုင်ကျွမ်းကျင်စွာခွဲစိတ်တော့မည့်



www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးပမာ တိုက်ပုံအင်္ကျီလက်နှစ်ဖက်ကို ပင့်တင်လိုက်ပြီး ရင်ကိုကော့ကာ စားပွဲပေါ်မှစာအုပ်ကို ဘောလ်ပင်ဖြင့်စနစ်တကျရေးခြစ်လေတော့သည်။ တစ်ခါတစ်ခါ ပြုံးလိုက်၊ တစ်ခါတစ်ခါ မဲ့သွားလိုက်နှင့် တစ်ခါတစ်ခါရေးခြစ်နေသောဂဏန်းများကို အကြာကြီးစိုက်ကြည့်ပြီး . . .

"ဟား . . . "

ခုံကိုလက်ဝါးဖြင့်ဖြန်းခနဲရိုက်ပစ်လိုက်ပြီး ထခုန်မတတ်ပျော်သွားသောဗေဒင်ဆရာကြောင့် ခင်ဖုန်းဆင့်ပင်ရုတ်တရက်လန့်ပြီးတုန်သွားလေသည်။

"သမီးစိတ်အေးအေးသာထားတော့၊ သမီးတို့အိမ်ထောင်ရေးအခြေအနေ 'အိုကေ' တယ်၊ သမီးယောက်ျားက ဘာနေ့သားလဲပြော"

"ရှင်"

ဗေဒင်ဆရာ့စကားကြောင့် ခင်ဖုန်းဆင့်ခမျာ 'ရှင်' သွားသည်။

"ဩော် . . . ငါ့သမီးအိမ်ထောင်ဘက်က ဘာနေ့သားလဲပြော"

"ရှင်"

ခင်ဖုန်းဆင့်ခမျာ ဗေဒင်ဆရာ့မေးခွန်းကို မဖြေနိုင်ရှာဘဲ ထပ်ပြီး 'ရှင်' လို့သာ နေရှာသည်။

"ဆရာမေးတာ . . . သမီးရဲ့အိမ်ဦးနတ်ကိုမေးနေတာ၊ သူက ဘာနေ့သားလဲလို့"

သုံးခါမေးသော်မှ တစ်ခါသာ ဖြေနိုင်ရှာတော့၏။

ဖြေတော့လည်း ခေါင်းငုံ့ကာ . . .

"ဟို . . . ဟို . . . ကျွန်မ အိမ်ထောင်မကျသေးပါဘူးဆရာ"

ဗေဒင်ဆရာထပ်ပြီး 'နင်' သွားပြန်ပါပြီ။ ချော်လဲရောထိုင်စရာ



www.burmeseclassic.com

www.burmeseclassic.com



စကားရှာမရသေးသဖြင့် ချောင်းချောက်ကိုသာ ထပ်ဆိုးကြည့်လိုက်သည်။

"အြော် ... ဆရာမေးတာ ဒီ ... ဒီလိုပါ၊ ဟို ... သမီးအိမ်ထောင်ပြုဖို့ ရည်ရွယ်ထားတဲ့သူက ဘာ ... ဘာနေ့သားလဲလို့အဟဲ"

ဗေဒင်ဆရာခမျာ ခုမှပြုံးနိုင်တော့သည်။ မပြုံးနိုင်သူကတော့ ခင်ဖုန်းဆင့်သာ။

"ရှင် ... သူ ... သူက ဘာနေ့သားလဲ ... ကျွန်မ မသိဘူး"

ခင်ဖုန်းဆင့်အဖြေကြောင့် ဗေဒင်ဆရာ့အပြုံး ကြာကြာမခံလိုက်ပါ။ ထုံးစံအတိုင်း ခေါင်းကိုသာတွင်တွင်ကုတ်နေမိတော့သည်။

"ဒါ ... ဒါဆို နာမည်က ... "

"ဝင်းဇော်လတ်တဲ့"

ဗေဒင်ဆရာ လက်ဖျောက်တစ်ချက်တီးလိုက်သည်။

"ဟုတ်ပြီ ... ဒါဆို ဗုဒ္ဓဟူးသားပဲ ဖြစ်ရမယ်"

ဗုဒ္ဓဟူးဟု သိလိုက်ရသဖြင့် ဝမ်းသာသွားသော်လည်း တွက်ရင်းချက်ရင်းကပင် မျက်နှာကြီးက ကြက်ယက်ခံရသောအမှိုက်ပုံပမာ ဖြစ်သွားရှာလေသည်။ မေးချွန်းချွန်းကို တပွတ်ပွတ်လုပ်ရင်းက နှုတ်ခမ်းကို တစ်ချက်တွန့်လိုက်သည်။

"အင်း ... သိပ်မကောင်းတော့ဘူး ... သမီး"

ခင်ဖုန်းဆင့်လည်း မျက်လုံးလေးဝိုင်းသွား၏။ ဘယ်လိုမကောင်းတာများပါလိမ့်။

"ဗမ္မာ သောက အင်းဝ ရာဇာ အိမ်ထောင်ဖက် အသက်မရှည်ရာတဲ့၊ အင်္ဂါနဲ့ဗုဒ္ဓဟူး အိမ်ထောင်ပြုရင်တော့ အသက်မရှည်ဘူးလို့ ဆိုတယ်ကွဲ့၊ အတွင်းရန်လို့လည်း ဆိုထားလို့ကွဲ့"

အိမ်ထောင်ဖက်ရင် အသက်မရှည်ဘူးတဲ့၊ အတွင်းရန်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေများပါလိမ့်။ ခင်ဖုန်းဆင့်ခေါင်းထဲ ရှုပ်လာသည်။

"အဲ . . . ဒါပေမယ့် အဋ္ဌော ဂဏ္ဍော စရေ ဝံသေလို့ဆိုထားပြန်တော့ အင်္ဂါနဲ့ဗုဒ္ဓဟူးက စရေကိန်းမို့ ဓာတ်မိတ်တော့ကျသကွဲ၊ ဒီတော့ . . . "

ဗေဒင်ဆရာက 'ဒီတော့'ကြီးကို စကားရှည်ဆွဲထားပြီး မဆက်သေးဘဲရပ်ထားလိုက်သဖြင့် ကိုရီးယားဇာတ်လမ်းတွဲကောင်းနေခိုက် ကြော်ငြာဝင်လာသကဲ့သို့ ခံစားရ၏။

"ဒီတော့ အညံ့တွေပြေသွားအောင် ယတြာချေလိုက် . . . ဟုတ်ပြီလား၊ ယတြာကောင်းရင် ဟင်းပေါင်းတောင်ခွေးစာဖြစ်သေးတာပဲ"

ပြောပြောဆိုဆို စားပွဲအောက်တွင် ထပ်ထားသောစာရွက်ပုံထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်ပေးလိုက်၏။

"ရော့ . . . သမီး . . . ဒီထဲကအတိုင်းသာ ယုံယုံကြည်ကြည်နဲ့လုပ်၊ ကေန်မုချအကျိုးပေးပါလိမ့်မယ်၊ အင်္ဂါသမီးကြီး လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်ပါလိမ့်မယ်ဗျား . . . "

ခင်ဖုန်းဆင့်လည်း ယတြာစာရွက်ကလေးကို ရိုရိုသေသေ ခေါက်ပြီး လက်ကိုင်အိတ်ထဲသို့ထိုးထည့်လိုက်၏။ ဤစာရွက်တစ်ရွက် ဝင်ရောက်လာခြင်းသည် ဤအိတ်ထဲမှစက္ကူနှစ်ရွက်ထွက်ခွာသွားသည်နှင့် ညီမျှလေတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## (၂)

လူငယ်တစ်ယောက် လမ်းလျှောက်လာပုံကဖြင့် ဟောဒီမနက်ခင်းနှင့် မည်သို့မျှ မလိုက်ဖက်လှပေ။ အသက်အားဖြင့် အလွန်ဆုံးရှိလှ (၂၅) နှစ်ပေါ့။ ခြေသံပြင်းသွားလျှင်ဖြင့် ကမ္ဘာမြေကြီးကျုံကျသွားလေမလား စိုးရိမ်၍ထင့်၊ ဖွဖွညင်သာ။ မျက်နှာက လင်းတကို ဘာမီတွန်ကျွေးထားသည်သို့ရှိ၏။ ခေါင်းငိုက်စိုက်ချထားပုံကလည်း သူများကျပျောက်ခဲ့သော ပိုက်ဆံတစ်ရွက်တလေများ ကောက်ရလေမလား ရှာနေသည့်ဟန်။

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြင်လိုက်ရသောအခြင်းအရာကြောင့် သားကောင်နှံ့ရသွားသောကျားတစ်ကောင်ပမာ ခုန်အုပ်ဖို့ချောင်းမိလေတော့သည်။ မြင်ကွင်းကား အခြားမဟုတ်၊ ခပ်လှမ်းလှမ်းရှိလမ်းဘေးဗေဒင်ခုံမှ ထွက်သွားလေသောအမျိုးသမီးတစ်ဦးပေတည်း။

မိန်းမတစ်ယောက်၏ ကြည့်ကောင်းသောအချက်အလက်များ ပိုင်ရှင်မို့ ခေါ်တောအား(၁၅၀၀)ဖြင့် လှမ်းငမ်းမိလိုက်သည်။ ညက မက်သော အိပ်မက်တိတ္ထုံကျမ်းအရ ချစ်သူကောင်းကိုရလတ္တံ့ဟု နိမိတ်ဖတ်သည်။ အဆောင်ပြန်ရောက်လျှင်ဖြင့် မောင်မင်းကြီးသားကို လက်ဖက်ရည်တိုက်၍ ကျေးဇူးတင်ရပေဦးမည်။

ခြေလှမ်းကို ကျားတစ်ကောင်၏အမြန်နှုန်းမျိုးဖြင့် ရွေ့လျားရန် ပြင်လိုက်သည်။ ထိုစဉ် . . .

"ဘုန်း . . ."

"ဗုဒ္ဓေါ . . . မြစိန်နဲ့ကုလားနဲ့ နှုတ်ခမ်းမွေးနဲ့ညား၊ အဲလေ"

လောကဓံရှစ်ပါးနှင့်အညီ တည်ရှိလေသောပလက်ဖောင်းကို တိုက်မိပြီး ဗေဒင်ခုံရှေ့သို့ပစ်ကျသွားလေတော့သည်။

"ကဲ . . . ပြော . . . ဘာနေ့သားလဲ"

"ဗျာ"

"ဘာနေ့သားလဲလို့ မေးတာ"

"ခင်ဗျာ"

"ဩော် . . . မောင်ရင့်ကိုဘယ်နေ့မှာမွေးတာလဲလို့မေးနေတာ"

ဗေဒင်ဆရာက မော့၍ပင်မကြည့်။ ခင်ဖုန်းဆင့်ပေးသွားလေသောဘုတ်ပူဇော်ခငွေများကို ဗေဒင်ခုံကိုကွယ်ပြီးရေတွက်နေလေသည်။

"အဲ . . . အင်း . . . အဂါ . . . အဂါဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဖြေသာဖြေနေရသည်။ မျက်လုံးက ခင်ဖုန်းဆင့်နောက်ပါသွားသည်။ ထိုင်ရအခက် ... ထရအခက်။ ခရီးဝေးသွားစဉ် ကားက အထွက် ရေအိမ်တက်ဆဲခံစားမှုမျိုးပင်။ မထူးပြီ၊ ချော်လဲရောထိုင်ဆိုတာ ဒါမှအစစ်။ ရောက်မှတော့ ကံစစ်ဦးမှ။

"ဟုတ်ပြီ ... မွေးသက္ကရာဇ်ပြော"

ဗေဒင်ဆရာက ဉာဏ်ပူဇော်ခငွေများကို တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲသို့ထိုးထည့်ရင်းက အောင်ပွဲရစစ်သူကြီးပမာ ဗေဒင်ခုံပေါ်ရှိစာအုပ်ထဲသို့ ဂဏန်းများရေးခြစ်ပါလေတော့သည်။

"ဆရာ ... ပြီးမှ ဆက်ဟောပါလားဆရာ၊ ကျွန်တော် သွားစရာလေးရှိနေလို့"

ကိုယ့်ဆရာဟန်မဆောင်နိုင်တော့ပြီ။ ခင်ဖုန်းဆင့်နောက်သို့ ထ,လိုက်ဖို့ပြင်လိုက်သည်။

"ဟော့ ... ဟော့ ... မောင်ရင် နေပါဦး၊ ဘယ်လိုဖြစ်တာတုံး၊ ဒါမောင်ရင့်တစ်ဘဝလုံးနဲ့ ဆိုင်တဲ့ကိစ္စကိုပြောမှာနော်၊ ဒါ ရေအိမ်မဟုတ်ဘူး၊ ထိုင်ချင်တဲ့အချိန်ထိုင် ထချင်တဲ့အချိန်ထထွက်သွားလို့မရဘူးလေ"

ဗေဒင်ဆရာက လှမ်းမဆွဲရုံတစ်မယ် မနည်းတားလိုက်ရသည်။ မတားလို့မဖြစ်။ ညနေ ချွတ်ကရားကိုရင်ဆိုင်ရဦးမည်။ သို့မဟုတ်ပါက အခုလိုမင်္ဂလာနေ့မျိုးမှာ ချွတ်ကရား၏ 'ဒိုင်ကြောင်'တွေနှင့် အစားခံရပေဦးမည်။ ထိုသူ ပုဆိုးကိုပြင်ဝတ်ကာ ပြန်ထိုင်လိုက်ရသည်။ ကံမကုန်ရင်တော့ ပြန်ဆုံနိုင်ပါသေးသည်။ ခုတော့ စိတ်လျှော့ ... စိတ်လျှော့ ... ။

"ခဏ ... ခဏ မကြာဘူး၊ တစ်ဘဝစာကံကြမ္မာကို ဆရာ ခဏတာစစ်ကြည့်ရုံနဲ့ သိရမှာပါ ... ခဏလေးသည်းခံ"



www.burmeseclassic.com

www.burmeseclassic.com



ထိန်းရခက်သောမူကြိုကလေးငယ်အား ဆရာမကမုန့်ပေးချော့နေသည့်အလား။

"ခဏခိုပေမယ့် 'နပိုလီယံ' ဆိုရင်တော့ စစ်ပွဲလေးပွဲလောက် သိမ်းပြီးလောက်ပြီဆရာ"

ထိုသူက စိတ်လက်မလန်း၍အညွန့်ထွက်အထွန့်တက်လိုက်၏။

x ဗ cg. . .

"အေး . . . . အဲဒီ'နပိုလီယံ'ကြီးပေါ့ဗျာ၊ နေမင်းကြီးကို ဒူးထောက်တောင်းပန်ရတာ၊ အချိန်နည်းနည်းပဲပေးပါ . . . တစ်ကမ္ဘာလုံးကို သိမ်းပြမယ်ဆိုတဲ့လူလေ . . ."

ဗေဒင်ဆရာက ဝမ်းသာလှိုက်လှဲစွာစကားလုံးတွေပစ်သွင်းနေတော့သည်။

"ဆရာ . . . ကျွန်တော့်ကို ဗေဒင်ဟောမှာလား၊ ကမ္ဘာ့သမိုင်းသင်မှာလား"

"ဟာ . . . ဆောရီး ဆောရီး ဆရာနည်းနည်းဘေးထွက်သွားတယ်၊ အဟမ်း . . . မောင်ရင့်နာမည်ကရော"

"မာဂရက်ချွန်"

"ဟွန်"

"ဘာလို့လဲဆရာ"

"အာ . . . ဘာမှမဟုတ်ပါဘူး၊ နေပါဦး မောင်ရင်က အင်္ဂလိပ်နာမည်ကျ ဘယ့်နှယ်မာဂရက်ချွန် ဖြစ်နေရတာတုံး"

"အမေလေဗျာ . . . ကျွန်တော့်အစ်မဝမ်းကွဲတစ်ယောက်က ကွန်ဗင့်ကျောင်းတက်ခဲ့တာဆိုတော့ သူ့နာမည်ကို ဘိုလိုပေးရတာ 'ရိုစီ' တဲ့၊ အဖေက ဦးသောင်းဆိုတော့ 'ရိုစီသောင်း' တဲ့၊ အဲဒါကို အမေက အားကျပြီး သူ့သားကိုမှည့်ပေးတာ 'မာဂရက်' တဲ့၊ သူများထက်





ထူးချွန်ရမယ်ဆိုတဲ့နိမိတ်နဲ့ပေးတာ 'မာဂရက်ချွန်' တဲ့၊ အဖေက ပြောပါသေးတယ် အဲဒီနာမည်က မိန်းကလေးနာမည်လို့၊ ယောကျ်ားလေးတွေ မှည့်ရဘူးလို့၊ မှည့်ချင်ရင်ရှာပေးမယ် ယောကျ်ားလေးနာမည်တွေ အများကြီးရှိတယ်၊ ကြိုက်တာရွေးလို့ပြောတာပဲ၊ ဘာတဲ့ 'ခရစ္စတိုဖာချွန်' တဲ့၊ 'ဆစ်ဒနီချွန်'တဲ့၊ နောက်ပြီး 'လီယိုနာဒိုချွန်'ဆိုတာလည်း ရွေးပေးတာပဲဗျ၊ အမေက မကြိုက်ဘူး၊ မာဂရက်ချွန်မှမာဂရက်ချွန်ပဲ၊ အဖေလည်း အမေ့ကိုရေရှည်ထိပ်တိုက်ရင်မဆိုင်ရဲတော့ လက်နက်ချလိုက်ရတယ်။ အဲဒီကစပြီး ကျွန်တော်လည်း 'မာဂရက်ချွန်'ရတော့တာပဲဆရာ"

"ဩော် . . . ဩော်"

ဗေဒင်ဆရာက စိတ်ဝင်စားဖွယ်ဇာတ်လမ်းကို နှုတ်ဆောင်နေဘိသကဲ့သို့ ခေါင်းတညိတ်ညိတ်ဖြင့် . . .

"ကဲ . . . ဟုတ်ပါပြီလေ၊ ဒါက မောင်ရင် မမျှော်လင့်ဘဲရုတ်တရက်ပိုင်ဆိုင်လိုက်ရတဲ့နာမည်ပေါ့။ တကယ်တော့ လူတစ်ယောက်ဟာ နာမည်ကလည်း အရေးအကြီးဆုံးပဲနော်၊ ကလေးဘဝတုန်းကတော့ ချစ်စနိုးနဲ့လျှောက်မှည့်ကြတာပဲ၊ ခုလိုကြီးလာတဲ့အခါ ကြားရတာမခံ့ညားတော့ဘူးပေါ့ဗျာ၊ ဥပမာ . . . ကြွက်နီဗျာ၊ ကဲ . . . ဒေါက်တာကြွက်နီ၊ ကျောင်းအုပ်ကြီးဆရာဦးကြွက်နီ ဘယ်မှာခံ့ညားလို့လဲ၊ အဲလိုပဲပေါ့ ဗျာ . . . ခင်ဗျားသာ ဆရာဝန်ဆို ဒေါက်တာမာဂရက်ချွန်၊ ကျောင်းအုပ်ကြီး ဖြစ်ခဲ့ရင် ဦးမာဂရက်ချွန်၊ ဗဟိုတရားရုံးချုပ်ရှေ့နေကြီး ဦးမာဂရက်ချွန်ဗျာ၊ ဟင် . . . ဘယ်လိုမှ လမိုင်းမကပ်ဘူးပေါ့၊ ကဲဗျာ . . . နောင်အသက်ကြီးလို့ ဘုရားဒါယကာကြီး၊ ကျောင်းဒါယကာကြီးဖြစ်ဦး နားထဲအဝင်မချောဘူးဗျ ဘုရားဒါယကာကြီး ဦးမာဂရက်ချွန်လို့"

"ကဲ . . . ကဲ . . . ကဲ . . . ဟုတ်ပါပြီဆရာ . . . တရားသူကြီးကြားမှပဲ ကိုယ့်ကိုယ်ကိုယ်အဲဒီလောက်ဆင်းရဲမှန်းသိရတယ်ဆိုတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ထူးချွန်ရမယ်ဆိုတဲ့နိမိတ်နဲ့ပေးတာ 'မာဂရက်ချွန်'တဲ့၊ အဖေက ပြောပါသေးတယ် အဲဒီနာမည်က မိန်းကလေးနာမည်လို့၊ ယောက်ျားလေးတွေ မမှည့်ရဘူးလို့၊ မှည့်ချင်ရင်ရှာပေးမယ် ယောက်ျားလေးနာမည်တွေ အများကြီးရှိတယ်၊ ကြိုက်တာရွေးလို့ပြောတာပဲ၊ ဘာတဲ့ 'ခရစ္စတိုဖာချွန်' တဲ့၊ 'ဆစ်ဒနီချွန်'တဲ့၊ နောက်ပြီး 'လီယိုနာဒိုချွန်'ဆိုတာလည်း ရွေးပေးတာပဲဗျ၊ အမေက မကြိုက်ဘူး၊ မာဂရက်ချွန်မှမာဂရက်ချွန်ပဲ၊ အဖေလည်း အမေ့ကိုရေရှည်ထိပ်တိုက်ရင်မဆိုင်ရဲတော့ လက်နက်ချလိုက်ရတယ်။ အဲဒီကစပြီး ကျွန်တော်လည်း 'မာဂရက်ချွန်'ရတော့တာပဲဆရာ"

"ဪ . . . ဪ"

ပေဒင်ဆရာက စိတ်ဝင်စားဖွယ်ဇာတ်လမ်းကို နှစ်ခြိုက်စွာနားထောင်နေဘိသကဲ့သို့ ခေါင်းတညိတ်ညိတ်ဖြင့် . . .

"ကဲ . . . ဟုတ်ပါပြီလေ၊ ဒါက မောင်ရင် မမျှော်လင့်ဘဲရုတ်တရက်ပိုင်ဆိုင်လိုက်ရတဲ့နာမည်ပေါ့။ တကယ်တော့ လူတစ်ယောက်ဟာ နာမည်ကလည်း အရေးအကြီးဆုံးပဲနော်၊ ကလေးဘဝတုန်းကတော့ ချစ်စနိုးနဲ့လျှောက်မှည့်ကြတာပဲ၊ ခုလိုကြီးလာတဲ့အခါ ကြားရတာမခံ့ညားတော့ဘူးပေါ့ဗျာ၊ ဥပမာ . . . ကြွက်နီဗျာ၊ ကဲ . . . ဒေါက်တာကြွက်နီ၊ ကျောင်းအုပ်ကြီးဆရာဦးကြွက်နီ ဘယ်မှာခံ့ညားလို့လဲ၊ အဲလိုပဲပေါ့ဗျာ . . . ခင်ဗျားသာ ဆရာဝန်ဆို ဒေါက်တာမာဂရက်ချွန်၊ ကျောင်းအုပ်ကြီးဖြစ်ခဲ့ရင် ဦးမာဂရက်ချွန်၊ ဗဟိုတရားရုံးချုပ်ရှေ့နေကြီး ဦးမာဂရက်ချွန်ဗျား ထွန်း . . . ဘယ်လိုမှ လမိုင်းမကပ်ဘူးပေါ့၊ ကဲဗျာ . . . နောင်အသက်ကြီးလို့ ဘုရားဒါယကာကြီး၊ ကျောင်းဒါယကာကြီးဖြစ်ဦး နားထဲအဝင်မချောဘူးဗျ ဘုရားဒါယကာကြီး ဦးမာဂရက်ချွန်လို့"

"ကဲ . . . ကဲ . . . ကဲ . . . ဟုတ်ပါပြီဆရာ . . . တရားသူကြီးပြောမှပဲ ကိုယ့်ကိုယ်ကိုယ်အဲဒီလောက်ဆင်းရဲမှန်းသိရတယ်ဆိုတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါပြီဗျာ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲဗျာ''

ဗေဒင်ဆရာကတော့ ထုံးစံအတိုင်း မေးကိုပွတ်ပြီ . . . နှာခေါင်းကို နှိုက်ပြီ။

''မောင်ရင်က အင်္ဂါနေ့''

မေးချွန်ချွန်ကိုပင့်ထောက်ထားရင်းက လက်ညှိုးလေးကို ထောင်ကာထောင်ကာမေးနေပုံက ရုပ်ရှင်မင်းသားကြီးကောလိပ်ဂျင်နေဝင်းစတိုင်။

''အင်္ဂါဆိုတော့ . . . သောမ၊ ပါပ . . . ပါပဂြိုဟ် . . . အဆိုးဂြိုဟ် ဂြိုဟ်ဆိုးပေါ့၊ ဒါက ပြဿနာမဟုတ်ပါဘူး''

စားပွဲကို ဘောလ်ပင်ဖြင့်တတောက်တောက်ခေါက်ပြန်ပါပြီ။ ပြီးမှ . . .

''ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းတဲ့ . . . မဟာဘုတ်ဆိုတဲ့ ဓာတ်ကြီးလေးပါးအရ ပထဝီက မြေဓာတ်၊ တေဇောက မီးဓာတ်၊ ဝါယောက လေဓာတ်၊ အာပေါက ရေဓာတ်ပေါ့၊ အင်း . . . အင်္ဂါ . . . အင်္ဂါ . . . အင်္ဂါဆိုတော့ သဘာဝသတ္တိအနေနဲ့က လေပြည်လေညင်း။ သူက ဓာတ်ဖိုဆိုတော့ . . . မီး . . . မီးနဲ့မှ ဟုတ်ပြီ . . . မီးနှင့်ကားရေ၊ မြေနှင့်လေ၊ မိတ်ဆွေမစပ်၊ ပဋိယတ်၊ မီးဓာတ်နှင့်ဒလေ၊ ရေနှင့်မြေ၊ မိတ်ဆွေတော်ကြ၊ သဟာယတဲ့ . . .

ဆရာ့နာမည်ကြည့် . . . 'ထွန်းလင်းစိုး' တဲ့။ ထွန်းကားရမယ်၊ လင်းလက်ရမယ်၊ စိုးပိုင်ရမယ်ဆိုတဲ့နိမိတ်၊ ဆရာက 'စနေသား'၊ စနေဆိုတော့ ပါပဂြိုဟ်၊ ဂြိုဟ်ဆိုး၊ဓာတ်က 'မီးဓာတ်'ဟော . . . အင်္ဂါနဲ့ 'စိုး' နဲ့တွဲတယ်၊ အင်္ဂါက 'လေဓာတ်' မီးလောင်ရာလေပင့် အောင်မြင်မှုတွေတဟုန်းဟုန်းပေါ့ . . . ဟား . . . ဟား . . . ဟား . . . အဟွပ် . . . အဟွပ် . . . အဟွပ် . . . ''



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်ခုနစ်ပါးမဟုတ်နိုင်တော့။ ဆရာထွန်းလင်းစိုးဆိုသူကိုပါပင့်ဖိတ်ပြီး 'မသူတော်ရှစ်ပါး'အဖြစ် ပြင်ဆင်သင့်ပေပြီ။ သူကိုယ်တိုင်ရွေးချယ်မှည့်ခေါ်ထားသောနာမည်ကို သူ့ဘာသာသူသဘောကျကာ မလိုအပ်ဘဲတဟားဟားရယ်လိုက်သည်။ သို့သော် ဓာတ်ရင်း၊ဓာတ်ခံချောင်းခြောက်ကပါ ပူးတွဲချန်ပီယံလုပ်လိုလှသမို့ တဟွပ်ဟွပ်နှင့်လိုက်လာသည်။ ပြီးတော့ ထုံးစံအတိုင်း ထိုင်ရာမထလှမ်း 'ထွမ်' လိုက်သည်။

"အဲဒီတော့ မောင်ရင့်နာမည်ကို အင်္ဂါနဲ့စနေ တွဲမှည့်ထားသင့်တယ်၊ ဒါမှ မီးဓာတ်နှင့်လေ၊ ရေနှင့်မြေ၊ မိတ်ဆွေတော်ကြသဟာယဖြစ်မှာကိုး"

"ဆရာ . . . သဟာယတော့ ဖြစ်ပါပြီ၊ ဒါပေမယ့် ကျွန်တော့်ဟောချက်က ခုထိမလာသေးဘူးဆရာ"

"ဪ . . . ဟုတ်ပ . . . ဟုတ်ပ ဆောရီး"

မေးချွန်ချွန်ကိုထပ်ပွတ်ပြီး နှာခေါင်းကိုထပ်နှိုက်ပြန်ပြီ။ ဘောလ်ပင်ဖြင့် တတောက်တောက်ခေါက်ပြန်ပါပြီ။

"ကဲ . . . မောင်ရင် သိချင်တာရှိရင်မေး"

"ဒီလိုပါဆရာ၊ ကျွန်တော်အခုဖြေရမယ့်စာမေးပွဲ . . . "

"အား . . . ဟုတ်ပြီ . . . ခဏ၊ ထင်ပေါ်ကျော်ကြားမယ့်အင်္ဂါသားသည်တဲ့၊ ပညာရေးနဲ့ပတ်သက်လို့ ထင်သလောက်အကျိုးမပေးဘူးတဲ့၊ ကြာသပတေးက ဘင်္ဂအိမ်မှာရှိနေတော့ လမ်းမဆုံးတတ်ဘူးတဲ့၊ ပြီးတော့ 'ဓာတု' နဲ့ 'ဗေဒ' နှစ်ဘာသာအညံ့ရှိတယ်တဲ့ ဂရုစိုက်"

"ဗျာ"

"မောင်ရင်က 'ဓာတု' နဲ့ 'ဗေဒ' နှစ်ဘာသာ အားနည်းတယ် သေသေချာချာဂရုစိုက်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟို ဆရာ . . . ကျွန်တော်အခုဖြေမှာ ရာထူးတိုးစာမေးပွဲခင်ဗျ။ ဘွဲ့ရပြီးတာ ကြာကြာလှပြီပဲ"

ဗေဒင်ဆရာ နှင်ရပြန်ပါပြီ။ ဒီတစ်ခါလည်း ချော်လဲရောထိုင်ရှိုးလေမလား။ အဟမ်း . . . အဟမ်းဖြင့် မလိုအပ်ဘဲချောင်းခတ်နေပြန်သည်။

"ဆရာပြောတာ ဒီလိုပါ၊ ကြာသပတေးက ဘင်္ဂအိမ်မှာနေတော့ ပညာရေးနဲ့ပတ်သက်လို့အကျိုးမပေးခဲ့ဘူးလို့ပြောတာ အဟဲ။

အင်း . . . အခုဖြေမှာက ရာထူးတိုးစာမေးပွဲဆိုတော့ ပထမ၊ ဒုတိယ၊တတိယ . . . . အဲ . . . . တတိယမြောက်နေ့မှာဖြေရမယ့် ဘာသာရပ်က မောင်ရင့်အတွက်အတော်ကြိုးစားပမ်းစားဖြေရမယ့် ဘာသာပဲကွဲ့ . . . ဂရုစိုက်ရမယ်"

မြောက်အမေရိကတိုက်ကို ဦးဆုံးတွေ့ရှိလိုက်သူ ကိုလံဘတ်ပမာ ဂုဏ်ယူဝင့်ကြွားစွာ ပောက်ပစ်လိုက်၏။ သို့သော် . . .

"ဗျာ . . . ကျွန် . . . ကျွန်တော်ဖြေရမှာက နှစ်ရက်တည်းပါ ဆရာ၊ ပထမရက်က ရေးဖြေ . . . ဒုတိယရက်က လူတွေ့စစ်မှာပါ"

ဗေဒင်ဆရာ နှင်ပြီးရင်းနှင်ရလေပြီ။ မျက်နှာကြီးက ခြစားထားသောကျွမ်းစာအုပ်ကြီးကဲ့သို့ မြင်မကောင်းအောင် လှုချက်ပါပေသည်။

"ဆရာပြောချင်တာက ဒါပဲ၊ ပထမရက်၊ ဒုတိယရက်က ကိစ္စတွေကို အလွယ်တကူဖြတ်သန်းနိုင်ခဲ့ပေမယ့် အရေးအကြီးဆုံးက အဲဒီတတိယမြောက်နေ့ပဲမဟုတ်လား၊ အောင်တယ် မအောင်ဘူး တွေ့သင့်တာတွေ့ ကပ်သင့်တာကပ်ရမှာလေ၊ ဒါကို ဆရာသတိပေးချင်တာ ၄ဲ ၄ဲ ၄ဲ ၄ဲ"

ကြွက်ထောင်ချောက်ထဲက ကပ်လွတ်လာသောကြွက်တစ်ကောင်ကဲ့သို့ ထွက်ပေါက်တွေ့သွားပြီမို့ ဗေဒင်ဆရာတ၄ဲ၄ဲရယ်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ကြက်ရင်အုပ်ကလေးတောင် သိမ့်ခနဲ သိမ့်ခနဲ။ ဗေဒင်ဆရာ အယုံသွင်းခံလိုက်ရသဖြင့် မာဂရက်ချွန်ဆိုသောထိုဆရာလည်း ခေါင်း တညိတ်ညိတ်။

"ဆရာတို့က အဲလိုကွဲ့၊ ကဲ . . . မောင်ရင် ဘာသိချင်သေး လဲ၊ သိချင်တာရှိရင်မေး"

ထိုအခါ ခွေးသေကောင်ပုပ်ကို ရှာဖွေတွေ့ရှိသွားသော လင်းတ တစ်ကောင်ပမာ မာဂရက်ချွန်ပျော်ရွှင်သွားလေတော့သည်။ လေသံကို တိုးနှိမ့်ကာ . . .

"ဆရာ မရှိသေးစကားမို့ နားနဲ့မနာ ဖဝါးနဲ့နာပါဆရာ၊ ဒီ . . . ဒီလိုပါ"

စကားကိုမဆက်သေးဘဲ ဘေးဘီဝဲယာကို ခိုးကြောင်ခိုးဝှက် ကြည့်လိုက်သည်။ သူကြီးအိမ်အောက်က တိုက်ကြက်ဖကို လာခိုးသူ၏ ဟန်ပန်မျိုး။

"ကျွန်တော် ဘယ်တော့များ အိမ်ထောင်ကျကိန်းရှိလဲလို့"

အိမ်ထောင်ကျချင်တာများ အဲသည်လောက်ထိ ကြက်ခိုးမုံ ပေါက်ရန်မလိုလောက်ပါ။ ဗေဒင်ဆရာသက်ပြင်းချလိုက်၏။ ပြီး စားပွဲပေါ် မှ တွက်ချက်ပြီးသားစာရွက်ပေါ်သို့ မမိုတ်မသုန်စိုက်ကြည့်လိုက်သည်။

"မောင်ရင့်မှာ ရည်းစားရှိလား"

မာဂရက်ချွန် ခေါင်းယမ်းသည်။

"ဒါဆို အိမ်ကပေးစားမယ့်သူရော . . . "

မာဂရက်ချွန် ခေါင်းဆက်ယမ်းသည်။

"လက်ထပ်ရင်သင့်တော်မယ့်သူရော တွေ့ထားပြီလား"

မာဂရက်ချွန် သုံးကြိမ်မြောက်ယမ်းပါပြီ။

"ဒါဖြင့် သူငယ်ချင်းတွေ အဒေါ်အစ်မတွေ စပ်ပေးမယ့်သူ



www.burmeseclassic.com

www.burmeseclassic.com



ရော့''

လေးကြိမ်မြောက်ပါပြီ။

''နောက်ဆုံးဗျာ ရခိုင်လုံချည်အဟောင်းဝတ်ပြီးဖျာကြမ်းကို ပက်လက်လှန်တက်ထိုင်တာမျိုးဗျာ''

မာဂရက်ချွန်ဆက်ယမ်းဖို့အရှိန်ရနေပြီမို့ ဆက်ယမ်းမည့်ဆဲဆဲ ဗေအင်ဆရာပြောသောစကားကို နားမရှင်းသဖြင့် 'ရီပိအကိမ်း' လုပ်မိသည်။

''ဒီလိုဗျာ . . . ရခိုင်လုံချည်ဆိုတာမျိုးက ချည်ကြိုးရှပ်တယ် ဗျာ၊ ဖျာကြမ်းပက်လက်လှန်ထားတော့ ဝါးအနားသတ်တွေထိုးထိုး ထောင်ထောင်ဗျာ၊ ကဲ . . . အဲဒီပေါ်တက်ထိုင်တော့ မငြိဘဲနေတော့ မလားဗျာ''

ထိုအခါကျမှ မာဂရက်ချွန်ပက်လက်လန်အောင်ရယ်ပါတော့ သည်။ ခြေကာလက်ကာဖြင့် ခေါင်းယမ်း၏။

''အေး . . . ဒီမှာတော့ မမျှော်လင့်ဘဲမြန်းစားကြီးအိမ်ထောင် ကျကိန်းရှိတယ်လို့တွေ့သဗျ''

မာဂရက်ချွန်ခမျာ ဗိုက်နာနေတုန်း ရေအိမ်ရှာတွေ့သွားသလို ဖြစ်သွားရှာသည်။

''ဗျာ . . . တကယ်လားဆရာ''

''ကျုပ်ကတော့ ခင်ဗျားဇာဟာခွင်မှာတွေ့တာဟောတာပဲဗျာ၊ အေး . . . မင်္ဂလာဖိတ်စာတော့ ပို့လိုက်ဦးဗျို့၊ ကျုပ်ကိုယ်တိုင်လာချီး မြှင့်ချင်လို့''

''ဟာ . . . ဆရာရယ် သေချာလို့ကတော့ ဆရာ့ကိုမမေ့မထား ပါဘူး၊ ကျွန်တော်တို့နှစ်ယောက် ကိုယ်တိုင်ကိုယ်ကျကိုလာဖိတ်မှာ''

မာဂရက်ချွန်တစ်ယောက် မလိုအပ်ပါဘဲတဟားဟားရယ်နေ တော့သည်။ ခုမှ အရှုံးဘုံမြောက် ဘာကိုကောက်စားရိုးဘာ့ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



ကိန်းသို့ ဆိုက်ရောက်လေတော့သည်။

"အဲ . . . ဆရာပြောတာ မယုံရင်စောင့်ကြည့်၊ သေချာသွားအောင် ယတြာလေးချေလိုက် ယုံယုံကြည်ကြည်သာလုပ်၊ မဟုတ်ရင် ဆရာ့ဇက်လာဖြတ်လှည့်၊ ဆရာဒီနေရာကနေ ဘယ်မှမရွှေ့ဘူး"

ပြောပြောဆိုဆိုပင် ဗေဒင်ခုံအောက်မှာ ပုံထပ်ထားသောစာရွက်ပုံထဲမှတစ်ရွက်ကိုယူပြီး မာဂရက်ချွန်ထံထိုးပေးလိုက်သည်။ မာဂရက်ချွန်ကတော့ အလုပ်ခန့်အပ်လွှာရောက်လာသည့်အလား အူယားဖားယား ဆွဲယူပြီး နဖူးပေါ်တစ်ချက်ကပ်ကာ နူတ်ခမ်းဖြင့်တစ်ချက်အပ်လိုက်ပါလေသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

အား . . .

**ယကြာ**နော်

ချက်ကရား ချေစရာမလိုဘူး၊
ပိုက်ဆံနော် . . .
ဆားရား ပြန်ပေးတယ်နော်
ရပြီ . . .

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၃)

"ချက်ဖောင်းရေ ဟေ့ . . . ချက်ဖောင်း လာပါဦးကွ၊ ဆရာ့ကို လက်ဖက်ရည်ဝယ်ပေးပါဦး . . . ကျဆိမ့်လို့ လန်ဒန်လည်းနှစ်လိပ်ယူခဲ့၊ ပိုတာ မင်းမုန့်ဖိုးယူလိုက်"

မင်္ဂလာနံနက်ခင်းပေမို့ မင်္ဂလာလက်ဖက်ရည်များပင် သောက်ရပေဦးမည်။ မနက်ခင်းလေးမှာပင် အင်္ဂါသားသမီးနှစ်ယောက်ကြောင့် ဗေဒင်ဆရာတို့ အချိုတည်းမည်၊ ဆေးခဲမည်။ နည်းနည်းလည်း အာခြောက်သွားပြီ၊ ဆိုင်ကိုပစ်ပြီးလက်ဖက်ရည်ဆိုင်သွားမထိုင်ချင်။ တော်ကြာ ဗေဒင်လာမေးသူများ၊ ယတြာလာချေသူများရောက်လာပါက လွတ်သွားမှာစိုးရသည်။

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ဘေးနားမှာခိုစာရောင်းနေသည့်မကျောင်စန်း၏ သားလေးချက်ဖောင်းကို လက်ဖက်ရည်ပါဆယ်ဝယ်ခိုင်းရသည်။ မနက်ခင်းအနားယူမှုအဖြစ် လက်ဖက်ရည်နှင့်လန်ဒန်ကိုသုံးဆောင်ရင်း 'ရတနာပုံ' သီချင်းလေးကို လေချွန်ဖြစ်မည်ထင်သည်။

ရတနာပုံ သွန်းဖြိုးလို့ ××××

ရွှေမိုးတွေက ဝေဖြာအစုံစုံ ××××

သုံးမကုန် ဖြုန်းမကုန် ××××

ခရေပင်အရိပ်အောက်၌ ပက်လက်ကုလားထိုင်ကလေးတစ်လုံး ချပြီး လက်ဖက်ရည်လေးငုံလိုက်၊ လန်ဒန်လေးခဲလိုက်ရလျှင် နတ်စည်းစိမ်ဆယ်သက် တကယ်မက်မိမည်မဟုတ်ချေ။

သို့ကြောင့် ပါရှင်းကဗျာဆရာကြီး 'အိုမာခိုင်ယမ်' က ကဗျာလေးတစ်ပုဒ် စပ်ဆိုခဲ့တာကိုး . . . ဘာတဲ့ . . . ။

ပေါင်မုန့်တစ်ချပ်

ဝိုင်တစ်ခွက်ရယ်

ချစ်သက်လျှာနဲ့

စာအုပ်တစ်အုပ်ရယ်

အရိပ်အောက်မှာနေရရင် 'နိဗ္ဗာန်'ကိုပင် မလိုချင် . . . တဲ့။

ပ◌ာတ်ရဲ့ . . . အရိပ်ကောင်းကောင်းအောက်မှာ ဖတ်ချင်တဲ့ စာအုပ်ကလေးတစ်အုပ်ရယ်၊ ပေါင်မုန့်ကလေးကတစ်ချပ်၊ ဝိုင်ကလေး တစ်ခွက်၊ ချစ်သူက အနားမှာရှိနေမှတော့ ဘယ်တခြားဆန္ဒတွေလိုတော့ မှာလဲ ပြည့်စုံပြီပေါ့။

စာအုပ်ကလေးဖတ်ကောင်းနေချိန် ချစ်သူက ပေါင်မုန့်ကလေး ကိုဖွဲ့၊ ဝိုင်ကလေးကို ငှဲ့ . . . ငှဲ့ . . .

"ကိုတုတ်"



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းကျောင်းတောင် မိုးကြိုးပစ်ခံရပြီထင်သည်။ ထွန်းလင်းစိုး၏နိဗ္ဗာန်ဘုံကလေးပျက်သွားပြီ။

"တော်ကတော့ အချိုရည်လေးတည်းလိုက်၊ စီးကရက်လေးခဲလိုက်၊ ဒူးကလေးနန့်လိုက်နဲ့ ဇိမ်ကျနေသပေါ့လေ . . . ဟင်"

နိဗ္ဗာန်ဘုံကလေးကိုဖျက်ဆီးလာသူကား အခြားသူဟုတ်ပါရဲ့လား။ 'ကိုတုတ်ကတော်' (သို့မဟုတ်) 'မဒမ်ထွန်းလင်းစိုး'ပါပေတည်း။

"ဟာ . . . မချစ်စု၊ အကြောင်းမကြား ဘာမကြားနဲ့ ဘယ် . . ဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ"

ဖေဒင်ဆရာခမျာ လက်ဖက်ရည်လေးတစ်ခွက်မှာ အဆိပ်ခွက်ဖြစ်ရပြီ။ လန်ဒန်လေးနှစ်လိပ်မှာလည်း ဖိုကျင်ထိုးမည့်တံစို့ချောင်းတို့ ဖြစ်ရရှာလေပြီ။

"ဘာအကြောင်းကြားရဦးမှာလဲ . . . ဆန်အိုးထဲမှာ ဆန်မရှိတာ တော်အသိ၊ အကြီးမ ကျောင်းဝင်ကြေး မပေးရသေးတာ တော်အသိ၊ ကျုပ်တို့က နံ့ဖိနပ်စုတ်ရေစိမ်ပြီးကိုက်နေရမှာလား၊ တော်ကတော့ ဒီမှာ မိန့်လို့ . . . ဟွန်း"

မယ်ကုဝဏ်ဘီလူးမကြီး ဆောင့်ကြောင့်ထိုင်နေတာကိုပဲ မြင်ဖူးကြပေလိမ့်မည်။ အခုလို ခါးထောက်ပြီးရန်တွေ့တာမျိုးတော့ မြင်ဖူးသူရှားလတ္တံ့။

"တိုးတိုး တိုးတိုးလုပ်ပါကွာ၊ မင်းဟာ အော်ကြီးဟစ်ကျယ်နဲ့ ဒီမှာ လမ်းသွားလမ်းလာတွေနဲ့ကွ"

"ဘာဖြစ်တုံး . . . ကိုယ့်ယောက်ျားကိုယ် စကားပြောတာ၊ ဘယ်သူကဘာပြောမှာတုံး၊ ဘယ်ကောင် ဘယ်ကောင်မကိုများ ဂရုစိုက်နေရဦးမှာလဲ"

ဖြတ်သွားသောလူတချို့ လှည့်ကြည့်လှည့်ကြည့်လုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်စားရင်း ချစ်တင်းနှောလာကြသောစုံတွဲတစ်တွဲကတော့ မချစ်စု၏ စကားကြောင့် မျက်မှောင်တစ်ချက်ကြုတ်သွားသည်။ 'ဒီကောင် ဒီကောင်မ တို့ကလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး'ဆိုသည့်သဘော။ သို့သော် ဤစကားကိုဂရုစိုက်သူတစ်ဦးတော့ရှိသည်။ သူကား ခိုစာရောင်းသော မကျောင်စန်းပေတည်း။ မကျောင်စန်းပစ်လွှတ်လိုက်သော မျက်စောင်းကို မချစ်စုတို့ မြင်ဖြစ်အောင်မြင်လိုက်သည်။

"မချစ်စုရာ . . . မင်းဟာက အနှောင့်မလွတ် အသွားမလွတ် စကားကို အဲလိုလက်လွှတ်စပယ် လျှောက်မပြောပါနဲ့ကွ"

"ဘာလဲ . . . တော်က တော့်ကောင်မထိတော့ နာတယ်ပေါ့ ဟုတ်လား"

ဤတွင် ယမ်းပုံပေါ်သို့ဆေးလိပ်တိုပစ်ချသူကြောင့် အမှိုက်က စ၍ ပြဿဒ်ကိုပါမီးစွဲချေပြီ။

"ဒီမှာ မချစ်စု ရှင်စကားပြောတာကြည့်ပြော၊ ကျောင်စန်းတို့က 'မုခိုးမ'ပေမယ့် ကောင်းရောင်းကောင်းဝယ်လုပ်စားနေတာ၊ သူများ ယောကျ်ားကို ကြောင်တောင်နိူက်နေတဲ့ကောင်မ မဟုတ်ဘူး နားလည် လား"

"အောင်မာ . . . ကောင်မ ကြည့်စမ်း . . . ကြည့်စမ်း . . . သူ့လင်ဘက်က နာနေသေး ဟွန်း"

"မချစ်စု မင်းတော်ရင်ကောင်းလိမ့်မယ် . . . ဟွန့်"

မချစ်စုကို ဝင်ထိန်းသောဗေဒင်ဆရာခမျာ သူ့ခန္ဓာကိုယ်ထက် သုံးဆခန့်ကြီးမားသောမချစ်စုက အားဖြင့်တွန်းလွှတ်လိုက်ရာ မြေသို့ ဖုတ်ခနဲပြုတ်ကျရှာလေသည်။

"ချစ်စုတို့က မျက်လုံးနဲ့အရှင်လတ်လတ်မတွေ့ရသေးလို့ ဟွန်း . . . တွေ့များတွေ့ရလို့ကတော့ နှစ်ယောက်စလုံး နေရာတင်



www.burmeseclassic.com

www.burmeseclassic.com



ဘာဘီကျူးဖြစ်သွားမယ် နားလည်လား''

''ကြိုက်တယ် ... ကျင်စန်းတို့က ဒါမျိုးကြိုက်တာ၊ သစ္စာဆို လိုက်ဦးမယ်၊ နေရာမှာတင် မြေမျိုကြေးတောင်လောင်းလိုက်ချင်သေး''

''တော်ကြပါတော့ဟာ ... ကဲ ... ကဲ ... မကျင်စန်းလည်း တော်ပါတော့နော် ... ဘာမှလည်းမဟုတ်ဘဲနဲ့၊ လူကြားလို့မကောင်း ကဲ ... ကဲ ... ရော့ရော့ ... မချစ်စု ပြန်တော့ ... ရော့ ... ရော့''

မချစ်စုလည်း သူ့ယောက်ျားပေးလာသော 'ဖွတ်ကလီဒဂါး' များကိုဆောင့်ဆွဲယူလိုက်ရင်း မကျင်စန်းအားမျက်စောင်းတစ်ချက်ခဲ လိုက်၏။

''တော်၊ မနက်ဖြန်ကစပြီး တခြားနေရာရွှေ့တော့၊ မရွှေ့ ရင်တော့ တော်နဲ့ကျုပ်နဲ့တွေ့မယ်၊ ပြီးမှ ချစ်စုကိုအဆိုးမဆိုနဲ့၊ မုန့်သာ ဝေစားမယ် ယောက်ျားကိုတော့ ဝေမစား ... အဲ ... အဲ ဝေမချစ်နိုင် ဘူး ... ကြားလား''

''အေး ... အေးပါဟာ စိတ်ချ''

''ကျုပ်က ဗေဒင်ဆရာထွန်းလင်းစိုးဖြစ်လာမှ ကြိုက်တာ မဟုတ်ဘူး၊ ရွာမှာ အလုပ်မရှိအကိုင်မရှိ ရွာရိုးကိုးပေါက်လျှောက်သွား နေတဲ့မောင်တုတ်ဘဝကတည်းက ကြိုက်ခဲ့တာ၊ ချစ်စုသစ္စာမပျက်ဘူး ဒေါင်းယာဉ်ပျံဟိုနံဘေးမှာ စာရေးလို့ပြလိုက်စမ်းမယ် ... ။

ကိုတုတ် ... ကိုတုတ် ... တော့်ဟာ ဒါအကုန်ပဲလား ... ပြစမ်း''

မချစ်စုက ပြောပြောဆိုဆိုဗေဒင်ဆရာ့တိုက်ပုံအကျီအိတ်ရှိသမျှ အကုန်နှိုက်လေသည်။

''ကိုတုတ် ... ဒါ ... ဒါက ဘာလို့ချန်ထားတာတုံး ဘယ် မယားငယ်ကိုများ တော်ကပေးဦးမလို့လဲဟင် ... ပြောစမ်း''



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟို . . . နေ့ခင်းကျ . . . တစ်ခုခုစားရဦးမယ်လေ တား ပြန်ရင်လည်း ဘတ်စ်ကားခ . . ."

"တော့်ဘတ်စ်ကားခက တစ်ရာဆိုရတယ် . . . ရော့"

ဗေဒင်ဆရာခမျာ 'ကားခတစ်ရာနှင့် မယားအလုကညာထား ခဲ့သည်'ကြောင့်၊ နွားကျကာအဖြစ်ဆိုးသည်မို့ 'ဝမ့်ဘိုး'အော်ကာ ငိုးသွား သူချစ်မယားကိုလ၊ ဓားနှင့်သာ နုပ်နုပ်စဉ်းပါလို့၊ ကျုပ်ချစ်ခြင်းကိုတဲ့ ပြလိုက်ချင်သည်'ဟူသောပုံစံမျိုးဖြင့် မင်္ဂလာမဲ့ကာကျန်ခဲ့ပါလေပြီ။

ပေါင်မုန့်တစ်ချပ်လည်း အသုံးမဝင်တော့။ ဗိုင်တစ်ခွက်သည် လည်း အသုံးမတည့်ရှာတော့ပြီ။ နေနိုင်သူ 'ဒိုမာခိုင်ယမ်' ကြီးကိုသာ ပြေးပြေးပြီးဝပ်ကိုက်ချင်ပါလေတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



(၄)

"ကောင်းကင်ပြာကို ဘယ်သူများ ဆေးရောင်ခြယ် . . ."

သီချင်းအတိုင်းပင် ကောင်းကင်ကို မည်သူအပြာရောင်သုတ်သွားလေသည်မသိ၊ ပြာအိလို့နေသည်။ တိမ်ဆိုလို့ ကြက်တစ်ဝပ် စာမပြောနှင့် အပ်တစ်ထောက်စာမျှပင်မရှိ။

ပြောချင်တာကတော့ ရာသီဥတု ကြည်လင်တယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စာဖွဲ့မှလှမည်ထင်၍စာဖွဲ့ကြည့်ခြင်းပင်။ အခုလို ရာသီဥတုသာယာကြည်လင်သောနေ့မှာပင် မြတ်စွာဘုရားအား ရေသပ္ပာယ်ရန် ဆူးလေဘုရားပေါ်သို့ မာဂရက်ချွန်တက်လာခဲ့သည်။ ရွှေတိဂုံထိသွားရအောင်ကလည်း လမ်းမသင့်။ ရေးဖြေစာမေးပွဲက နေ့လယ်နှစ်နာရီ။ မြို့လယ်ရှိ ရုံးခွဲမှာပင်ဖြေရမည်မို့ နီးရာဘုရားတွင်သာ ရေသပ္ပာယ်ဖို့ဆုံးဖြတ်လိုက်သည်။

ဘုရားမြောက်မုခ်မှ လှေကားများအတိုင်းတက်လာပြီး ဖိနပ်ကို ချွတ်ကာ ခါးကြားထိုးလိုက်သည်။ မိမိ၏မွေးနံဂြိုဟ်တိုင်မှာ ရေသပ္ပာယ် ရမည်မို့ အင်္ဂါထောင့်ကိုရှာရသည်။ ထိုစဉ် အင်္ဂါဂြိုဟ်ဘုရားဆင်းတု တော်အား ရေသပ္ပာယ်နေသော ခင်ဖုန်းဆင့်ကိုတွေ့လိုက်၏။ သို့သော် ဗေဒင်ဆရာ့ခုံမှထသွားသောမိန်းမလှလေးမှန်းသူမမှတ်မိ။ ဗေဒင်ဆရာ ဟောလိုက်သောဟောချက်ကိုသဘောအကျကြီးကျပြီး စိတ်ကူးယဉ် ကြည့်ခြင်းဖြင့် လှမ်းငမ်းလိုက်လေတော့သည်။

"မမျှော်လင့်ဘဲ ပြုန်းစားကြီး အိမ်ထောင်ကျကိန်းရှိတယ်"တဲ့။ ခင်ဖုန်းဆင့်က ရေသက်စေ့ပူဇော်သပ္ပာယ်ပြီးတော့မှ မာဂရက်ချွန်လည်း ရေသက်စေ့ပူဇော်သပ္ပာယ်လိုက်သည်။

"ဩော် . . . ဒီ . . . ဒီက အစ်ကို့ကိုတစ်ခုအကူအညီ တောင်းပါရစေ"

သာယာကြည်နူးဖွယ်ကောင်းသောစေတီ၏ဆည်းလည်းသံ လေးများပင် မှိန်ပြယ်သွားလောက်အောင် သူကလေး၏စကားသံလေးက ချိုသာကြည်နူးဖွယ်။

"ရ . . . ရပါတယ်ညီမရယ်၊ ဘာ . . . ဘာများပါလိမ့်"

"ဩော် . . . တခြားမဟုတ်ပါဘူး၊ ကျွန်မ . . . ကျွန်မ အစ်ကို့ကို ရေတစ်ခွက်လောက်တိုက်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ ညီမရယ်၊ ရပါတယ်ကွ . . . ပေး . . . ပေး"

ခင်ဖုန်းဆင့်က အသင့်ယူလာသောရေသန့်ဘူးလေးကိုဖွင့်ကာ စတီးခွက်ကလေးထဲ ငှဲ့ပေးလိုက်ပြီး မာဂရက်ချွန်ထံကမ်းလိုက်သည်။ မာဂရက်ချွန်ကလည်း သဲကန္တာရအလယ်မှာ တစ်လခန့်ရေဆာနေသူပမာ အငမ်းမရပင် နှစ်ခွက်ဆင့်သောက်ပစ်လိုက်လေသည်။

"ကျေးဇူးပါပဲအစ်ကို"

မာဂရက်ချွန်ပြုံးပြီး ခေါင်းညိတ်ပြလိုက်၏။

"ဩော် . . . နေ . . . နေပါဦး ညီမ၊ ဟို . . . အစ်ကိုလည်း ညီမကို အကူအညီတောင်းချင်သေးလို့"

ခင်ဖုန်းဆင့် မျက်လုံးလေးဝိုင်းသွားသည်။ ဘာများပါလိမ့်ဆိုသည့်သဘော။

"ဩော် . . . တခြားမဟုတ်ပါဘူး။ အစ်ကို့ဆီက ရေလေးနှစ်ခွက်လောက် သောက်ပေးပါဦးလို့"

ခင်ဖုန်းဆင့် ပြုံးလိုက်သည်။ မာဂရက်ချွန်လည်း ခါးကြားမှာ ထိုးထားသောရေသန့်ဘူးလေးကိုဆွဲထုတ်လိုက်ပြီး ခင်ဖုန်းဆင့်ထံမှ စတီးခွက်ကလေးငှားကာ ရေနှစ်ခွက်ဆင့်ခပ်ပေးလိုက်သည်။ ခင်ဖုန်းဆင့်ကလည်း သမားတော်ကြီးတစ်ဦးဖော်စပ်ပေးလာသော (၉၆)ပါးသော ရောဂါပျောက်ဆေးကြီးကိုသောက်နေရသည့်အလား မြိန်ရေရှက်ရေ မော့သောက်ပစ်လိုက်၏။ ထိုစဉ် . . .

"ကွယ် . . . သမီးတို့ သားတို့တွေ့တာ အတော်ပဲ၊ ကျေးဇူးပြုပြီး အန်တီ့ဆီက သောက်ရေလေးတစ်ခွက်စီလောက် သောက်ပေးကြပါဦးကွယ်"

"ရှင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒီလိုပါကွယ်၊ အန်တီ့ကို ဘုရားမှာရေသပ္ပာယ်ပြီးရင် နီးရာလူကိုရေနစ်ခွက်ကူသိလ်လုပ်ရမယ်လို့ ဗေဒင်ဆရာက ယတြာချေခိုင်းထားလို့ပါကွယ် . . . နော်"

ခင်ဖုန်းဆင့်နှင့်မာဂရက်ခွန်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အန်တီဝဝကြီးတစ်ယောက်ကမ်းလာသော ရေတစ်ခွက်စီကို ကြိတ်မှိတ်သောက်လိုက်ရပေတော့သည်။

## ယတြာ - ၁

*မိမိမွေးနံ့ထောင့်ရှိ ဘုရားကို သက်ရေရေသပ္ပာယ်၍ နီးရာလူတစ်ဦးဦးအား သောက်ရေနစ်ခွက် ကုသိုလ်ပြုပါ။*

* * * * *

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com

ဪ . . . .

ဒီလိုပါကွယ်


အနှ်တို့ကို

ဘုရားမှာ ရေသပ္ပာယ်ပြီးရင်

နီးရာလူကို . . .

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



(၄)

"သပ္ပုရိသန္တယ်ဝင် သူတော်စင် အပေါင်းတို့ခင်ဗျား . . . ကျွန်ုပ်တော်အဂ္ဂါသား မောင်မာဂရက်ချွန် မုန့်ဟင်းခါးစတုဒီသာ ကျွေးနေပါတယ်၊ လှည်းနေလှေအောင်း မြင်းဖောင်းမကျန် လူလက်တို့၊ ခွေးအို့အို့ အိမ်ဆူးဆို့ပြီး လာရောက်အားပေးချီးမြှင့် ကြပါခင်ဗျား"

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်က . . . ကျူပ်က ညှပ်စားနေကျနော်"

"အန်တီ . . . အရည်နည်းနည်းလောက်၊ ငှက်ပျောအူနဲ့ ကြက်သွန်ဥရှိရင် နည်းနည်းထည့်"

"အစ်မ ဟိုဘက်က ဇရှတ်သီးခွက်လေး လှမ်းလိုက်စမ်းပါ"

"အစ်ကိုလေး . . . ပဲကြော်နဲ့တစ်ပွဲ . . . နံနံပင်မထည့်နဲ့"

ကြားရသည့်အတိုင်းပါပဲခင်ဗျာ . . . နံနက်ချိန်ခါတေးသံသာ မဟုတ်ပါ။ ရန်ကုန်မြို့၏တစ်ခုသောမနက်ခင်းမှာဖြင့် မြောင်းမြမုန့်ဟင်းခါး ဆိုင်မှာ အချိန်ပိုင်းအပြတ်ဝယ်ပြီး စတုဒိသာကျွေးနေခြင်းပဲဖြစ်ပါသည်။

စားနေကျဖောက်သည်များ၊ လမ်းကြုံလို့ဝင်အားပေးသူများ၊ သတင်းကြားလို့လာရောက်ချီးမြှင့်ကြသူများနှင့် ကြိတ်ကြိတ်တိုးစည်ကား နေတော့သည်။

"လာကြပါခင်ဗျာ ကြွကြပါ၊ ကျွန်တော်မောင်မာဂရက်ချွန် ကုသိုလ်လုပ်နေတာပါခင်ဗျ၊ စားကြပါခင်ဗျ . . . အားမနာပါနဲ့ . . . ထိုင် . . . ထိုင် . . . "

"သာဓုကွယ် . . . သာဓု . . . သာဓု . . . မောင်မင်းကြီးသား ကျန်းမာပါစေ . . . ချမ်းသာပါစေတော်၊ ဘယ်ဘက်က တစ်ဆုပ်ကဲ့ လို့ ညာဘက်က တစ်လှည်းဝင်ပါစေတော်"

"ကျေးဇူးပဲအစ်ကို လိုရာဆန္ဒပြည့်ပါစေဗျာ၊ မိန်းမချောချော လှလှလေးရပါစေဗျာ . . . ဟဲ . . . ဟဲ"

မောင်မာဂရက်ချွန်တို့ ဝယ်သူ့သဘောကျအောင်သွားဖြဲပြ ရသည့်နှုတ်တစ်ကောင်ပမာ 'တဟဲဟဲ' နှင့်။ သူ့မျက်လုံးညည်းခံပွဲမှာ လိုက် ညည်းခံနေသည်လို့များ ထင်နေရော့လားမသိ။

"ဒေါ်မိုး ရှင်ဘယ်လိုလုပ်လိုက်တာလဲ၊ သမုဒ္ဒရာပင်လယ် ရေကို တစ်ယောက်တည်းသောက်လို့မကုန်တာမှန်ပေမယ့် ခုလို သီး



www.burmeseclassic.com

www.burmeseclassic.com



တိုက်တာတော့ ဘယ်ကောင်းပါ့မလဲ''

''ဒီမှာ မအေး၊ မကျေနပ်လည်း လဲသေ . . . ငါ့ဘာသီးစားမှ တိုက်နေတာမဟုတ်ဘူး . . . မြင်တဲ့အတိုင်းပဲ''

''ရှင်တို့ဒီလိုလုပ်တော့ ကျုပ်တို့တစ်ပွဲမှမရောင်းရတော့ဘူး။ ကျုပ်ဖောက်သည်တွေတောင် ရှင်တို့ဆီရောက်ကုန်ပြီလေ''

''ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း . . . မအေးက လူတွေရဲ့စိတ်ကို ဒီအရွယ်ထိနားမလည်သေးဘူးကိုး၊ မှတ်ထား . . . လူဆိုတာ ကုန်ချင်းတူရင်ဈေးနည်းတာကိုယူတယ်၊ အလကားနီးပါး ဈေးချိုရင် အဲဒီပစ္စည်းပဲယူတယ်၊ ခုလို အလကားရမှတော့ ပါးဖြဲနားဖြဲ စားပြီပေါ့အေ့''

စတုဒိသာအားပေးနေကြကုန်သော သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်း 'နင်' ကုန်ကြတော့သည်။ စားလက်စသွားတို့ ရပ်ကုန်သည်။ ဝါးလက်စပါးစပ်တို့ ရပ်ကုန်သည်။ ခပ်လက်စဇွန်းတို့ ရပ်ကုန်သည်။ ညီညာသောမျက်စောင်းတို့က ဒေါ်မိုးဦးစုဆုံကုန်ကြ၏။ ဒေါ်မိုး မျက်စိပျက် မျက်နှာပျက်သွားသည်။

''ဟာ . . . အန်တီကလည်းဗျာ၊ ကျွန်တော်ကသိုလ်လုပ်နေတာလေဗျာ၊ အဲလို ပါရမီလာဖြည့်ကြတဲ့သူတွေကို အားနာစရာကြီး''

''ဩော် . . . ဟော် . . . ဟို . . . ကျွန်မ . . . ကျွန်မ အဲဒီလိုသဘောနဲ့ ပြောတာမဟုတ်ပါဘူးနော် စိတ်မဆိုးကြပါနဲ့၊ ဟိုကောင်မတို့ စကားနိုင်လုချင်တာနဲ့ မှားသွားတာ . . . စားကြ . . . စားကြ . . . အဟဲ''

''ဒီမှာ ဒေါ်မိုး . . . ရှင်လူကြီးလုပ်ပြီး လူကြီးစကားပြောမီးပွားပျက်အောင်လည်း အပြုတ်တိုက်သေး . . . ဘာစကားနိုင်လုချင်ရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ချင်းကပ်လျက် ဖျာပုံမုန့်ဟင်းခါးဆိုင်တော့ ဒီမနက် ငုတ်တုတ်မေ့ရပါပြီ။ ဘေးချင်းကပ်ပြီး အလကားကျွေးနေမှတော့ မအေးတို့ ပန်းကန်ဆေးစရာတောင်မလိုတော့ပေ။

"အစ်မ . . . အစ်မ . . . ကျွန်တော်ရှိခိုးပြီးတောင်းပန်ပါတယ်ဗျာ၊ အစ်မစီးပွားပျက်အောင်လုပ်တာမဟုတ်ပါဘူး။ ဒီနေ့ တစ်မနက်ခင်းလေးပဲ ကုသိုလ်လုပ်တာပါ"

"အေး . . . ကုသိုလ်ရေးမို့ အသာကြည့်နေတာ၊ နို့မို့လို့ကဖြင့် မိအေးတို့ပွဲကြမ်းပြီးပြီ"

အခြေအနေကတော့ သံခင်းတမန်ခင်းပျက်စရာပါပေ။ သူတို့ဘာသာသူတို့အေးအေးလူလူရောင်းလာကြသည့်ဆိုင်နှစ်ဆိုင်တော့ မာဂရက်ချွန် စတုဒိသာလုပ်မှပဲ စစ်ကြေညာတော့မည်ထင်သည်။ ထိုစဉ် . . .

"လာ . . . ညီမ . . . မုန့်လာစားတာလား၊ ထိုင် . . . ထိုင် . . . လုပ် . . . ဘာနဲ့စားမှာလဲ၊ ပဲကြော်လား ငါးဖယ်ကြော်နဲ့လား"

"ရှင်"

"လာပါ ထိုင်ပါဦး၊ အန်တီ ဒီမှာတစ်ပွဲ"

"ဟို . . . ဟို . . . ကျွန်မ . . . ကျွန်မ မုန့်လာစားတာမဟုတ်ပါဘူး။ မုန့် . . . မုန့်ဟင်းခါး ပွဲပြုတ်လာယူတာ"

"ယူပါ . . . ယူစရာရှိတာ နောက်မှယူ . . . အရင်စားပါဦး"

"မစားတော့ဘူး အချိန်သိပ်မရလို့၊ မုန့် . . . မုန့်ဟင်းခါးက"

"မုန့်ဟင်းခါးက ဘာလုပ်မလို့လဲ၊ ညှော်သည်တွေ ရောက်နေလို့လား"

"အာ . . . မဟုတ်ပါဘူး၊ ဟို . . . ယတြာ . . . ယတြာချေမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခင်ဖုန်းဆင့်လည်း မုန့်ဟင်းခါးကျွေးအလှူလုပ်ရန်လာခဲ့သည်ကိုး။ တစ်နေ့က ဆူးလေဘုရားပေါ်မှာ ရေနုစ်ခွက်စီအပြန်အလှန်တိုက်ကြသည်မို့ တစ်ဦးကိုတစ်ဦးကောင်းကောင်းကြီးမှတ်မိနေကြသည်။

"ဒါ . . . ဒါ အစ်ကိုတို့ဆိုင်လား"

"ဟာ . . . မဟုတ်ပါဘူး၊ ကျွန် . . . ကျွန်တော် စတုဒိသာကျွေးနေတာ"

"ဩော် . . . ကျွန်မလည်း မုန့်ဟင်းခါးအလှူလုပ်ချင်လို့အဲဒါ"

"ဘယ်နှပွဲစာလဲ"

"အဲ . . . အဲလိုမဟုတ်ပါဘူး၊ မနက်ခင်းအချိန်ပိုင်းနဲ့ပေါ့"

"ဒါဆို ဒီလိုလုပ်၊ ဒီဘက်ဆိုင်ကို အပြတ်ဝယ်ပြီးကျွေး၊ ဒီဆိုင်ကတော့ ကျွန်တော်ယူထားလို့"

"အဲလို ဖြစ် . . . ဖြစ်ရဲ့လား"

"ဖြစ်တယ် . . . လာ . . .၊ အစ်မ . . . အစ်မ . . . ဒီညီမကလည်း မုန့်ဟင်းခါးစတုဒိသာကျွေးချင်လို့တဲ့၊ အဲဒါ အစ်မသင့်တော်တဲ့ဈေးဖြတ်ပြီး ရောင်းပေးပါလား၊ သူ့မနာကိုယ်မနာပေါ့"

မာဂရက်ချွန်ကပွဲစားလုပ်ပြီး မုန့်ဟင်းခါးစတုဒိသာကျွေးမွေးရေးအစီအစဉ်ကို စီစဉ်ပေးနေတော့သည်။

"အား . . . ရတယ်ညီမ . . . လာလာ . . . အစ်မ . . . အစ်မကြည့်ယူပါ့မယ်၊ ကဲ . . . ကဲ . . . ကဲ . . . မုန့်ဟင်းခါး အလကားစားရတာချင်းအတူတူ ဖျာပုံမုန့်ဟင်းခါးမှစားချင်ကြရင်ဖြင့် ဒီဘက်ကိုကြွပါရှင် . . . ဒီဆိုင်ကလည်း မုန့်ဟင်းခါးစတုဒိသာကျွေးနေပါပြီ"

"ဟော့ဒီမှာ . . . မုန့်ဟင်းခါးတစ်ပွဲ ပဲကြော်နဲ့စားတာ . . .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်လဲ"

နှစ်ပြည်ထောင် မငြိမ်းချမ်းသေးပါဘူးဆိုနေမှကြားက ကစ်ဆင်ရာကြီးတစ်ယောက် ထ,ဖောက်ပြီ။

"ဟာ . . . ဦးလေး . . . နေ . . . နေပါစေခင်ဗျ . . . ကျွန်တော်ကုသိုလ်လုပ်တာပါခင်ဗျ . . . နော်"

"ဟေ့ကောင် . . . ငါ့ကိုများ ပွဲတကာလှည့်စားနေတဲ့ကောင်မှတ်နေလား။ တန်ရာတန်ကြေးပေးစားနေတာကွ နားလည်လား"

ထိုဆရာကြီးကရှူးရှူးရှဲရှဲဖြစ်လာပြီး အိတ်ထဲကပိုက်ဆံကိုဇွတ်နှိုက်နေလေသည်။

"ဦးလေး . . . ဦးလေး . . . တစ်မျိုးမထင်ပါနဲ့ဗျာ၊ ကျွန်တော် . . . ကျွန်တော်ကုသိုလ်ယူနေတာမို့ပါ၊ ဦးလေးပိုက်ဆံတစ်ပြားမှမပေးပါနဲ့နော်"

"ဟေ့ကောင် . . . ငါမုန့်ဟင်းခါးလာစားတာကွ . . . အလှူအိမ်လာတာမဟုတ်ဘူး။ အကြော်နဲ့တစ်ပွဲ ဘယ်လောက်ကျလဲ"

မာဂရက်ချွန်အတွက် ဖြေရှင်းရခက်သော ပုစ္ဆာတစ်ပုဒ်ပါပေ။ အဖြေမထွက်သည့်အဆုံး ခေါင်းကိုသာတဗျင်းဗျင်းကုတ်မိလေတော့သည်။

"ဦးလေး . . . ကျွန်တော်အမှန်အတိုင်းပြောပါ့မယ်၊ ဒီနေ့ဒီအချိန်အပိုင်းအခြားအတွင်းမှာ လူအများကိုမုန့်ဟင်းခါးစတုဒိသာကျွေးရမယ်ဆိုလို့ ကျွေးတာပါ၊ ဦးလေးပိုက်ဆံပေးလိုက်ရင် ကျွန်တော့်ယတြာပျက်ပြီပေါ့ဗျာ၊ ဒါ . . . ဒါကြောင့် . . . ကျွန်တော့်ယတြာလေးအောင်သွားအောင် ဦးလေးပိုက်ဆံလေး ပြန်ယူထားလိုက်ပါနော်"

"ဟ . . . မင်းတို့ယတြာအထမြောက်အောင် ငါ့ပိုက်ဆံကိုမယူဘူးပေါ့ ဟုတ်လား။ ဒီမယ် . . . ငါကလည်း ဒီနေ့ ဒီအချိန်အပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အခြားအတွင်းမှာ မုန့်ဟင်းခါးတစ်ပွဲဝယ်စားပါ . . . လိုရာဆန္ဒပြည့်ပါလိမ့်မယ်ဆိုလို့ ယတြာလာချေတာ၊ မင်းတို့ပိုက်ဆံမယူမှတော့ ငါ့ယတြာလည်း ပျက်ပြီပေါ့ကွ . . . ဟော”

“ဗျာ”

မာဂရက်ချွန် ‘ဗျာ’ ရုံပဲ ‘ဗျာ’ နိုင်သည်၊ စကားမဆက်နိုင်။ ထိုစဉ် မုန့်ဟင်းခါးထိုင်စားနေသူတစ်ယောက် ထလာပြီး . . .

“ဒီလိုလုပ်ပါဦးလေး၊ ဦးလေးကလည်း မုန့်ဟင်းခါးကို ဝယ်စားရမှ ယတြာအောင်မှာ၊ ညီလေးတို့ကလည်း မုန့်ဟင်းခါးဖိုး ပိုက်ဆံမယူမှ ယတြာအောင်မှာ၊ ဒီတော့ ဦးလေးပေးတဲ့မုန့်ဟင်းခါးဖိုးပိုက်ဆံကို ညီလေးကယူပြီး . . . အစ်ကို့ကိုပေး . . . ဘယ့်နှယ်လဲ”

မဟော်သာတာမဟုတ်ပေမယ့် ‘မုန့်ဟင်းခါးတရားစီရင်ခန်း’ ကတော့ ဤသို့လုလုပပ ပြီးဆုံးသွားလေတော့သည်။

## ယတြာ - ၂

*သောကြာနေ့နံနက် ကိုးနာရီမှ ဆယ်နာရီခွဲအတွင်း လူအများကိုမုန့်ဟင်းခါးစတုဒိသာကျွေးပါ။*

*****

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



(၆)

သီတာသောင်ကမ်းဘေးက မွေးသည် ××××
နိုင်မာလာပန်း သင်းရနံ့ကြည် ××××
ညနေခင်းမှာ သန့်ရှင်းတော့သည် ××××
လေချိုသွေးရင် အေးတော့သည် ××××

သာယာကြည်နူးဖွယ်ကောင်းလှသော ညနေခင်းတစ်ခုဝယ် 'လှေကလေး' သီချင်းကို တိုးတိုးအေးအေးကလေးသီဆိုရင်းလမ်းလျှောက်နေသူကား ခင်ဖုန်းဆင့်ပေတည်း။ အမျိုးအစားအားဖြင့် အဆင့်ရှိပြီး တန်ဖိုးအားဖြင့် မြင့်လှပေသော 'တယ်ရီယာ' ခွေးကလေးတစ်ကောင်ကို ဆွဲလျက် . . .။



www.burmeseclassic.com

www.burmeseclassic.com



မြင်တတ်လျှင်ဖြင့် ပန်းချီကားတစ်ချပ်ပမာ ခံစားမိပေလိမ့်မည်။ နေဝင်စချုပ်ညရိပ်၌ ပန်းနုရောင်လက်ပြတ်အင်္ကျီ၊ ပန်းနုရောင်အောက်ခံ အရောင်ပေါ်က ပန်းပွင့်ဆန်ဆန်အဝါရောင်၊ အပြာရင့်ရောင်ကီမိုနိုထဘီ လေးကို ဝတ်ထား၏။ ခါးလယ်လောက်အရှည်ရှိ ဆံနွယ်နက်နက်များက လေ၏တိုးခတ်မှုကြောင့် ဦးတည်ရာမဲ့ ယိမ်းလူပ်နွဲ့ယမ်းကာဖြင့် . . .

အလွမ်းသီချင်းတစ်ပုဒ်ဆိုလျှင်ဖြင့် ပို၍လိုက်ဖက်မည်ထင် မိသည်။

လှေကလေးကိုလှော်မည် ××××

ဘေးမသန်းဘဲ အေးချမ်းတော့မည် ××××

မြစ်ကမ်းခြေ ရေနဒီ ××××

စိမ်းလဲ့လဲ့ကြည် ××××

ခင်ဖုန်းဆင့်သီချင်းကို စိတ်ပါလက်ပါလိုက်ဆိုနေမိသည်။ ယခင်က ဤသီချင်းလေးကို မကြာမကြာဆိုခဲ့ဖူးသော်လည်း သီချင်း စာသားလေးများကိုဂရုထားပြီးလိုက်လိုက်လဲ့လဲ့မဆိုဖူးခဲ့ချေ။

တိမ်ရောင်စုံခြယ်သ၍ လှချင်တိုင်းလှနေသောညနေခင်းလေး မှာ ချစ်သူနှင့်စိတ်အေးလက်အေး လှေကလေးကိုမြစ်ရိုးတစ်လျှောက် စုန်ဆန်ထက်အောက်ပျော်ရွှင်စွာလှော်ခတ်နေချင်သည်။ ပန်းပေါင်းစုံကဖူး ငှက်ပေါင်းစုံကမြူးနေသည့်ဒီလိုအခါသမယလေးမှာဖြင့် မောင်နှံငှက်တွေ လို တောင်ပံယှက်ကာနေချင်လှသည်။ ကိုဝင်းဇော်လတ်၏ရင်ခွင်မှာ နွဲ့မှီကာ စကားတီတာပြောရင်း ညနေခင်း၏လှပမှုထဲမှာ ဖြတ်သန်းပျော်ရွှင် နေရလျှင်ကောင်းမည်ဟု အတွေးရောက်သည်။

ချစ်သူကို စောင်းဆိုစရာသီချင်းတွေက များစွာရှိသည်။ 'တသိမ့်သိမ့်သူ' ကို ဆိုမလား၊ 'ရေခဲတုံးကြီး' ကိုပဲ ဆိုမလား၊ 'ဒေါင့်အချစ် မြားစူး' ကိုပဲ ဆိုဦးမလား၊ 'နေနိုင်သူကြီး' ကိုတော့ ရင်ထဲမှာ တလှပ်လှပ်



www.burmeseclassic.com

www.burmeseclassic.com



သတိရနေသည်။ ထိုစဉ် . . .

သာယာကြည်လင်ပေသည် ××××

မိုးကောင်းကင် အာကာမဟီ ××××

ထူးလည်းထူးသည် ××××

ဆန်းလည်းဆန်းတော့သည် ××××

တိမ်ဖြူ တိမ်ဝါ တိမ်နီ တချို့ကတော့ ဝါရောင်ခြည် ××××

အမျိုးမျိုးလှသည် ပြောင်းလဲကြတော့သည် ××××

လောကလေးကို လော် ××××

"အင့် . . . မြစိန်နဲ့ကုလားနဲ့နွတ်ခမ်းမွှေးနဲ့ညား"

မာဂရက်ချွန်တစ်ယောက်လည်း သီချင်းလေးတအေးအေးဖြင့် သမ်းလျှောက်လို့လာနေပြီ။ နားကြပ်ကက်ဆက်လေးတစ်လုံးကို အကျီအိတ်ထဲမှာထည့်ပြီး စပီကာလေးနှစ်ခုကိုတော့ နားနှစ်ဖက်ထဲမှာ ထိုးထည့်ထားသည်။ လက်တစ်ဖက်က စာရွက်တစ်ရွက်ကိုကိုင်ထား သည်။ စာရွက်ကိုငုံ့ကြည့်လိုက်၊ ရှေ့သို့မော့ကြည့်လိုက်ဖြင့် စာမေးပွဲ ခန်းထဲဝင်ခါနီး ကျောင်းသားတစ်ယောက်စာမမေ့အောင် ပွစိပွစိရွတ်ပြီး ပြန်နွှေးနေတာနှင့်တော်တော်တူသည်။ တခြားလက်တစ်ဖက်ကလည်း ခွေးလေခွေးလွင့်တစ်ကောင်။ ပြီးတော့ ချည်စရာသံကြိုးလှလှကလည်း သူ့မှာရှိဟန်မတူ။ ပစ္စည်းထုပ်ပိုးစည်းနှောင်သည့်အပေါ်စားပလတ်စတစ် ကြိုးဖြင့် . . . ။

လောကလေးသီချင်းကို သူကောင်းကောင်းမကြားဖူးခဲ့ချေ။ သီချင်းစာသားကိုလည်း အလွတ်မရ။ တေးသွားအလိုက်ကျတော့လည်း ကောင်းကောင်းမရင်းနှီး။ သို့ကြောင့် တိပ်ခွေကိုရှာငှားပြီးသကာလ နားကြပ်ကက်ဆက်လေးထဲထည့်နားထောင်ပြီး သီချင်းစာရွက်ကြည့်ကာ စာသားတွေလိုက်ဆိုကြည့်ရသည်။ ခလုတ်မထိ၊ ဆူးမငြိစေရန် ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေမယ့် ဆူးမငြိသော်လည်း ခလုတ်ကတော့ထိသည်။

လှော်သည် ××××

ဘေးမသန်းဘဲ အေးချမ်းတော့သည် ××××

သီချင်းကို ဆက်ဆိုဖြစ်အောင်ဆိုလိုက်ရသည်။

သီချင်းဆိုရမည်ဆိုထားတာကိုး။ ထိုအခြင်းအရာကိုအနား ရောက်လာသည့်ခင်ဖုန်းဆင့်မြင်သောအခါ . . .

"ဟင် . . . ရှင် . . . ရှင် . . . ဒါ ဘာသဘောလဲ"

"ဗျာ . . . ဩော် . . . ညီမကိုး . . . နေကောင်းတယ်နော်"

"ရှင် ကျွန်မကို လိုက်နောက်နေတာလား"

"ဗျာ"

"ရှင် ကျွန်မကို လိုက်နောက်နေတာလားလို့"

"အာ . . . ကျွန်တော်ဘယ်သူ့ကိုမှလိုက်မနောက်ဘူး . . . ဘယ်သူ့နောက်မှလည်း မလိုက်ဘူး"

"ရှင် . . . ရှင် . . . ကျွန်မလုပ်နေတာတွေ လိုက်ချောင်းပြီး လျှောက်လိုက်လုပ်နေတာမဟုတ်လား"

"နေ . . . နေပါဦး . . . ညီမက ဘာတွေလုပ်နေလို့တုံး"

"ကျွန်မ ဘုရားမှာရေသပ္ပာယ်တော့လည်း ရှင်နဲ့တွေ့တယ်၊ မုန့်ဟင်းခါးစတုဒီသာကျွေးတော့လည်း ရှင်နဲ့တွေ့တာပဲ၊ ခုလည်း ဒီမှာ တွေ့ပြန်ပြီ၊ ဒါ . . . ဒါ . . . နောက်ကလိုက်လုပ်တာမဟုတ်လို့ဘာလဲ"

လူချင်းသာ မပြေလည်ကြတာမဟုတ်။ ခွေးချင်းကလည်း အဆင်မပြေကြ။ တစ်ကောင်နှင့်တစ်ကောင် တဂီးဂီးတဂဲဂဲနှင့်မာန်ဖီနေ ကြသည်။ တစ်ချက်တစ်ချက်ဟောင်ကြသည်။ အမျိုးကောင်းခွေးက ပိုပြီးစွာသည်၊အသံတစာစာနှင့်။ ခွေးလေခွေးလွင့်ကြီးကတော့ ဂုဏ်ငယ် သူမို့ ခွေးပီသရုံသာဟောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဂုဏ်မြင့်သူတယ်ရီယာက နှုတ်ရေးဖြင့်အားမရ လက်ပါပါလာ . . . အဲလေ . . . ပါးစပ်ပါပါလာတော့သည်။ ကိုက်မည်ပြင်၍မာန်တက်နေသောကြောင့် ခင်ဖုန်းဆင့်တစ်ယောက်ဟန့်နေရသည်။

"ချိုမိုင်မိုင် ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ စကားပြောနေတာ ငြိမ်ငြိမ်နေစမ်း"

ခင်ဖုန်းဆင့်ဟောက်လိုက်သည်က ဂုဏ်မြင့်သူ။ သို့ပေမယ့် 'ဂျစ်စပီ'ကပါ အမြီးကုပ်သွားသည်။ ဒါကိုအခွင့်ကောင်းယူ၍ 'ဂျစ်စပီ' ကို ဂုဏ်မြင့်သူချိုမိုင်မိုင်ကဝင်ခဲလေတော့သည်။ သို့သော် ပိုးစုန်းကြူးက အတိုပြင်၊ ကမ္ဘာဆုံးတိုင် နိုင်ရိုးမရှိဘူးပေကိုး။ လမ်းကြိုလမ်းကြား ခုန်သမျှမှာ သရဖူဆောင်းခဲ့ဖူးသူက ဒီလောက်လေးကိုတော့ သွေးပူလေ့ကျင့်ခန်းခေါ် 'ဝမ်းမင်းအပ်' လုပ်သလောက်သာ။

ဒီလိုကျတော့လည်း ဂုဏ်မြင့်သူတို့ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်မှ ပြေးလေပြီပေါ့။ ဂုဏ်မြင့်သူဆောင့်ရုန်းပြီးပြေးတာကြောင့် ခင်ဖုန်းဆင့်တစ်ယောက်ရှေ့ဟပ်ထိုးကျသွားပြီး သံကြိုးပါလွတ်သွားလေသည်။ ချိုမိုင်မိုင်ကိုယ်သံပါအောင်တကြော်ကြော်အော်ခေါ်နေသော်လည်း ဂုဏ်မြင့်သူလေးကတော့ ပြေးနိုင်မှလွတ်မှာမို့လှည့်မလာတော့၊ 'ဂျစ်စပီ'နှင့် သာ၍ဝေးရာဆီကိုပါ။ 'ဂျစ်စပီ' ကလည်း သမင်ဒရယ်လှမ်း၊ကျားတစ်လှမ်းလေ . . . ပြေးပေါ့။ ဂုဏ်မြင့်သူဖြိုခွင်းရေးအစီအစဉ်နှင့် နောက်ကအသည်းအသန်လိုက်ခဲ့လေတော့သည်။ ထိုအခါ ဂျစ်စပီသခင်မာဂရက်ချွန်ခမျာ ဆောင့်ဆွဲသလိုခံလိုက်ရပြီး 'ဂျစ်စပီ' ခေါ်ရာမနေသာလိုက်ရရှာသမို့ မြေကြီးပေါ်သို့ဂုဏ်ပြုအနမ်းဖြင့် နှုတ်ဆက်လိုက်ရလေတော့သည်။

"လုပ်ကြပါဦး . . . ခွေး . . . ခွေး . . . "



www.burmeseclassic.com

www.burmeseclassic.com



ခင်ဖုန်းဆင့်မှာတော့ ဆပ်ပြာသည် လင်ပျောက်သလို မပင်္ဂာ မြေလူး ရှုးရှူးရှာတော့၏။

"ဟိုအစ်ကို ကျွန်မခွေး . . . လုပ် . . . လုပ်ပါဦး . . . လိုက်ဖမ်းပေးပါဦး"

"ဟာ . . . ဘယ်လိုလုပ်မလဲ၊ ဟိုးအဝေးကြီးထိရောက်သွား ပြီ"

"အဲဒါမှ ဒုက္ခပါပဲ၊ အဟင့်ဟင့် . . .

ပြဿနာတော့တက်ပါပြီ . . . ဟီး . . . ဟီး . . . ဟီး . . ."

ခင်ဖုန်းဆင့်ဟန်မဆောင်နိုင်ရှာတော့ ငုတ်တုတ်ထိုင်ကာငိုရှာ လေတော့သည်။ မာဂရက်ချွန်ခမျာမှာလည်း ခြေမကိုင်မိ၊ လက်မကိုင်မိ။

"တိတ် . . . တိတ်ပါညီမရာ . . . ငို . . . ငိုမနေပါနဲ့တော့ . . . ဝိကာလဘောဇနာ လူဆိုတာသေမျိုးမို့ဒါမျိုးကဖြစ်တတ်ပါတယ်ကွာ. . . တိတ် . . . တိတ်"

"မငိုလို့ဖြစ်မလား . . . ခွေးက သူများခွေး"

"ဘာ"

"သူငယ်ချင်းအစ်မဆီက ခဏငှားလာတာ၊ ခွေးက ဈေးကြီး ခွေး။ ဒုက္ခပါပဲ . . . အဲဒါ လျော်ရတော့မှာ"

"ငါ့ညီမကလည်း အဲဒီလောက်တန်ဖိုးကြီးတဲ့ပစ္စည်းကို ငှား မဝတ် . . . အဲ . . . ငှားယူမလာရဘူးလေ၊ ခုလိုကျပျောက်တော့ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး၊ ဟီး . . . ဟီး . . . အဲဒါရှင့်ကြောင့်"

"ဗျာ"

"ဟုတ်တယ်လေ . . . ရှင်က ဘယ်ကခွေးပဲစားကြီးမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့တာကိုး''

"ဟာ . . . ကျွန်တော်လည်း ကျွန်တော့်အမိပွာယ်နဲ့ကျွန်တော်ခေါ်လာတာဗျ''

"ရှင် အဲဒါ ဘာအဓိပ္ပာယ်လဲ''

"ယတြာချေတာ''

"ရှင်''

ခင်ဖုန်းဆင့်မျက်လုံးကလေး ပိုင်းသွားသည်။

"ယတြာချေတာ''

"ဟုတ်တယ်၊ ဗေဒင်ဆရာက အဲလိုခိုင်းထားတာ''

"ဘယ် . . . ဘယ်လိုတဲ့လဲ''

"ဟော . . . ညနေခင်းတစ်ခုမှာတဲ့ ကမ်းစပ်(သို့မဟုတ်)ကန်ဘောင်ရိုးပေါ်၌ ခွေးတစ်ကောင်ကိုဆွဲ၍ 'လေ့ကလေး'သီချင်းကိုသီဆိုရင်း လမ်းလျှောက်ပါတဲ့''

ခင်ဖုန်းဆင့် ပါးစပ်ကလေးပါ လိုက်ဟသွားတော့သည်။

"ဒါ . . . ဒါ . . . ဒါဆို ကျွန်မလည်း . . . ''

"ဥါညီမလည်း ယတြာချေတာပဲလား''

ခင်ဖုန်းဆင့် ခေါင်းညိတ်လိုက်၏။

"ဘယ် . . . ဘယ်ဆရာက ချေခိုင်းတာလဲဟင်''

"ဟိုး . . . ဟိုး . . . စိန်ပေါလ်ဘုရားကျောင်းဘေးက ဆရာထွန်းလင်းစိုး''

မာဂရက်ချွန် နဖူးကိုလက်ဝါးဖြင့် ဖြန်းခနဲနေအောင်ရိုက်ထည့်လိုက်သည်။

"ဘာ . . . ဘာလို့လဲအစ်ကို''

"ကျွန်တော့်ကိုခိုင်းတာလည်း အဲဒီဆရာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဒါ . . . ဒါဆို နောက်ထပ်ဘာခိုင်းထားသေးလဲ ကြည့်ရအောင် . . . လာ . . . ဟိုနားကအအေးဆိုင်မှာ ခဏထိုင်ကြဦးစို့"

အနီးနားကဆိုင်ကလေးတစ်ဆိုင်မှာ ခဏထိုင်ကြမည်မို့ ခင်ဖုန်းဆင့်မျက်နှာပေါ်က မျက်ရည်တို့ကိုသုတ်သည်။ အိတ်ထဲမှ ဘူးဝိုင်းလေးတစ်ဘူးကို ထုတ်ယူလိုက်ပြီး မျက်နှာပေါ်သို့ တဖုတ်ဖုတ်ပုတ်လေတော့သည်။ အကျီ်လုံချည်တို့ကို ဆွဲဆန့်ဆွဲဖြန့်လိုက်ပြီး လုံချည်ပေါ်ပေကျံနေသော ဖုန်အလိမ်းလိမ်းကို ပုတ်ခါလိုက်သည်။

ဆိုင်ထဲသို့ရောက်သော် အိတ်ထဲမှယတြာစာရွက်ကိုယ်စီကို ထုတ်ကြည့်လိုက်ကြ၏။ ပြီး . . . ခင်ဖုန်းဆင့် သက်ပြင်းကလေးတစ်ချက်ချကာ . . .

"ဒုက္ခပါပဲ . . . ယတြာကလည်း စစ်ကိုင်းက စောင်ချမ်းသားကို ဇော်ဂျီဆေးကြိတ်နေပုံထု၍ ခေ ာင်ပါတဲ့"

"အေးလေ . . . စစ်ကိုင်းက စောင်ချမ်းသား ဘယ်လိုလုပ်ရမှာလဲ . . . အဝေးကြီးဥစ္စာ"

"အစ်ကို့အသိတွေထဲ စစ်ကိုင်းမှာနေတဲ့သူ မရှိဘူးလား . . . လှမ်းမှာလိုက်ပေါ့"

"ဟာ . . . မရှိဘူး၊ အဲ . . . စစ်ကိုင်းတောင်ပေါ်က ချောင်မှာတော့ ဘကြီးဘုန်းကြီးတစ်ပါးရှိတယ်၊ ဒါပေမယ့် မတောင်းရဲဘူး၊ ယတြာချေဖို့ တောင်းမှန်းသိလို့ကတော့ နားရင်းတောင်အုပ်လိမ့်ဦးမယ်"

"အဲဒါက နောက်ပြဿနာ၊ ချပြဿနာက ခွေးပြဿနာ"

ခင်ဖုန်းဆင့်မျက်နှာလေးမှာ ပြောရင်းဆိုရင်း မိုးတွေညို့လာသည်။ မိုးရွာနိုင်သည့်လက္ခဏာပါပေ။

"ဒီလိုလုပ်ပါလား၊ ငါ့ညီမခွေးကဖမ်းလို့လည်းမှုမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ဒီတော့ ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီးလျှော်ကြတာ ပေါ့ဗျာ"

"ဟာ ... ခွေးတန်ဖိုးက မြင့်တယ်ရှင့် ... အဟင့်ဟင့်"

"ဘယ်တတ်နိုင်ပါ့မလဲ ... ခုမှတော့ လျော်လိုက်တာ အကောင်းဆုံးအဖြေပဲလေ"

ခင်ဖုန်းဆင့်ခေါင်းကိုနှစ်ချက်သုံးချက်ကုတ်ပစ်လိုက်သည်။ ကံတူအကျိုးပေးကြီး မာဂရက်ချွန်ကတော့ နှစ်သိမ့်အားပေးလိုက်မှသာ အကောင်းဆုံးအဖြေမို့ ...

"ကဲပါ ... စိတ်ထဲမထားပါနဲ့တော့ ... ခွေးဖိုးမေးလိုက်ပါ၊ ကျွန်တော်တစ်ဝက်စိုက်ပါ့မယ် နော်"

"ဟင် ... ရှင်ကဘယ်မှာနေလို့ ကျွန်မကဘယ်ကိုဆက်သွယ်ရမှာလဲ"

"သြော် ... ဟုတ်သား၊ ကျွန်တော့်နာမည်က 'မာဂရက်ချွန်' တဲ့"

ခင်ဖုန်းဆင့် 'မာဂရက်ချွန်' ဆိုသောနာမည်ကြောင့် တစ်ချက်ပြုံးမိ၏။

"မာဂရက်ချွန်"

"ဟုတ်တယ်လေ"

"ဟင် ... နာမည်ကြီးကလည်း "

"နာမည်ဆိုတာ တံဆိပ်ပါပဲဗျာ၊ လူဆိုတဲ့ကုန်ပစ္စည်းကသာ အရည်အသွေးမှန်ဖို့ အရေးကြီးပါတယ်"

"အလို ... တယ်လာပါလား"

"လာရတာ အဝေးကြီးကပေါ့ဗျာ ... မုံရွာဘက်ကပါ၊ ဒီကို ရာထူးတိုးစာမေးပွဲလာဖြေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဒါဆို . . ."

"ဟုတ်ကဲ့၊ တည်းတာ ပုဇွန်တောင်ဘက်က အသိဘုန်းကြီး ကျောင်းမှာပါ။ ဒါပေမယ့်မပူပါနဲ့ဗျာ၊ ကျွန်တော်သစ္စာရှိပါတယ်၊ နောက်နေ့ကျ ကျွန်တော့်ကိုဆက်သွယ်ပေါ့၊ ဩော် . . . ဒါနဲ့ ညီမက"

"ကျွန်မနာမည်က 'ခင်ဖုန်းဆင့်'တဲ့၊ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ဖို့စောင့်နေတာ၊ လောလောဆယ် အစ်မတစ်ယောက်အိမ်မှာနေတယ်၊ မိဘတွေကတော့ ပုသိမ်ဘက်ကပါ"

"အေးဗျာ . . . တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါ ပဋ္ဌာန်းဆက်ရှိလို့သာ ခုလိုလာဆုံရတာ . . . အဟဲ"

မာဂရက်ချွန်ကသာ 'အဟဲ'လုပ်သည်။ ခင်ဖုန်းဆင့်ကတော့ မျက်စောင်းချိုချိုလေးလှမ်းထိုးလိုက်သည်။

"ဩော် . . . ခွေးကိစ္စပြီးပြီဆိုတော့ လူကိစ္စဆက်ကြဦးစို့"

"ဗျာ . . . လူကိစ္စ"

"ခုနကပြောတဲ့ စစ်ကိုင်းက စောင်ချမ်းသားကိစ္စလေ"

"အင် . . . ဟုတ်ပါ့"

အကြံအိုက်သောအခါ စကားမဆက်ကြသေးဘဲ အအေးပုလင်းတို့ကိုသာ ကောက်စုပ်နေကြတော့သည်။

"ဒီလိုလုပ်ရအောင်၊ မနက်ဖြန် ကျွန်တော်တို့နှစ်ယောက်ဆုံပြီး ဗေဒင်ဆရာဆီ ပြန်သွားရအောင်"

"ကောင်းတယ် . . . အဲဒီအစီအစဉ်မဆိုးဘူး"

သို့ဖြင့် မနက်ဖြန်တွေ့မည့်အချိန်၊ တွေ့မည့်နာရီနှင့်တွေ့မည့်နေရာတို့ကို တိုင်ပင်ကြ၏။ ထိုစောင်ချမ်းသားကိစ္စကို အောင်မြင်အောင်စွမ်းဆောင်နိုင်မှသာ မဟာယတြာကြီးအောင်မြင်ပြီးမြောက်ပါလိမ့်မည်။

"ဩော် . . . မေ့နေလိုက်တာ . . . ကျွန်တော်တို့ ယတြာက



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကျန်နေသေးတယ် မဟုတ်လား''

"အင်''

"ကန်ပေါင်ရိုးမှာလည်း လမ်းလျှောက်ပြီးပြီ၊ ခွေးကိုလည်း ဆွဲလာပြီးပြီ၊ 'လှေကလေး' သီချင်းကိုလည်း ဆိုပြီးပြီမဟုတ်လား''

"အင်းလေ''

"ဒါဆို အောင်ပြီ . . . အောင်ပြီ . . . အောင်ပြီလို့ သုံးခါတိတိ ကြွေးကြော်ရဦးမယ်လေ''

"အယ် . . . ဟုတ်ပါ့၊ ဒါပေမယ့် ဒီ . . . ဒီဆိုင်ထဲမှာ ဖြစ်ပါ့မလား''

"ဟာ . . . ဘာဖြစ်လဲဗျာ၊ ကိုယ့်ကိစ္စကိုယ်လုပ်တာပဲ ဘယ်သူ့ဂရုစိုက်နေရဦးမှာလဲ၊ လာ . . . ဝမ်း . . . တူး . . . သရီး''

"အောင်ပြီ . . . အောင်ပြီ . . . အောင်ပြီ''

## ယတြာ - ၃

ညနေခင်းတစ်ခုဌ် ကမ်းခြေ (သို့မဟုတ်) ကန်ပေါင်ရိုးပေါ်၌ ခွေးတစ်ကောင်ဆွဲ၍ 'လှေကလေး' သီချင်းကိုသီဆိုရင်း လမ်းလျှောက်ပါ။ ပြီးလျှင် 'အောင်ပြီ 'ဟု သုံးကြိမ်ကြွေးကြော်ပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

ခင်ဖုန်းဆင့်
ဟန်မဆောင်နိုင်ရှာတော့
ဝ ငုတ်တုတ်ထိုင်ကာ
ငု ရှာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၇)

"ဟာ . . . အစ်မ . . . ဒီ . . . ဒီနားက ဗေဒင်ဆရာ ဘယ်ရောက်သွားပြီလဲ"

မာဂရက်ချွန်နှင့်ခင်ဖုန်းဆင့်တို့ ပြူးပြူးပျာပျာဖြစ်သွားသည်။ ဗေဒင်ဆရာ မရှိတော့။ သူပြောတော့ ဒီနားကဘယ်မှ ရွှေ့မသွားဘူးဆို . . . မင်္ဂလာပွဲကိုတောင် ကိုယ်တိုင်လာချီးမြှင့်ဦးမှာတဲ့။ ခုတော့ 'နွေမြင် ညပျောက်'ပါလား။ ဩော် . . . 'အနိစ္စ အမြဲမရှိ . . . အနိစ္စ အမြဲမရှိ'။



www.burmeseclassic.com

www.burmeseclassic.com



မာဂရက်ချွန်မေးလာသည်ကို ခိုစာရောင်းသည့်မကျင်စန်းက အရေးမလုပ်။ မေးလိုက်မှ မျက်နှာကြီးက ခွေးဆွဲခံရသောစောင်စုတ်ကြီး လိုဖြစ်သွား၏။

"အစ်မ . . . ဒီနားကဗေဒင်ဆရာ ဒီနေ့မလာဘူးလားခင်ဗျ"

"သိဘူး"

ထိုစဉ် ချက်ဖောင်းလေးက . . .

"ဆရာ ဟိုဘက်အုတ်တံတိုင်းဘေးမှာဂျ"

"ချက်ဖောင်း . . . နင့်အဖေမို့ နင်ကလမ်းညွှန်နေတာလား ဟင်"

ခိုမောင်းသော တုတ်ချောင်းလေးက ချက်ဖောင်း၏ခေါင်းပေါ်သို့ ဒေါက်ခနဲကျလာသည်။ ချက်ဖောင်းမျက်နှာလေးရှုံ့မဲ့သွားပြီး ခေါင်း ကလေးကို ပွတ်နေရှာတော့သည်။ မာဂရက်ချွန်တို့နှစ်ယောက်လည်း ကျေးဇူးပဲလို့တောင်စကားမဆိုတော့ဘဲ ဗေဒင်ဆရာရှိရာ ဟိုဘက်အုတ် တံတိုင်းဘေးဆီသို့ လျှောက်လာခဲ့ကြသည်။

"ဟာ . . . ကိုမာဂရက်ချွန် . . . မြန်လှချည်လားဗျ။ ခင်ဗျား ကလည်း၊ ဆရာ့ယတြာတော်တော်စွမ်းတယ်နော်"

ဩော် . . . အထူအပါးနားမလည်ရှာပေသောဗေဒင်ဆရာ ပါပေ။ ခင်ဖုန်းဆင့်ကတော့ မျက်နှာတစ်ချက်ပျက်သွား၏။ ပြီးမှ ာပြုံးတမန့်ပြုံးကို ပြုံးလိုက်သည်။

"ဆရာကလည်းဗျာ . . . နေရာပြောင်းတာတောင် မသိလိုက် ရပါလား၊ ကျွန်တော်တို့ဖြင့် စိတ်ထဲထင့်သွားတာပဲ"

"အေးဗျာ . . . အရေးပေါ်ကိစ္စ အရေးပေါ်ကိစ္စ . . . အဲဒါ"

ဒါ . . . လူကြီးရှက်တော့ လုပ်တတ်သောကိစ္စပါ။ ဗေဒင် ဆရာက တိုက်ပုံအင်္ကျီကိုဟန်ကျကျပြင်လိုက်ရင်း မဂ္ဂဇင်းအပ်ဘဲချောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ဆိုးလိုက်၏။

"ကဲ . . . ဘာကိစ္စများတုံး၊ ဆရာ ဘာလုပ်ပေးရမလဲ"

"ဒီလိုပါဆရာ . . . ဆရာပေးလိုက်တဲ့ယတြာအချို့လည်း လုပ်ပြီးပါပြီ၊ ဒါပေမယ့် စစ်ကိုင်းကစောင်ချမ်းသားကို ဇော်ဂျီဆေး ကြိတ်နေတဲ့ပုံ ထုရမယ်ဆိုတော့ ကျွန်တော်တို့မှာ စစ်ကိုင်းကစောင်ချမ်း သားရဖို့ ခက်နေလို့ပါဆရာ"

ဗေဒင်ဆရာကတော့ ထုံးစံအတိုင်း မေးကိုပွတ်ပြီး နှာခေါင်း တို့တော့ မရှုံ့က်သေး။

"အဲဒါ တခြားယတြာရှိရင်လည်း ပြောင်းပေးပါလားဆရာ"

မာဂရက်ချွန်ကို တစ်ချက်ပင့်ကြည့်လိုက်သည်။ နောက် မျက် မှောင်ကိုတစ်ချက်ကြုတ်လိုက်သည်။

"အေး . . . အဲဒါ အင်္ဂါနံ့တနင်္လာနံ့တွေကို ကက်ကင်းရိုက် ထားတာဗျ၊ စစ်ကိုင်း၊ စောင်ချမ်း၊ ဇော်ဂျီ၊ ဆေးကြိတ် အဲဒီလေးမျိုး ရအောင် တစ်မျိုးစဉ်းစားရတော့မှာပဲ၊ ဒီလိုဆို ခဏစောင့်"

ပြောပြောဆိုဆို ဗေဒင်ဆရာသည် ဗလာစာအုပ်ပေါ်သို့ တတောက်တောက်လျှောက်ခြစ်ပါလေတော့သည်။ မာဂရက်ချွန်နှင့် ခင်ဖုန်းဆင့်တို့မှာ အောင်စာရင်းထွက်တော့မည့်ဆဲဆဲအဖြေကို စောင့်နေ ရသလို ရင်ခုန်နေကြ၏။

"ကိုင်း . . . ရပြီ . . . ဒါဆို စမ်းချောင်းကစက္ကူကို စကြာပုံ ချိုးပြီး ဆန်ကောထဲထည့်ထားရမယ် ၊ ဘယ့်နှယ်လဲ . . . ရမလား"

မာဂရက်ချွန်နှင့် ခင်ဖုန်းဆင့်တို့နှစ်ယောက် ခွေးကလေးချီးမိုင်မိုင် ကို ပြန်တွေ့လိုက်ရသလို ဝမ်းမြောက်သွားကြလေတော့သည်။

❋ ❋ ❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



(၈)

"စမ်းချောင်းက စက္ကူရဖို့ ဘယ်လို လုပ်ကြမလဲ"

မာဂရက်ချွန် သိပ္ပံပညာရှင်ကြီးအိုင်းစတိုင်းတစ်ယောက် ကြောင်မကြီးအတွက် အပေါက်ကြီးတစ်ပေါက်၊ ကြောင်ကလေးအတွက် အပေါက်ကလေးတစ်ပေါက်ဖောက်မိသလိုပင် မလိုအပ်ဘဲ စိုးရိမ်နေ၏။ ခင်ဖုန်းဆင့်ကတော့ လွှင်လွှင်ပြည့်အောင်ပင် ရယ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တို . . . စမ်းချောင်းထဲမှာ ညီမအသိတို့အမျိုးတို့များ မရှိဘူးလား၊ သွားတောင်းရအောင်"

ထိုအခါကျမှ ခင်ဖုန်းဆင့်တို့လက်ခုပ်လက်ဝါးတီးပြီးတော့တောင် ရယ်နေလိုက်သည်။ မာဂရက်ချွန်ကတော့ ငါးမိနစ်အတွင်းမှာပင် ကမ္ဘာကြီး ပျက်တော့မည့်သတင်းကြားလိုက်ရသကဲ့သို့ပင်။

"အစ်ကိုကလည်း ဘာတွေအတွေးခေါင်နေတာလဲ၊ လွယ်လွယ်လေးညစ္စာ"

"ဟင် . . . ဘယ် . . . ဘယ်လိုလုပ်မှာလဲ"

"စမ်းချောင်းထဲမှာ စတိုးဆိုင်တွေ၊အိမ်ဆိုင်တွေမှ အများကြီး၊ တစ်ဆိုင်,ဆိုင်ဝင်ပြီး စက္ကူဝယ်လိုက်ရုံပဲပေါ့ . . . ဒါလေးများ"

မာဂရက်ချွန်တို့ ဝေးလိုက်ပုံကအဲဒီလို၊ အကျဉ်းအကျပ် အခက် အခဲနှင့်ကြုံလာပါက မိန်းမများ၌ဉာဏ်နီဉာဏ်နက်ပေါ်လာတတ်၏ဆိုသောစကား မှန်ပါပေသည်။ နှစ်ယောက်သား ဉာဏ်အလင်းရသွားပြီး တခွီးခွီးတခွားခွား ရယ်ဖြစ်သွားတော့၏။

ထိုစဉ် . . .

"ကျွီ . . . အီ . . . အီ"

သူတို့နှစ်ယောက်ထိုင်နေသော စားပွဲခုံလေးနှင့်မနီးမဝေးတွင် ခေတ်ပေါ်ကားအကောင်းစားတစ်စီး စိတ်ဆိုးမာန်ဆိုးထိုးရပ်လာတော့သည်။ ဘောင်းဘီအကောင်းစား၊ ရှပ်အင်္ကျီအကောင်းစား၊ ရှူးဖိနပ်အကောင်းစား၊ မျက်မှန်အကောင်းစားနှင့် ခါးမှာလက်ကိုင်ဖုန်းကို ချိတ်ထားသည့်လူတစ်ယောက် ကားပေါ်မှဆင်းလာပြီး သူတို့စားပွဲဆီသို့ ခပ်ထန်ထန်လျှောက်လာသည်။ ထိုသူကိုမြင်သောအခါ ခင်ဖုန်းဆင့် မျက်နှာ ထစ်နေသောအပေါစားခိုးကူးခွေ ဗီစီဒီတစ်ချပ်လိုဖြစ်သွား၏။

"မဆင့် . . . ဒါ ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်"

"ဘယ်သွားမှာလဲ . . . ဘာလုပ်မလို့လဲ"

"ဘယ်မှမသွားပါဘူး။ ဒီကညှော်သည်နဲ့ စကားပြောနေတာ"

"ဒါဆို ခဏလိုက်ခဲ့"

ထိုသူက ပိုင်စိုးပိုင်နင်းဆွဲခေါ်သွားသည်။ ခင်ဖုန်းဆင့် သောက်နေဆဲလက်ဖက်ရည်ခွက်က ခုမှတစ်ငုံစာသာလျော့သေးသည်။ မာဂရက်ချွန်ကိုတောင် နှုတ်ဆက်ချိန်မရ။ ထိုသူခေါ်ရာသို့ ယက်ကန်ယက်ကန် ပါသွားပုံမှာ ကျောင်းမသွားချင်သောကလေးတစ်ယောက်ဆရာမခေါ်ရာသို့ ပါသွားပုံနှင့်တူလွန်းလှသည်။ နောက် ကားပေါ်သို့တင်ခေါ်ပြီး ကားကို ဖြီးခနဲမောင်းထွက်သွားလေသည်။ မာဂရက်ချွန်တစ်ယောက် ထိုမြင်ကွင်းကိုကြည့်ပြီး မယ်သီတာကို ဒသဂီရိဘီလူးကပန်းရထားဖြင့်ခိုးပြေးခန်း ကို မဆီမဆိုင်သတိရနေမိတော့သည်။

ဒီညှ အိပ်မရတဲ့ညဆိုသော ခင်ဝမ်းသီချင်းလေးထဲကအတိုင်း မာဂရက်ချွန်တို့ ဒီညအိပ်မရသေး။ ဘယ်စောင်း ညာစောင်း ဘယ်ပြန် စောင်းနှင့် အုန်းမောင်းခေါက်ချိန်ပင် နီးလာခဲ့ပေပြီ။ ဘီလူးမ သနပ်ခါး သွေးရင်းလှမ်းပြုံးပြတာလည်းပါသည်။ ဘုရားမှာ ရေသပ္ပာယ်ခန်းနှင့် ရေနှစ်ခွက်ဆင့်သောက်တာလည်းပါသည်။ မုန့်ဟင်းခါးစတုဒီသာကျွေး ခန်းလည်းပါသည်။ ခွေးတွေကြိုးဆွဲပြီး လေ့ကလေးသီချင်းဆိုခန်းလည်း ပါသည်။ ချိုမိုင်မိုင်လေးဆောင့်ရှန်းလို့ ခင်ဖုန်းဆင့်ဟပ်ထိုးလဲတာလည်း ရောက်ရော . . . သူယောင်ပြီး ပြုံးမိသေးသည်။

နောက် အအေးဆိုင်ထဲမှာ 'အောင်ပြီ . . . အောင်ပြီ . . . အောင်ပြီ . . . ' လို့ သုံးကြိမ်သုံးခါကြွေးကြော်ခန်းလည်းပါသည်။ နောက်ပြီး ဒသဂီရိပန်းရထားဖြင့်မယ်သီတာခိုးခန်းလည်း မကျန်ရပေ။ ဗီဒီယိုတိပ်ခွေကို နောက်ပြန်ရစ်ပြီးပြန်ကြည့်နေရသလို တစ်ခန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်း တဖွတ်ဖွတ်ပေါ်လာကြသည်။

ဘေးနားမှာ အိပ်ပျော်နေကြသော မျိုးသူအောင်နှင့်ကျော်ကျော်ထိုက်ကိုနိုးပြီး လက်ဖက်ရည်ဆိုင်သွားထိုင်ရလျှင်ကောင်းမည်။ နှလုံးအိမ်မဂ္ဂဇင်းတိုက်မှာဖြန့်ချိရေးဝန်ထမ်းလုပ်နေကြသောသူတို့နှစ်ယောက်ခမျာ ပင်ပန်းနေကြလို့လားမသိ။ ကျီးအိပ်ကျီးနိုးမဟုတ်၊ ကုလားသေကုလားမောမော။ မတတ်နိုင် . . . သူတို့တော်ကီပွားတာကျ ကိုယ်ခေါင်းငုံ့ခံခဲ့ရပြီးပြီ။ ဒီတစ်ခါ ကိုယ့်အလှည့်။

"ဟာဗျာ . . . ကိုမာဂရက်ကလည်း ကျုပ်မလိုက်ချင်ဘူးဗျာ ကျော်ထိုက်ကိုခေါ်သွား"

"ကျုပ်လည်း နှပ်ဦးမယ်၊ ခင်ဗျားတစ်ယောက်တည်းသွား"

"ဟေ့ကောင်တွေ . . . ခုလိုက်ရင် ညနေကျငါဘီယာတိုက်မယ်"

သကောင့်သားနှစ်ကောင် ဘီယာဆိုခါရှိသေး၊ဝေါက်ခနဲထထိုင်ကြပြီ။ ဘီယာမျက်နှာများ ကြီးပါပေ့။

"ဟာ . . . ဒါများ ဖွင့်ပြောလိုက်ပေါ့၊ ကိုယ့်ဘက်ပါနေပြီပဲ"

ပြီးပြီးရောပြောချင်သည့်မျိုးသူအောင်က စီးကရက်တစ်လိပ်ကို ဆွဲယူပြီး မီးညှိလိုက်သည်။

"ဟိုမှာ သူ့ပိုင်ရှင်ကြီးက အရှင်လတ်လတ်ကြီး"

"ဟာ . . . အစ်ကိုကလည်း 'ဖူးစာ' ဆိုတာ 'ဦးရာလူ' ပါဗျ၊ ဒီမှာ နောက်ကျတာ သေတာကလွဲလို့ဘာမှမကောင်းဘူး . . . လုပ်မြန်မြန်"

"ဟေ့ကောင် . . . ကျော်ထိုက်၊ မင်းလမ်းထိပ်ကွမ်းယာဆိုင်ကကောင်မလေးကိုလိုက်တုန်းကဟာတွေလျှောက်ပြောမနေနဲ့"

"ဒီမှာမျိုးသူ . . . 'အချစ်'ဆိုတာ ခုံဖိနပ်ခုတ်တာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နံပြားဖုတ်နေတာလည်းမဟုတ်ဘူး၊ အင်မတန်သိမ်မွေ့တဲ့ကိစ္စ၊ ပန်းကလေးတွေကို တစ်ပွင့်ချင်းကောက်ပြီး သီရတဲ့ကိစ္စမျိုးကွ"

"ငါကတော့ အချစ်နဲ့စစ်ပွဲမှာမတရားတာမရှိဘူး။ လက်ချင်းယှဉ်မလား ... အသက်ချင်းယှဉ်မလား ... ဖြစ်နိုင်ရင် 'ပွတ်ရှုကင်' လို သေနတ်ချင်းယှဉ်ပစ်ရဲရမယ်"

"လူ့ဘဝဆိုတာ တကယ်တော့တိုတိုလေးဗျ ... ဒါကြောင့် 'အက်ပီကျူးရပ်စ်'က ပြောတာပေါ့၊ ဘဝတာတိုတိုလေးမှာ အရသာချိုချိုရှာကြတဲ့"

"ဟော့ကောင် ... ဘဝဆိုတာတိုတိုလေးမို့ ပျော်ပျော်နေကြစို့မဟုတ်လား"

"ငါဖတ်ဖူးတဲ့စာအုပ်ထဲမှာတော့ အဲလိုပါတယ်၊ မင်းဖတ်ဖူးတဲ့စာအုပ်နဲ့ မတူလောက်ဘူး"

"တော်ကြကွာ ... မင်းတို့ကလည်း ငါ့အချစ်ကိစ္စရင်ဖွင့်မလို့ဟာ မင်းတို့ချင်းစကားရည်လုတာ ငါနားထောင်နေရတယ်"

နှစ်ယောက်သား'ဆောရီး'သွားသည်။ မျိုးသူအောင်က စီးကရက်ကိုဟန်ဖြင့်ဆက်ဖွာနေသည်။ ကျော်ကျော်ထိုက်ကတော့ စီးကရက်မသောက်တတ်။ ကွမ်းသမားပေမယ့် ကွမ်းယာကဘယ်မှာမှမရှိ။ သို့ကြောင့် ရေနွေးကြမ်းကိုသာတစ်ခွက်ပြီးတစ်ခွက် ...

"ငါ စာမေးပွဲပြီးရင်ပြန်ရမှာ ... ခွင့်က သိပ်ရတာမဟုတ်ဘူး ... သူ့ကို မုံရွာပဲခိုးပြေးရမလား ... စဉ်းစားနေတာ"

"ကိုမာဂရက် ခိုးပြေးရအောင် သူက လိုက်မှာမို့လို့လား"

"ဖွတ် ... ကျက်သရေမရှိ ... ကျက်သရာမရှိ ... စောစောစီးစီး မင်္ဂလာရှိတဲ့စကားကိုပြော ... ညနေဘီယာတိုက်မွ ... ကင်ဆယ်လ် လုပ်လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်ကောင် ဖက်ပုသွားသည်။ ကျော်ကျော်ထိုက်က မျိုးသူအောင်ကို မျက်စောင်းတစ်ချက်ထိုးလိုက်သည်။ ပြီး . . .

"ဒါကတော့ ခရိုကိုနိတ်သင့်ရင် ခရိုကိုနိတ်ရမှာပဲ . . . ဘာလို့လဲဆိုတော့ ဘဝဆိုတာ မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်ရယ်၊ ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ငါးမတွေ့ဆိုပေမယ့်လို့ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဗျာ၊ ဒီတော့ ပိုးသာကုန် မောင်ပုံစောင်းမတတ်မဖြစ်စေနဲ့ပေါ့ဗျာ"

မျိုးသူအောင် နားကြားပြင်းကတ်သွားပြီထင့်။

"မင်းဟာက မြန်မာစကားပုံကျမ်းများ ရွတ်ပြနေတာလား လိုရင်းပြောကွာ"

"အေး . . . ခေတ်ပညာအသင့်အတင့်တတ်ပြီး ဗဟုသုတအနည်းအပါးရှိတဲ့သူဆိုရင် ငါ့စကား ဘာကိုဆိုလိုတယ်ဆိုတာ နားလည်ပါတယ်"

ဆယ်တန်းမအောင်သေးသည့်အချက်ကိုရည်ညွှန်းပြီးခတ်လိုက်သဖြင့် မျိုးသူအောင်နည်းနည်းပိန်သွားသည်။

"အေး . . . ယောကျ်ားဆိုတာ ပညာတတ်လေ၊ တွေဝေလေပဲကွ၊ ဒါမျိုးကိစ္စဆိုတာ တွေဝေလို့မရဘူး . . . သဘောပေါက်"

"ဟော့ကောင်တွေ . . . မင်းတို့ကွာ . . . ပြောလေ ပြလေ"

"ဒီလိုလုပ် . . . 'တစ်ရေးနိုးသော် အကြံပေါ်၊ ပေါ်သည့်အကြံ ပြန်အိပ်ရန်' တဲ့၊ အဲဒီတော့ အကြံပေါ်အောင် ပြန်အိပ်လိုက်ဦးမယ် ကျေးဇူးပဲ"

မျိုးသူအောင်ဆိုသည့်ကောင်က အဲဒီလိုမျိုးပါဆို၊ အနိုင်နှင့်ပိုင်းသွားလေပြီ။ ကျန်နေသည့်ကျော်ကျော်ထိုက်ခမျာမှာတော့ မာဂရက်ချွန်ကို ကြည့်ကွက် ကြည့်ကွက်။

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ကလည်း သောက်ပြီးနေပြီ။- အီကြာကွေးက လည်း စားပြီးနေပြီ။ သူ့ဆန်စား ရဲမှုကို။

"ဒီလိုရှိတယ် . . . ကိုမာဂရက်ရ . . . "

❋❋❋❋❋



www.burmeseclassic.com

www.burmeseclassic.com



(၉)

"ဟဲလို . . . ဟဲလို"

" . . . . . . . . . . . . "

"ပြည်တွင်းအခွန်ရုံးခွဲကပါလား ရှင်"

" . . . . . . . . . . . . "

"ကျေးဇူးပြုပြီး မှုံရွာကကိုမာဂရက်
ချွန်နဲ့စကားပြောချင်လို့ပါရှင် . . . "

" . . . . . . . . . . . . "

"ဟုတ်ကဲ့ရှင်"

" . . . . . . . . . . . . "

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို . . . ကိုမာဂရက်ချွန်လား"

"ဟုတ်ပါတယ်"

"ကျွန်မ ခင်ဖုန်းဆင့်ပါ"

"ဪ . . . ပြော"

"တခြားမဟုတ်ပါဘူး၊ မနေ့ကကိစ္စ တောင်းပန်ချင်လို့ပါ"

"ဪ . . . ရပါတယ်ဗျ . . . ကိစ္စမရှိပါဘူး"

"မဟုတ်ဘူးလေ . . . ကျွန်မတို့မှ စကားမဆုံးသေးတာ . . . အဲဒါ . . . "

"ဟုတ် . . . "

"အဲဒါ ကျွန်မနဲ့ဖြစ်နေတဲ့ ကိုဝင်းဖော်လတ်ဆိုတာပေါ့"

မာဂရက်ချွန် ရင်ခုန်စွာရင်တုန်သွားသည်။ သို့ကြောင့် သက်ပြင်းကိုသာ . . .

"ဟုတ်ကဲ့ . . . ကောင်းပါတယ်"

"ဘာကောင်းတာလဲ . . . ဘာမှမကောင်းဘူး၊ ပြောရဦးမယ် မနေ့က ကျွန်မကိုဘယ်ခေါ်သွားလဲ သိလား"

"သိဘူးလေ၊ အဲဒါ ခင်ဗျားတို့ကိစ္စလေ၊ ကျွန်တော်သိစရာမလိုဘူးထင်တယ်"

ပြောသာပြောလိုက်ရသည်။ ရင်မှာ ထိတ်လန့်ချောက်ချားနေသည်။ မသိချင်၊ မသိရဲ၊ မသိရက်။ ခင်ဖုန်းဆင့်ကတော့ ထုံးစံအတိုင်း လွင်လွင်ကလေးရယ်နေသည်။

"အဲဒီလမ်းထဲကထွက်လာပြီး ပန်းခြံကျော်တော့ ကားမှတ်တိုင်မှာချထားခဲ့တာ ဘာမှလည်းမပြောဘူး၊ အဲဒီမှတ်တိုင်ရောက်တော့မှ ဆင်းတော့လို့ပြောတယ်၊ ကြည့်စမ်း . . . ဘယ်လောက်မိုက်ရိုင်းလိုက်သလဲ၊ ကိုဝင်းဖော်လတ်ဆိုတာ အဲဒီလို လူ . . . "



www.burmeseclassic.com

www.burmeseclassic.com



မာဂရက်ချွန် ရင်ထဲကလှိုက်တက်လာသော အမည်မသိအလုံးကြီး ခုမှကျသွားတော့သည်။ ကျသွားသောအသံကိုများ မခင်ဖုန်းဆင့် ကြားသွားလေမလား။

"ဟဲလို ... ဟဲလို ... "

" ............ "

"ဟဲလို ... ကိုမာဂရက်ချွန် ... ကြားလားမသိ"

"ဗျာ ... ဩော် ... ဟုတ် ... ဟုတ်ကဲ့ ... ကြား ... ကြားပါတယ်ခင်ဗျ"

"အဲဒါလေ ... ကိုဝင်းဖော် ... "

"မပြောပါနဲ့တော့ ... မခင်ဖုန်းဆင့်ရယ်"

"ရှင်"

"ကျွန် ... ကျွန်တော် ဆက်မကြားရဲတော့လို့ပါ"

" ............ "

"ကျွန်တော် စာမေးပွဲဖြေပြီးရင် ပြန်ရတော့မှာ၊ ခွင့်က အများကြီးယူလို့မရဘူး ... အဲဒီတော့ ... "

"ဩော် ... ကိုမာဂရက်ချွန် ... ကျွန်မတို့ယတြာထဲမှာ မင်းချောင်းက စကြာကိစ္စကျန်သေးတယ်နော်"

"ဟုတ်"

"ဒီနေ့ ကိုမာဂရက်ချွန် ဘယ်အချိန်အားမှာလဲ"

"အန် ... ဒီနေ့ ... ဒီနေ့တော့ လုပ်စရာလေးတွေရှိတယ်"

"ဒါဆို မနက်ဖြန်"

"မနက်ဖြန်ရတယ်"

"ဒီလိုလုပ် ... မနက်ဖြန်နေ့လယ်ကျရင် မြေနီကုန်းမှတ်တိုင် အားက လက်ဖက်ရည်ဆိုင်မှာ စောင့်နေ ... ကျွန်မလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သိန်းငါးရာပေါက်ပြီး အပိုဆုကြေး သိန်းငါးရာရသောသတင်းကို ကြားလိုက်ရသလို ဘဝင်လေဟပ်သွားသည်။ အမျော်လွန်ပြီး ဖုန်းခွက်ကို ယောင်နမ်းလိုက်သည်။

"ဟွန်း . . . နံလိုက်တာ"

*****



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

စကားကာတိနှင့် ကာတိစကားကြောင့် ငတိနှစ်ပါးကို ဖျစ်ရည်နှစ်ဂျားပူဇော်ပသ ရလေသည်။ ပြီးတော့ သူတို့ 'ဒိုင်ကြောင်' တွေကိုလည်း မကြားချင်အဆုံးကြားရပေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောအတွင်းဝန်ဦးဖိုးလှိုင်ရဲ့ 'ဥတုဘောဇနသင်္ဂဟကျမ်း' ထဲမှာ ဘီယာကိုဗျစ်ရည်လို့ဆိုထားတယ်ဗျ။ ဝမ်းမီးကို ညက်စေ၏။ သလိပ်ကို ကျေစေ၏။ သွေးကို လည်ပတ်စေ၏။ နှလုံးကို ငြိမ်စေ၏။ ကာမကို အားပေး၏။ နည်းနည်းသောက်သော် ဝမ်းချုပ်စေ၏။ များများ သောက်သော် ဆီးများ၍ စကားပြောကောင်း၏တဲ့ဗျ"

"ဟော့ကောင် . . . ဝမ်းချုပ်လည်း မတတ်နိုင်ဘူး။ တော်ပြီ. . . နှစ်ဂျားပဲ၊ ဦးဖိုးလှိုင်မပြောတာတွေ ထည့်မပြောနဲ့ လုပ် . . . သောက်"

အခြေအနေကို နားလည်တတ်သော ကျော်ကျော်ထိုက်က –

"ဒါနဲ့ ကိုမာဂရက် ခင်ဗျားတို့နှစ်ယောက်ရဲ့နောက်ဆုံးဖြစ်စဉ်ကို ပြောပါဦး"

"ကျော်ထိုက် . . . စကားမခေါ်နဲ့ နှစ်ဂျားတော်ပြီ"

မာဂရက်ချွန်ကပွဲသက်ရှည်မည်စိုးသည်ထင့် စကားများများ အပြောမခံ။

"ဟာ . . . မဟုတ်ရပါဘူးဗျာ . . . ကျွန်တော်အကောင်း မေးတာပါ"

"မင်းတကယ် သိချင်တာလား"

ကျော်ကျော်ထိုက် မြေပဲဆန်သုံးလေးစေ့ကို ကောက်ယူလိုက် ရင်း 'ဟုတ်' လိုက်သည်။ မျိုးသူအောင်ကတော့ ဘီယာခွက်ကို ဤကမ္ဘာ အတွက်များရည်စူးပြီး လောင်းချလိုက်သည့်အလား။

"သူ . . . နေ့လယ်က ငါ့ဆီဖုန်းဆက်တယ်ကွ"

ဒီစကားကြောင့် နှစ်ယောက်သား 'ဟေ' သွားသည်။ အထင်ကြီး သွားသည့် မျက်နှာများဖြင့် . . .

"ငါတို့နှစ်ယောက် ယတြာချေရမယ့်ကိစ္စအတွက် ချိန်းတာကွ"

ဟိုနှစ်ယောက် 'ဟေ' ရုံမက ပါးစပ်တွေပါ 'ဟ' ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ . . ."

"အဲဒီတော့ မနက်ဖြန်နေ့လယ် မြေနီကုန်းမှတ်တိုင်ဘေးက လက်ဖက်ရည်ဆိုင်မှာ ဆုံဖို့ချိန်းထားတယ်"

ဟိုနှစ်ယောက် တကယ်အထင်ကြီးသွားပြီ။ မျိုးသူအောင်က မာဂရက်ချွန်နှင့်လက်ဝါးချင်းရိုက်လိုက်သည်။ ကျော်ကျော်ထိုက်က ထ,တည့်ပြီး 'ကွန်ကရက်ကျူလေးရှင်း' လုပ်သည်။ ဘီယာညနေခင်းလေးသည် တကယ်ပျော်စရာညနေခင်းလေးဖြစ်သွားပြီ။ သုံးယောက်သား ဘီယာခွက်ချင်းတိုက်ကာအောင်ပွဲခံကြ၏။ အောင်သေအောင်သားအဖြစ် မြေပဲဆန်နှင့်ငါးမုန့်ကြော်။

"ချီးယားစ်"

*****



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

'ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာ' 'မိန်းမကြိုက်တော့ မျှော်လိုက်တာ' ဆိုသောစကား ဘယ်သူကများစခဲ့ပါလိမ့်။ အခု ယောက်ျားစစ်စစ်ကြီးဖြစ်ပါလျက်နှင့် မျှော်လိုက်ရသည့်ဖြစ်ခြင်း။ မှာထားသောလက်ဖက်ရည်ကိုတောင် တော်တော်နှင့်မသောက်ဖြစ်။ မျက်နှာပြင်မာတင်းပြီး ခြောက်သွေ့ချင်နေပြီ။ လူလည်း ထိုလက်ဖက်ရည်ခွက်နှင့် တူနေပါပေါ့။

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ငြိမ်ငြိမ်ထိုင်နေသောလူတစ်ယောက်ကိုသာ မြင်တွေ့နေရမည်ဖြစ်သော်လည်း ရင်ထဲဖွင်ကား ဆူနာမီမုန်တိုင်းတိုက်ခတ်နေလေပြီ။ 'အမေကယ်ပါ . . . အမေကယ်ပါ . . . ခင်ဖုန်းဆင့် . . . ကယ်လှည့်ပါ'။ ရင်ထဲကစကားများက ရင်ထဲမှာတိတ်ဆိတ်စွာကျယ်လောင်နေလေတော့သည်။

ဘေးနားကစားပွဲဝိုင်းတွေ တစ်ယောက်ထ တစ်ယောက်ဝင်ထိုင်၊ တစ်ယောက်ဝင် တစ်ယောက်ထွက်ဖြင့် 'ဘဝသံသရာ' သရုပ်ဖော်ကပြတင်ဆက်နေကြသော်လည်း သူကတော့ ငရဲအရုပ်၌ သစ်ငုတ်ဖြစ်စေဟုများ ကျိန်စာမိထားလေသလား။ နာရီကိုငုံ့ကြည့်ခြင်း၊ လမ်းမပေါ်သို့လှမ်းမျှော်ခြင်း၊ လက်ဖက်ရည်ခွက်ကို မော့သောက်ခြင်းများကိုအလှည့်ကျပြုလုပ်နေသူတစ်ဦးအား တင်ဆက်မှုအနုပညာ (Performance) ကိုများ ခင်းကျင်းတင်ဆက်နေသည်ထင်ဦးမည်။

မနေ့က သူကိုယ်တိုင်ပင်ချိန်းခဲ့သည်။ မြေနီကုန်းကားဂိတ်ဘေးက လက်ဖက်ရည်ဆိုင်။ ဒါ . . . မြေနီကုန်းကားဂိတ်ဘေး . . . ဟုတ်ပြီ . . . လက်ဖက်ရည်ဆိုင် . . . ဟုတ်ပြီ . . . အကုန်မှန်သည်။ သို့သော် ရန်ကုန်ဘက်ကလာပြီး အင်းစိန်ဘက်ဦးတည်ထားသည့်ဂိတ် . . . ဆိုင်နာမည်က 'မန်းမြို့တော်'။

"ဟင်"

ဟိုဘက်ကမ်းကလည်း မြေနီကုန်းကားဂိတ်ဘေးက လက်ဖက်ရည်ဆိုင်တွေပဲ။ 'ရွှေ'နှင့်'လောကနတ်'။ သူတို့လည်း မြေနီကုန်း . . . ဟုတ်ပြီ . . . ကားဂိတ်ဘေး . . . ဟုတ်ပြီ။ လက်ဖက်ရည်ဆိုင် ဟုတ်တာပဲ။ သို့ပေမယ့် အင်းစိန်ဘက်ကလာပြီး ရန်ကုန်ဘက်ဦးတည်ထားသည့်ဂိတ် . . . ဟုတ်ပြီ။

မာဂရက်ချွန် ဝုန်းခနဲ ထ,ရပ်လိုက်သည်။ ဟိုဘက်ကမ်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ပျံ့သန်းမည် စိတ်ကူးလိုက်သည်။

"ဗျို့အစ်ကို . . . ဗျို့အစ်ကို . . . လက်ဖက်ရည်ဖိုး မရှင်းရသေးဘူးဗျ"

ဩော် . . . အချစ် . . . အချစ် . . . အချစ်သည် တစ်ခါတရံ လက်ဖက်ရည်ဖိုးကိုပင် မေ့စေပါတကား။

*****



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

'မေမေရေ . . . လာပါတော့ . . . ကျိုးကန်းတမော့မော့' ဆိုသော ငယ်ငယ်က ရွတ်ဆိုခဲ့ဖူးသည့်ကဗျာလေးသည် ခုတော့ 'ချွန်ချွန်ရေ . . . လာပါတော့ . . . မဆင့် တမော့မော့'ရယ်လို့ ပြောင်းဆိုရတော့မည့် ကိန်းပင်ဆိုက်နေတော့သည်။ လက်ဖက်ရည် ကို အချိန်ဆွဲပြီး တစ်ငုံချင်းသောက်ခဲ့ရာ လက် ဖက်ရည်ချိုးရစ်ကလေးများပင် ပန်းကန်ထဲမှာ တစ်ရစ်ချင်းထင်ကျန်နေခဲ့ပြီ။

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်တည်း လက်ဖက်ရည်ဆိုင်ထဲ ကြာကြာထိုင်နေရသည်ကို လိပ်ပြာမလုံချင်တော့။ စောင့်နိုင်လေလေ၊ အကျိုးရှိလေလေလို့ ကိုယ့်ကိုယ်ကိုယ်အားပေးနေမိသည်။

မနေ့က သေသေချာချာချိန်းထားခဲ့သည်ပဲ၊ မနက်ဖြန်နေ့လယ် မြေနီကုန်းကားဂိတ်ဘေးကလက်ဖက်ရည်ဆိုင်မှာ . . . ဒါမြေနီကုန်းကားဂိတ်ဘေး . . . ဒါ 'ရွှေ' လက်ဖက်ရည်ဆိုင်။ ကိုင်း ဒို့ထက်ဘာသေချာသေးလဲ။ နေ့လယ်မဟုတ်တာ တစ်ခုပင်။ ခင်ဖုန်းဆင့် အငြိမ်ကြိမ်အထပ်ထပ် ပြန်စဉ်းစားရပြီ။ စဉ်းစားပြီးသောအခါ . . .

"တောက်"

"အစ်မ . . . ဘာလိုလို့လဲ"

"လူလိုနေတာ"

"ဗျာ . . . ကျွန်တော်တို့ဆိုင်လည်း လူလိုနေတာပဲ၊ စားပွဲထိုးက သုံးယောက်၊ ကြီးကြပ်ရေးမှူးက တစ်ယောက်"

"ကောင်လေး . . . ဘာတွေလာပြောနေတာလဲ"

"ဟွန် . . . အစ်မပဲ လူလိုလို့ဆို"

ထိုအခါကျမှ ခင်ဖုန်းဆင့် ကိုယ့်ကိုယ်ကိုယ်ပြန်ပြုံးမိသည်။

"ကောင်လေး . . . လာဦး . . . ဒီဆိုင်မှာ အစ်မထိုင်နေတာ ဘယ်လောက်ကြာသွားပြီလဲ"

"သိပ်မကြာသေးဘူးအစ်မ . . . အစ်မထိုင်ပြီးမှ လက်ဖက်ရည် (၁၆၅)ခွက်ရောင်းပြီးပြီ၊ လန်ဒန် (၈၃) ပွဲရောင်းပြီးပြီ၊ မုန့်ဟင်းခါးက (၅၂) ပွဲ"

"အမယ်လေး . . . တော်ပါတော့ဟယ် . . . အရေးထဲ စိတ်တမ်းကောက်နေရသေး၊ ဒီမှာလာ . . . တော်ကြာအစ်မညှိသည် ရောက်လာလိမ့်မယ်၊ အဲဒီအခါကျမှ တစ်ခေါက်ပြန်ရှုတ်ပြ[...]ုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးကောင်လေး 'ဟုတ်ကဲ့' ပြီး လှည့်ထွက်သွားသည်။ အကြည့်က မျက်နှာချင်းဆိုင်ရှိလက်ဖက်ရည်ဆိုင်ထဲရောက်သွားသည်။ အဲဒါလည်း မြေနီကုန်းကားဂိတ်ဘေးကလက်ဖက်ရည်ဆိုင်ပဲ။ ဒါက ရန်ကုန်ဘက်သွားမည့်ကားဂိတ်၊ ဟိုဟာက အင်းစိန်ဘက်သွားမည့်ကားဂိတ်။ ဟား . . . ဟုတ်ပါပြီ။ ခင်ဖုန်းဆင့်စားပွဲခုံကို ဖြန်းခနဲရိုက်လိုက်သည်။ စားပွဲထိုးကောင်လေးကို ပိုက်ဆံရှင်းလိုက်သည်။ ဟိုဘက်တမ်းကို လှမ်းကြည့်လိုက်တော့ မာဂရက်ချွန်တစ်ယောက် ဆိုင်ထဲက ခပ်သုတ်သုတ်ထွက်လာသည်ကို မြင်လိုက်ရသည်။ ခင်ဖုန်းဆင့်လည်း ဆိုင်ထဲမှ အပြေးအလွှားထွက်လိုက်သည်။ ပြီး . . .

"ကိုမာဂရက်ချွန်"

"ဟာ . . . မခင်ဖုန်းဆင့်"

ခပ်ညံ့ညံ့ဗီဒီယိုကားထဲမှာဆိုလျှင်တော့ တစ်ဦးဆီတစ်ဦး ပြေးသွားခန်းကို 'စလိုးမိုးရှင်း' ခေါ် အနှေးရိုက်ချက်လေးဖြင့် ပြပေလိမ့်မည်။ သို့သော် ဒါ ဗီဒီယိုမဟုတ်။ လမ်းလယ်လိုင်းဖြူပေါ်ရောက်နေသော်လည်း ပြေးမဖက်ကြပါ။ ရုပ်ရှင်ထဲမှာဆိုလျှင်တော့ ပြေးဖက်ကောင်းဖက်ပေလိမ့်မည်။ သို့သော် . . .

"ငါ့ညီမရာ . . . စောင့်လိုက်ရတာ"

"ကျွန်မလည်း စောင့်နေတာ ကြာလှပြီ"

အလွမ်းခန်းမဟုတ်သော်လည်း မြင်ရသူဘေးပရိသတ်အပေါင်း လွမ်းကောင်းလွမ်းသွားပါလိမ့်မည်။ မည်သူမျှ မလွမ်းခင်မှာပင် . . .

"ဒီက ညီလေးနဲ့ ညီမလေး၊ အစ်ကိုတို့နဲ့ ခဏလိုက်ခဲ့ပါကွာ"

"ဗျာ"

"ရှင်"

"ကျွန်တော်တို့ ကျွန်တော်တို့ ဘာ . . . ဘာမှမလုပ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျ၊ ဟို . . . ဟို . . . ရည်းစားစကားပြောရုံလေးပါ''

ခင်ဖုန်းဆင့်ကတော့ ခုမှတစ်စုံတစ်ခုကိုသတိရလိုက်သည်။ မာဂရက်ချွန်ထက်စာလျှင်တော့ သူကရန်ကုန်ယဉ်ကျေးမှုကို ပိုရင်းနှီးပြီးသား။

''ဟုတ်ပါတယ်၊ ညီလေးတို့ ရပ်စကားပြောတာပါ၊ ဒါပေမယ့် လူကူးမျဉ်းကြားက မကူးတဲ့အတွက် ဒဏ်တပ်ရပါလိမ့်မယ်''

''ဗျာ''

ခင်ဖုန်းဆင့်ကတော့ ခေါင်းကိုသာငုံ့ထားပြီး မည်သည့်စကားမျှ မဟတော့။ သို့သော် မာဂရက်ချွန်၏လက်မောင်းကိုတော့ ညင်သာဖွဖွ ကိုင်ထားမိရပ်တော့သည်။ နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကားကြီးဆီသို့ ရွေ့သွားနောက်လိုက်ညီညီဖြင့် ကြွချီသွားကြလေ တော့သည်။

*****



www.burmeseclassic.com

www.burmeseclassic.com

အလွမ်းခန်း
မဟုတ်သော်လည်း
မြင်ရသူ
ဘေးပရိသတ်အပေါင်း
လွမ်းကောင်းလွမ်းသွားပါလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

"ဟား . . . ဟား . . . ဟား . . . မှား . . . မဆင့်တို့ကတော့ လုပ်ပြီ၊ ကြံ့ဖူးပေါင် ဂုဏ်ထူးဆောင်ပါပဲ၊ ညည်းတို့လပ်စ်ဆင်းက သည်းထိတ်ရင်ဖိုကားထဲက အတိုင်း ဟား . . . ဟား . . . ဟား"

ခင်ဖုန်းဆင့်သူငယ်ချင်း ဖွံ့သီသစ်က လက်ခုပ်လက်ဝါးတီးပြီးရယ်မောနေတော့သည်။ ခင်ဖုန်းဆင့်ကတော့ ဖြေရှင်းရခက်သော သချာပုစ္ဆာတစ်ပုဒ်ကို တွက်ချက်နေရသကဲ့သို့။ ရှေ့မှာရှိနေသော လက်ဖက်ခွက်ထဲမှလက်ဖက်သုပ်တစ်ဇွန်းကို အမိပွာယ်မဲ့ခပ်စားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရယ် . . . ရယ် . . . ညည်းကတော့ ရယ်ဖို့ပဲသိတယ်၊ အကြွေလည်းမပေးတတ်ဘူး၊ ပူးပေါင်းပြီးတော့ ပိုင်းဝန်းဖြေရှင်းလည်းမပေးတတ်ဘူး၊ ငါပြောလိုက်ရင် ရယ်ဖို့ချည်းပဲ"

"ဟင် . . . ညည်းတို့ကဖြစ်လိုက်မှဖြင့် အရာရာနဲ့အကြောင်းအကြောင်းချည်းပဲဥစ္စာ၊ ငါဖြေရှင်းပေးလည်း ပိုရှုပ်မှာပဲ"

"နည်းနည်းပါးပါးတော့ စောင့်ရှောက်ဦးမှပေါ့၊ ပစ်ထားတယ်၊ ကျိုးထိုးထိုး ခွေးစားစားဆိုတဲ့သဘော၊ အေး . . . မှတ်ထား ညည်းကျမှ ဝင့်လည်လိမ့်မယ်"

"ဘာမှ ဝင့်မလည်ဘူး . . . မယ်သီတို့ကတော့ အေးဆေးပဲ၊ အိမ်ဦးနတ်မရှာအားသေးဘူး၊ ကိုယ်ကိုယ်တိုင် 'အိမ်ဦးနတ်'ပဲ လုပ်မယ်"

"အေးပါ . . . အဲဒါ တစ်ကိုယ်ကောင်းဆန်တာ သတ္တိမရှိတာလို့ခေါ်တယ်"

"ဟော့ . . . တစ်ကိုယ်ကောင်းဆန်တယ်ပြောပြော သတ္တိမရှိဘူးပဲပြောပြော အပူမရှာနိုင်ဘူး"

"ဒီမယ် . . . မိန်းမဆိုတာ 'မောင်တစ်ရာပင် ရှိလင့်ကစားလင်သားတစ်ဦးမရှိက မတင့်တယ်' တဲ့။

"ဘာ . . . မတင့်တယ်ချင်ရင်နေ မယ်သီတို့ကဆားနဲ့ပဲစားမယ် နားပူမခံနိုင်ဘူး"

ခင်ဖုန်းဆင့်ဆက်ပြီးထိပ်တိုက်ရင်ဆိုင်မှု မပြုတော့။ လက်ဖက်သုတ်ကိုသာ တစ်ဖွန်းပြီးတစ်ဖွန်းခပ်စားနေတော့သည်။

ဒီတော့မှ ဖွဲ့သီသစ်လည်းစကားမဆက်ဖြစ်တော့။ သို့သော် . . .

"အဲဒါနဲ့ . . . နေပါဦး၊ ညည်းယတြာချေနေတာ ကိုဝင်းဖော်လက်နဲ့နီးစပ်ဖို့မဟုတ်လား၊ ဘယ်လိုလုပ် အဲဒီလူကပါလာတာလဲ၊ သူ့နာမည်က ဘယ်သူ . . .

❀ ရွှေသမီးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



"မာဂရက်ချွန် . . . တဲ့"

"ဟွန်း . . . နာမည်ကြီးကလည်း "

ဖွဲ့သီသစ်က လှောင်ရယ်,ရယ်နေသည်။ ခင်ဖုန်းဆင့်ကတော့ လက်ဖက်သုပ်အစားမပျက်။

"လှုပုံကရော"

"ပြောလို့ ဘယ်ဖြစ်မလဲ"

"အမယ်လေး . . . အရေးတည်းဈေးကိုင်နေပြန်ပြီ၊ မပြောလည်း နေပေါ့"

"မဟုတ်ဘူးအေ့ . . . ဒါ . . . ငါ့ရဲ့လျှို့ဝှက်ချက်၊ တော်ကြာ ဟောဒီကငါ့အပျိုကြီးတွေ့သွားလို့ညွတ်သွားရင် ငါခံစားရမှာပေါ့၊ ထုတ်ပြလို့လည်းမဖြစ်သေးဘူး ငွေရောင်ပိတ်ကားပေါ်မှာ စောင့်မျှော်ရှုစားပါ အဟဲ . . . "

ခင်ဖုန်းဆင့် သူ့စကားသူသဘောကျသွားပြီး သူ့ဘာသာသူ ရယ်နေလိုက်သေးသည်။ ထိုအခါကျမှ . . .

"အေး . . . ရယ်နေ၊ အစ်မက ညည်းကိုမေးနေပြီ၊ ခွေးဖိုး ဘယ်တော့လျှော်မှာလဲတဲ့၊ သူ့လူနဲ့အဆင်ပြေ မပြေတော့ မသိရသေးဘူး။ လောလောဆယ်တော့ ခွေးဖိုးလျှော်ရပြီ၊ အဟာ့ . . . ကောင်းလိုက်တာ"

ဖွဲ့သီသစ်စကားမဆုံးခင်မှာပင် ခင်ဖုန်းဆင့်မျက်နှာက ပြာပူပေါ် ကျလာသောစက္ကူတစ်ရွက်လို တွန့်လိမ်ရှုံ့တွသွားလေတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

"ကျေးဇူးပဲ ... အစ်ကို ... ကျွန်မ ဒီတစ်သက်မမေ့ပါဘူး"

"ဗျာ"

"ကြော် ... အစ်ကိုအခုလိုကျွန်မအတွက်စကြာလေးချီးပေးတာ မမေ့တော့ပါဘူးလို့"

"ကြော် ... ဟော်"

"စကြာက ဟုတ်ပါရဲ့ ... ဘယ်နှခု ချီးရမလဲတော့ မသိဘူးနော်"

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုပဲထင်ပါတယ်၊ အေးဗျ . . . ဆရာက ဘာမှတော့ မမှာလိုက်ဘူးနော်၊ ကျွန်တော်တို့ကလည်း မေးဖို့မေ့သွားတယ်၊ တစ်ခု ဆိုရင်ပြီးထင်ပါရဲ့ဗျာ"

"ဟုတ်ပါ့နော်"

"အဲဒါက အရေးမကြီးဘူးဗျ၊ စမ်းချောင်းကစက္ကူကို စကြာပုံ တော့ချီးပြီးပြီ . . . ဘယ်အိမ်ကဆန်ကောထဲ သွားထည့်ထားရမလဲ မသိဘူး"

"ဟင် . . . ဘာပြုလို့လဲ အစ်ကိုတို့အိမ်က . . . "

"ကျွန်တော်က အခုဘုန်းကြီးကျောင်းမှာတည်းတာလေ၊ ဆန် အိုးလည်းမရှိ ဆန်ပြာတဲ့သူလည်းမရှိ ဆန်ကောလည်းဘယ်လိုလုပ်ရှိမှာ လဲ"

"အစ်ကိုကလည်း ကိုယ့်အိမ်ပြန်ရောက်တော့မှ အိမ်ကဆန် ကောထဲထည့်ပေါ့"

"ညီမကရော"

"ကျွန်မက အစ်မအိမ်မှာနေတာဆိုတော့ ပြဿနာမရှိဘူး လေ၊ အစ်မတို့အိမ်ကဆန်ကောထဲထည့်ထားမှာပေါ့"

"အေးဗျာ . . . ကျွန်တော်တို့နှစ်ယောက် 'ယတြာ' တူနေတော့ စကြာလေးကိုလည်း တစ်အိမ်တည်းကဆန်ကောထဲမှာ အတူတူထည့် ထားချင်လိုက်တာ"

"ရှင်"

"ဩော် . . . စကြာလေးတွေ ကွဲခွဲမရဖြစ်နေတာကြည့်ပြီး သနားလို့ပါ၊ အဟဲ . . . ဒါ . . . ဒါပြောတာ"

"ဒါဆိုလည်း ကျွန်မကိုပေးလိုက်လေ၊ အိမ်ကဆန်ကောထဲ မှာခဏထားပေးလိုက်မယ်၊ အစ်ကိုပြန်တော့မှပြန်ယူပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်"

မာဂရက်ချွန် စကားခေါ်၏မလာပါ။ လမ်းခင်း၏မနင်းပါ။ ရောမမြို့ကြီးမီးတဟုန်းဟုန်းလောင်တာတောင်မှ နီရိုးဘုရင်ကြီးက တယောထိုးမပျက်ဘူးတဲ့။ မာဂရက်ချွန်၏ရင်ထဲက ရောမမြို့ကြီး ပြာတောင်ကျနေပါပြီ။ ကမ္ဘာကျော်တယောဆရာကြီး 'ရဟူဒီမန်နူဟင်' နှင့် တယောကိုတင်ရီတို့ကိုတစ်ဖက်စီမှာထားပြီး တယောအပြိုင်ထိုးနေနိုင်ရက်ပါပေ့ မခင်ဖုန်းဆင့်ရယ် . . . ။

"ဪ . . . အစ်ကို့ကို လက်ဆောင်ပေးရဦးမယ်"

ပြောပြောဆိုဆို လက်ကိုင်အိတ်ထဲမှ ပစ္စည်းတစ်ချို့ကို ကြွပ်ကြွပ်အိတ်လေးထဲပြောင်းထည့်လိုက်ပြီး သူ့လက်ကိုင်အိတ်ကို မာဂရက်ချွန်ဆီ ထိုးပေးလိုက်သည်။ မာဂရက်ချွန်လက်ကိုင်အိတ်ကို မကြာခင်ပေါက်ကွဲတော့မည့် ချိန်ကိုက်ဗုံးတစ်လုံးကိုစောင့်ကြည့်နေသကဲ့သို့ အံ့အားသင့်စွာကြည့်နေတော့သည်။

"ဒါ အစ်ကို့ကိုလက်ဆောင်ပေးတာ ယူလေ . . . ရော့"

ခင်ဖုန်းဆင့်က လက်ကိုင်အိတ်ကို မာဂရက်ချွန်လက်ထဲဇွတ်ထည့်ပေးလိုက်ပြီး လက်ဖက်ရည်ဆိုင်ထဲမှခပ်သုတ်သုတ်ထွက်သွားလေသည်။ မာဂရက်ချွန်မှာဖြင့် လှမ်းတားလိုက်ရန်ပင် သတိမရတော့။ ကြောင်အအဖြင့် ခင်ဖုန်းဆင့်၏လက်ကိုင်အိတ်ကလေးကို ကြည့်နေမိသဲ။ မန္တလေးဖြစ် ရွှေချည်ထိုးအိတ်ကလေးပါပေ။ ချည်သားအနက်ခံပေါ်တွင် ဘော်ကြယ်ရောင်စုံလေးများ လှပစွာစီခြယ်ထားသည်။ ဆွဲရန်ကြိုးအပြင် လွယ်ရန်ကြိုးအရှည်ပါ ပါလိုက်သေးသည်။ ခေတ်ပေါ်မိန်းကလေးတစ်ယောက်၏လက်ထဲမှာ၊ ပခုံးပေါ်မှာဆိုလျှင်တော့ အလွန်တစ်ရာလှပတင့်တယ်နေပေလိမ့်မည်။

သို့သော် မာဂရက်ချွန်လို အောင်ကြုံကြုံလူတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ (သို့မဟုတ်) ပခုံးပေါ်မှာတော့ မည်သည့်နည်းနှင့်မျှ လုပ တင်တယ်နေမည်မဟုတ်ချေ။ မြင်ရသူအပေါင်းတို့ အော့နှလုံးနာဖွယ်သာ ရှိချိမ့်မည်။ မလိုက်ဖက်သမှ ထော်လာကျီပေါ်ဆိုဖာတင်ပြီး မာစီဒီး တံဆိပ်တပ်ထားသလိုပါပေ။ မာဂရက်ချွန်အတွေးနှင့်ပင် သူ့ကိုယ်သူ နှာခေါင်းရှုံ့မိသည်။

သို့သော် သူ့အမွှန်အမြွတ်လက်ဆောင်ပေးထားတာမဟုတ် လား။

မာဂရက်ချွန်အင်္ကျီအိတ်ထဲက 'ယတြာ' စာရွက်ကို ရည်ရွယ် မထားဘဲ ထုတ်ကြည့်မိသည်။ 'ယတြာ'အမှတ်စဉ် ဘယ်လောက်ရောက် နေပြီမသိ။ အတော်များများတော့ ပြီးနေပြီပဲ။ 'ယတြာ' အမှတ်စဉ် တစ်ခုအရောက်၌ . . .

"ဟေး"

မာဂရက်ချွန် ဣန္ဒြေပင်မဆည်နိုင်တော့။ 'အာခိမိဒိ'လို ရေချိုးကန်ထဲက ခုန်ချပြီးထွက်မပြေးတာပဲရှိသည်။ အပျော်ကြီးပျော် ကာ လက်ကိုင်အိတ်ကလေးကို ရွှတ်ခနဲနေအောင် မွှေးပစ်လိုက်မိသည်။ အကြောင်းမှာ . . .

**ယတြာ - ၅၆**

*မိမိအသုံးပြုနေသော လက်ကိုင်အိတ် (သို့မဟုတ်) ပိုက်ဆံအိတ်ကို မိမိချစ်ခင်နှစ်သက်နေသူတစ်ဦးဦးအား လက်ဆောင်ပေးလိုက်ပါ။*

✻ ✻ ✻ ✻ ✻

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

"ဒါဆို လက်ဖက်ရည်နဲ့မရတော့ဘူး . . . ဘီယာဆိုင်ကို ရွှေ့မယ်"

ကိုယ့်ပိုက်ဆံနှင့်ကိုယ်ဆို ကိုယ့်ကိုယ်ကိုယ် လက်ဖက်ရည်တစ်ခွက်တောင် မသောက်သူ 'မင်းနိုက်ဖိုးကျန်'က ခုတော့သူများပိုက်ဆံနှင့်မို့ လက်ဖက်ရည်သာမက ဘီယာဘက်ကိုပင် ဦးလှည့်ချင်နေပြီ။ သို့သော်သူ့ကျေးဇူးက အတူးရှိသည်။

ဘီလူးမသနပ်ခါးသွေးရင်း လှမ်းပြုံးပြသည်ဟု အိပ်မက်မက်စဉ်က 'ချစ်သူကောင်းကို ရလတ္တံ့' ရယ်လို့ ဟောကိန်းထုတ်ပေးခဲ့ဖူးသည်။ မာဂရက်ချွန် ခေါင်းညိတ်မိသောအခါ ကိုယ့်ဆရာလိုအပ်တာထက် 'အိုဗာ' ဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အနောက်တိုင်းသုတေသီတစ်ဦးက ဆိုထားတယ်ဗျ၊ အဲဒီ လူနာမည်တော့ ကျုပ်မမှတ်မိဘူး။ သတ္တဝါတွေထဲမှာ လူကစည်းကမ်း အမဲ့ဆုံးပဲတဲ့၊ မဆာဘဲ စားတယ်၊ မငတ်ဘဲနဲ့ သောက်တယ်၊ ပြီးတော့ ရာသီမရွေး မိတ်လိုက်တယ်တဲ့"

"အွန် . . . ဘာဆိုင်လို့လဲ"

"ဟာ . . . ဆိုင်တာပေါ့ဗျာ . . . ကျုပ်တို့ဂေါတမမြတ်စွာ ဘုရားကဟောထားတယ်မဟုတ်လား၊ သဘာဝသင့်စွာနေထိုင်ရမယ် တဲ့၊ ဥတုသဘာဝ၊ အာဟာရသဘာဝ . . . စသဖြင့်ပေါ့ဗျာ၊ ပြီးတော့ 'ယောနိသော မနသီကာရ' သင့်တင့်လျောက်ပတ်စွာနှလုံးသွင်းနေထိုင် ရမတဲ့၊ ဒီတော့ စည်းကမ်းအမဲ့ဆုံးသတ္တဝါတွေထဲမှာ အရာရာသဘာဝ မျှတစွာနေထိုင်တတ်တဲ့သူအဖြစ် ခင်ဗျားနေပြရတော့မယ်လေ"

မာဂရက်ချွန်တကယ်တော့နားမလည်ပါ။ သို့သော် နားမလည် ဘူးဆိုခဲ့ပါက ညံ့ရာကျမည်မို့ ရောယောင်ခေါင်းညိတ်လိုက်ရ၏။ 'မင်းခိုက်ဖိုးကျန်'က အနောက်တိုင်းစာပေများကိုမူရင်းအတိုင်းဖတ်မှတ် လေ့လာခဲ့ဖူးသည်။ အရှေ့တိုင်းအတွေးအခေါ်ဒဿနဆိုင်ရာစာအုပ် စာတမ်းများကိုလည်း ထုံးလို့ချေ၊ ရေလို့နှောက်ကာ ချောက်ချားမွှေနှောက် နိုင်စွမ်းရှိသည်။

"အနောက်လိုတော့ 'ချီးယားစ်'၊ အရှေ့လိုတော့ 'ကမ်းပေ့' လာဗျာ . . . ခင်ဗျားအတွက် 'အောင်ပွဲ' . . . "

'မင်းခိုက်ဖိုးကျန်' က ဘီယာခွက်ကိုမြှောက်ပြီး ခွမ်ခနဲနေအောင် တိုက်ကာ 'ဝမ်းစတုတ်ဒ်' တစ်ဘရိတ်တည်းမော့ချလိုက်တော့သည်။ မာဂရက်ချွန်မနေနိုင်တော့။

"ဟော့လူ . . . ခင်ဗျား . . . ဒါဘီယာဗျ လူလိုသောက်ပါ၊ တဟီတီကျွန်းမှာရောက်နေသလိုတစိမ့်စိမ့်ချင်းစုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နိုး ... နိုး ... ခွက်ချင်းတွေပြီးရင် မချရဘူး ... မနား ရဘူး၊ 'ဝမ်းစတုတ်ဒ်' တစ်ချက်တည်းမော့ပစ်ရတာ၊ ဒါဝက်စ်တန် စတိုင်လ်"

နောက်တစ်ခွက်ထပ်ငှဲ့ဖို့ စားပွဲထိုးကောင်လေးကိုလှမ်းခေါ် လိုက်သည်။ မာဂရက်ချွန်ကတော့ 'ဝက်စ်တန်စတိုင်လ်' မလုပ်နိုင်။ ငှက် ဖျားပျောက်ဆေး ဆေးခါးကြီးသောက်တုန်းကလို တစ်ငုံချင်းတစ်ငုံချင်း။

"ဟော့လူ ... ခုန ကျွန်တော့်စကားဘယ်ရောက်သွားပြီလဲ"

"ဝက်စ်တန်စတိုင်လ်လေ"

"အာ ... မဟုတ်ပါဘူး။ ဟို ... သပွာယလေ"

"ဪ ... အင်း"

"အေး ... ဆိုလိုတာက ခုန 'ယတြာ' က ဘယ်လို ... အဲ ... အဲ ကိုယ်ချစ်ခင်နှစ်သက်နေတဲ့သူကို ကိုယ်သုံးနေတဲ့ လက် ကိုင်အိတ်လေးပေးရမယ် ဟုတ်ပြီ၊ အခုသူက သူကိုင်နေတဲ့လက်ကိုင် အိတ်လေး ခင်ဗျားကိုပေးတယ်ဆိုတော့ ဒါ ခင်ဗျားကိုသူချစ်ခင်နှစ်သက် နေပါပြီလို့ ဝန်ခံလိုက်တာပဲဗျ။ 'လော့ဂျစ်'အရ ဒီလိုပဲလာမယ်လေ"

မာဂရက်ချွန် မျက်လုံးကြီးနှစ်လုံးဝင်းလက်သွားလေသည်။

"စား ... သူငယ်ချင်း၊ လိုရင် နောက်တစ်ဂျား"

မြေပဲဆန်ပန်းကန်နှင့်ငါးမုန့်ကြော်ပန်းကန်ကို 'မင်းခိုက်ဖိုးကျွန်' ရှေ့ တိုးပေးလိုက်၏။ လိုအပ်ရင် နောက်ထပ်တစ်ဂျားတောင်မှာဦး တဲ့။

"ဒါ ... ဒါပေမယ့် သူ့ခမျာ ကျူပ်ထက်ဦးတဲ့လူတစ်ယောက် ရှိတယ်ဗျ။ သူ့နာမည်က 'ဝင်းဖော်လတ်' တဲ့"

"အာ ... ရှိရှိဗျာ တစ်ယောက်တည်းပြေးရတာ ကိုယ့်ခြေ မပေါ်ဘူးဗျ။ သူများနဲ့ပြေးမှခြေပေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မလုပ်ပါနဲ့ဗျာ၊ ကျုပ်ကတစ်ယောက်တည်းပြေးတာတောင် ဒုတိယရနေတဲ့ကောင်ဗျ"

'မင်းခိုက်ဖိုးကျန်' လိုအပ်သည်ထက် အသံပိုမြှင့်ပြီး တဟားဟားရယ်ပစ်လိုက်သည်။ ဘုရင့်သမီးတော်ဆီမှာ ကြင်ယာဘက်အရွေးခံဖို့ ခုနစ်ပြည်ထောင်မင်းသားများ ပန်းကုံးစွပ်ပွဲဝင်ပြိုင်ရတာ ကြားဖူးသည်။ အခုက နှစ်ပြည်ထောင်တည်းယှဉ်ရမှာ။

"စစ်မရောက်ခင် မြားကုန်တဲ့စကားမပြောနဲ့၊ ဒါ ယောက်ျားကောင်းတွေရဲ့ အလုပ်မဟုတ်ဘူး၊ ပြိုင်ရမယ် . . . ခင်ဗျား ဝင်ပြိုင်ရမယ်"

"ဟိုး . . . ကျောက်ခေတ်တုန်းကလိုဆို ပိုကောင်းမှာ၊ ကိုယ်ကြိုက်နေတဲ့မိန်းမတစ်ယောက်ကို တင်းပုတ်နဲ့မေ့လဲအောင်ထုပြီး ကိုယ်နေတဲ့ဂူထဲ ထမ်းခေါ်လာလိုက်၊ အဲဒီမိန်းမ ကိုယ်ပိုင်ရော"

"ဟား . . . ဟား . . . ဟား . . . ဟား . . . အကြံကြီးပါပေ့ကိုယ့်လူရာ၊ အေး . . . ခင်ဗျားလိုလူလား ရမှာ၊ ခင်ဗျားအတွက် တင်းပုတ်နဲ့ထုစရာမိန်းမတစ်ယောက်မှတောင် ကျန်လိုက်မှာမဟုတ်ဘူး"

'မင်းခိုက်ဖိုးကျန်' ရယ်နေပုံမှာ 'ဗိုလ်အောင်ဒင်' က 'ဦးဘချစ်' ကို ခနဲ့နေပုံမျိုး။ မာဂရက်ချွန်ခများမှာတော့ မီးရထားမမီလိုက်သော ခရီးသည် ကောဘူတာလေးထဲတစ်ယောက်တည်းကျန်နေခဲ့ရသည့်ပုံ။

"ဟေး . . . တစ်ခုရှိတယ်၊ ကျုပ်ပြောတဲ့ ယတြာလေးတစ်ခု ခင်ဗျားလုပ်နိုင်ရင် ပြီးပြီ"

"သိပ်မခက်တာလေး လုပ်ဗျာ . . . စမ်းကြည့်ပါ့မယ်"

"ဒါ . . . ကျုပ်ကိုယ်ပိုင်မဟုတ်ဘူး၊ တရုတ်တွေးခေါ်ပညာရှင်ကြီး လောက်ဇူပြောခဲ့တဲ့ တောက်တယ်ကျင်း (ခေါ်) ဆောက်တည်ရေးကျင့်စဉ်တော်ကြီးထဲက . . . "



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဘာသာခင်ဗျား ဘယ်ထဲကဖြစ်ဖြစ် ကျုပ်အတွက် အကျိုးရှိရင်လုပ်ပါ့မယ်"

"ဒါဆို ကြံ့လက်တစ်ဝါးစာကိုဖြတ်၊ ပြီးရင် သံချွန်နဲ့စက်ဝိုင်းဝိုင်းပြီးရင် တြိဂံတစ်ခုရေး။ အဲဒီအလယ်မှာ၊ ခင်ဗျားဘာနေ့သား ..."

"အင်္ဂါ"

"အေး ... အဲဒီအလယ်မှာ အင်္ဂါဓာတ်'သုံး'ကိုရေး ... သူက ဘာနေ့သမီးလဲ"

"သူလည်း အင်္ဂါပဲ"

"ဟုတ်ပြီ ... အဲဒီတြိဂံထိပ်မှာ (၃) ဂဏန်းကိုထပ်ရေး ... ပြီးရင် စက်ဝိုင်းတစ်ဝိုင်းထပ်ခပ်လိုက် ... ဒါပဲ၊ တစ်ခုတော့ရှိတယ်နော်၊ အဲလိုသံချွန်နဲ့စခြစ်ပြီဆိုကတည်းက သူ့ကိုရည်မှန်းပြီး မေတ္တာဓာတ်တွေပို့လွှတ်ရလိမ့်မယ်၊ သူငါ့အပေါ်ချစ်ခင်တိမ်းညွှတ်လာပါစေဆိုပြီးအာရုံပြုရမယ်၊ တစ်နည်းအားဖြင့် 'တယ်လီပသီ'ဆက်သွယ်ခြင်းပေါ့၊ ဘယ့်နှယ်လဲ ရမလား"

"အိုကေ ... အဲ ... ပြီးရင် ဘာဆက်လုပ်ရမလဲ"

"ပြီးရင် ကြာသပတေးနေ့မနက်ခြောက်နာရီကနေ ခုနစ်နာရီခွဲအတွင်း သူ့လက်ထဲကို ရောက်အောင်ပေး"

မာဂရက်ချွန်စကားတစ်ခွန်းမှမပြောတော့။ မျက်နှာက ပြူးလိုက်၊ မဲ့လိုက်နှင့်၊ ပါးစပ်ကလည်းပွစိပွစိ။ 'မင်းခိုက်ဖိုးကျန်'ကတော့ ...

"ချာတိတ်ရေ ... နောက်တစ်ဂျားယူခဲ့ဟေ့"

*****



www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

"ဟယ် . . . လို"

"ဟုတ်ကဲ့ပြောပါ"

"ဩော် . . . ကိုမာဂရက်ချွန်နဲ့ ပြောချင်လို့ပါ"

"ဟုတ် . . . ခဏကိုင်ထားပါနော်"

"ဟုတ်ကဲ့ရှင့်"

"ဟယ်လို"

"ကိုမာဂရက်ချွန်လား"

"ဟုတ်ကဲ့ . . . ဩော် . . . မဆင့်လား'

"ဟုတ် . . . ဖြေနိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဖြေနိုင်ပါတယ်ဗျာ . . . ဩော် . . . မနက်ဖြန် မဆင့်ခဏအားလား"

"အွန် . . . ရပါတယ်၊ ဘာပြောစရာရှိလို့လဲ ခုပြောလည်း ရပါတယ်"

"မဟုတ်ဘူး၊ ပေးစရာရှိတာ . . . အဲဒါ လူချင်းတွေ့မှဖြစ်မှာ"

"ဩော် . . . မနက်ဖြန် ဟိုဘက်လမ်းထိပ်က လက်ဖက်ရည် ဆိုင်က စောင့်နေ၊ ဒီတစ်ခါတော့ မမှားနဲ့တော့နော်"

"နေဦး . . . နေဦး . . . ဘယ်အချိန်လဲ"

"ကိုမာဂရက်ချွန်က ဘယ်အချိန်အားတာလဲ"

"ကျွန်တော် မနက်ဖြန် သုံးနာရီဆိုအားပြီ"

"အိုကေ . . . ဒါဆို သုံးနာရီနဲ့လေးနာရီအတွင်းရောက်အောင် လာခဲ့မယ်"

"အိုကေ"

*****



www.burmeseclassic.com

www.burmeseclassic.com



(၁၇)

ဗန်ဒါပင်အရိပ်ကောင်းကောင်းနှင့် "လင်းပွင့်သစ်" လက်ဖက်ရည်ဆိုင်လေး၏ ထောင့်ကျကျစားပွဲတစ်လုံးတွင် ငြိမ်သက်နေသော မုန့်တိုင်းတစ်ယောက်ထိုင်နေသည်။ ရေနွေးကိုငှဲ့သောက်လိုက်၊ စီးကရက်ကို ဖွာရှိုက်လိုက်၊ လက်ဖက်ရည်ကို ကောက်မော့လိုက်နှင့် ငြိမ်သက်စွာမငြိမ်မသက်ဖြစ်နေတော့သည်။ လက်ပတ်နာရီကိုလည်း တကြည့်ကြည့်ဖြင့်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မြစ်တစ်စင်းစီးဆင်းလာချေပြီ။ မိုးပြာရင့်ရောင်အင်္ကျီနှင့် ထဘီပြာနက်နက်ကိုဝတ်ဆင်ထားသောမခင်ဖုန်းဆင့်တစ်ယောက် စည်းချက်ညီစွာ လျှောက်လှမ်းလာချေသည်။ ဆိုင်ထဲမှသပ္ပုရိသအပေါင်း၏မျက်လုံးများက မိုးပြာရင့်ရောင်မြစ်တစ်စင်း၌စုဆုံကြလေ၏။ အပြုံးဖြင့် မာဂရက်ချွန်ရှိရာစားပွဲသို့ ရောက်လာသော . . .

"ရောက်နေတာ ကြာပြီလားအစ်ကို . . . မေတ္တာဖျန်းမှ လန်းဆန်းမယ်"

"မကြာသေးပါဘူးမဆင့် . . . မေတ္တာဖျန်းမှ လန်းဆန်းမယ်"

"ကျွန်မသူငယ်ချင်းဆီ ဖုန်းဆက်နေလို့ . . . နည်းနည်းနောက်ကျသွားတယ်၊ မေတ္တာဖျန်းမှ လန်းဆန်းမယ်"

"အို . . . မေတ္တာဖျန်းမှ လန်းဆန်းမယ် ကိစ္စမရှိပါဘူး။ အစ်ကိုက တွေ့ချင်လို့ခေါ်ရတာ စောင့်ရမှာပေါ့၊ မေတ္တာဖျန်းမှ လန်းဆန်းမယ်"

"ကဲ . . . ပြော . . . ဘာပြောမလို့လဲ၊ မေတ္တာဖျန်းမှ လန်းဆန်းမယ်"

"မဆင့်ကို လက်ဆောင်တစ်ခုပေးချင်လို့၊ မဆင့်ကိုယ်နဲ့မကွာ ဆောင်ထားပါနော်၊ မေတ္တာဖျန်းမှ လန်းဆန်းမယ်"

မာဂရက်ချွန်က ခင်ဖုန်းဆင့်ပေးထားသော ရွှေချည်ထိုးလက်ကိုင်အိတ်လေးကို စားပွဲပေါ်တင်လိုက်သည်။ လက်ကိုင်အိတ်လေးကို မြင်တော့ ခင်ဖုန်းဆင့် ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ဖြစ်သွား၏။

လက်ကိုင်အိတ်ထဲမှ အရာဝတ္ထုကို 'စလိုမိုးရှင်း' ထုတ်ပြလိုက်သည်။

"မဆင့် . . . ဒီမှာကြည့်"

"ဒန် . . . ဒန် . . . ဒန်"

လက်တစ်ဝါးစာကြေးဆစ်ကလေးကိုတွေ့သောအခါ ခင်ဖုန်းဆင့်



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ လန့်သွားသည်။

"ဒါ . . . ဒါ . . ."

"ဒါ . . . မဆင့်အတွက် အထူးယတြာကောင်း၊ အဟဲ . . . မေတ္တာဖျန်းမှလန်းဆန်းမယ်"

"ဒါ . . . ဒါကိုဆောင်ထားရင် ဘာတွေထူးမှာလဲဟင်၊ မေတ္တာဖျန်းမှလန်းဆန်းမယ်"

"ထူးမယ် . . . ထူးမယ် . . . ယုံယုံကြည်ကြည်သာ ဆောင်ထား၊ မုချလက်ငင်းအကျိုးပေးပါလိမ့်မယ်၊ အဟဲ . . . မေတ္တာဖျန်းမှ လန်းဆန်းမယ်"

"နေ . . . နေပါဦး၊ အစ်ကိုစကားပြောတာ ဘာလို့မေတ္တာဖျန်းမှ လန်းဆန်းမယ် ထည့်ထည့်ပြောနေရတာလဲ"

"ဟာ . . . ညီမကလည်း၊ ဟိုဆရာပေးထားတဲ့ 'ယတြာ' စာရွက်ကိုလည်း ပြန်ကြည့်ဦးလေ၊ မေတ္တာဖျန်းမှ လန်းဆန်းမယ်"

ထိုအခါကျမှ မာဂရက်ချွန်ရော၊ခင်ဖုန်းဆင့်ပါ သတိရသွားပြီး တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပွင့်ပွင့်လင်းလင်းရယ်လိုက်ကြလေသည်။ ဘေးခုံများမှလူများကတော့ သူတို့နှစ်ယောက်ကို နားမလည်နိုင်စွာစောင်းငဲ့ကြည့်ပြီး မနှစ်မြို့စွာမှတ်ချက်ချလိုက်ကြလေတော့သည်။

"မေတ္တာဖျန်းမှ လန်းဆန်းမယ့်သူတွေ"

## ယတြာ - ၆

*ဗုဒ္ဓဟူးနေ့တစ်နေ့လုံး စကားပြောကာတွင် 'မေတ္တာဖျန်းမှ လန်းဆန်းမယ်' ဆိုသောစကားကို မကြာမကြာထည့်ပြောရမည်ပါ။*

*****

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



(၁၈)

“ခင်ဗျားခိုင်းတာ ကြာသပတေးနေ့ မနက်ခြောက်နာရီက ခုနစ်နာရီခွဲအတွင်း ဆိုတော့ နည်းနည်းခက်တယ်ဗျ . . . သူများ သားသမီးကို မနက်အစောကြီးတွေ့ချင်ပါ တယ်ဆိုပြီးခေါ်ထုတ်ရတာ လွယ်တာမှတ်လို့ ဒါနဲ့ကျုပ်လည်း ဗုဒ္ဓဟူးနေ့ကအခွင့်သင့်တာ နဲ့တွေ့လိုက်ရတယ် . . . ခင်ဗျားပေးခိုင်းတဲ့ ကြဲဆစ်လည်းပေးလိုက်ပြီ”

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



'မင်းခိုက်ဖိုးကျုန်'ကခေါင်းတညိတ်ညိတ်နှင့် လက်ထဲက စီးကရက်ကို ထပ်ခနဲပြာချွေလိုက်ပြီး လက်ဖက်ရည်ခွက်ကို ကောက်ကိုင်လိုက်သည်။ ပြီးတော့ ခေါင်းကိုငဲ့စောင်းရင်း လက်ညှိုးလေးကိုထောင်ကာထောင်ကာဖြင့် . . .

"ဗုဒ္ဓဟူးနေ့ ဘယ်အချိန်ကလဲဗျ"

"အင်း . . . သုံးနာရီနဲ့ လေးနာရီအတွင်းလောက်ပဲ"

'မင်းခိုက်ဖိုးကျုန်'က မေးဖျားကိုလက်ညှိုးဖြင့်တတောက်တောက်ခေါက်ရင်း စဉ်းစားနေသည်။

"သုံးနာရီနဲ့လေးနာရီ ဟုတ်ပြီ၊ ကောင်းတယ် သောကြာအချိန်ပဲ၊ မမျှော်လင့်ဘဲကောင်းသွားတယ်၊ ဒိုကေ . . . အင်္ဂါတိုင်ထိပ်မှာရှိနေတဲ့အချိန် ခင်ဗျားတို့နှစ်ယောက်စလုံးကလည်း အင်္ဂါဆိုတော့ ပြီးပြီပေါ့"

"ဆရာ ဒီ့ထက်ပိုကောင်းသွားအောင် ဘာထပ်လုပ်ရရင်ကောင်းမလဲလို့"

မာဂရက်ချွန်က ဆရာများပင်ပြောင်းခေါ်ချေပြီ။ ဒီတော့ 'မင်းခိုက်ဖိုးကျုန်'လည်း မာန်တက်ပြီပေါ့။

"အွန်း . . . ဒီတစ်ခါလုပ်ရမယ့်အစီအရင်ကတော့ နည်းနည်းကြမ်းတယ်၊ လုပ်ရမှာအားနာစရာကြီးဗျ"

မာဂရက်ချွန်၏ခေါင်းကြီး 'မင်းခိုက်ဖိုးကျုန်'နားတိုးကပ်သွားလေသည်။ ချစ်ရေးဖူးဟာအတွက်ဆို ကြမ်းပါစေ၊ ရမ်းပါစေ၊ မကြောက်မရွံ့၊ နောက်မတွန့်စတမ်း၊ ရေကူးရေခန်း၊ ပွဲကြမ်းချင်လွန်းလှသည်။

"ကဲ . . . လာဗျာ၊ ဘီယာဆိုင်မှာ ဆက်ပြောကြရအောင်"

* * * * *

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



## (၁၉)

"အေးဗျာ . . . အခုလိုစကားခေါ် ပြောရတာ အားတော့နာပါတယ်၊ ဒါပေမယ့် မပြောရင်မဖြစ်လို့ ပြောထားမှဖြစ်မယ်"

မာဂရက်ချွန်ကို ဝင်းဇော်လတ်က တွေ့လိုကြောင်း ခင်ဖုန်းဆင့်ထံမှစကား အဆက်အသွယ်ရသည်။ သို့ဖြင့် 'လင်းပွင့်သစ်'လက်ဖက်ရည်ဆိုင်သို့ ခုလိုချိန်းဆိုလိုက်ရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မာဂရက်ချွန်ရောက်သွားချိန်မှာပင် ဝင်းဇော်လတ်ရောက်နှင့်ပြီးဖြစ်သည်။ ဆိုင်ရှေ့မှာ မယ်သီတာကိုခိုးယူသွားခဲ့ဖူးသော ဒသဂီရိ၏ပန်းရထားကြီး ထိုးဆိုက်ထားသည်ကို။ မာဂရက်ချွန်ကိုမြင်သော် ဝင်းဇော်လတ်က လက်မြှောက်ပြီးလှမ်းခေါ်လိုက်သည်။ ရှေ့သို့ လက်ဖက်ရည်ကျဆိမ့်တစ်ခွက် ရောက်လာသည်။ ဖွန်းဖြင့် လက်ဖက်ရည်ခွက်ကို စိတ်မပါ့တပါမွှေလိုက်စဉ် ဝင်းဇော်လတ်က လန်ဒန်စီးကရက်ဘူးနှင့်မီးခြစ်ကို သူ့ရှေ့သို့တိုးပေးလိုက်သည်။

"ဒီလိုဗျ . . . ဘရားသားနဲ့ပတ်သက်နေတဲ့ ခင်ဖုန်းဆင့်ဆိုတာ . . . ကျွန်တော့်ရည်းစားမှန်းသိမှာပေါ့နော်"

မာဂရက်ချွန်မဖြေ။ ဝင်းဇော်လတ်ကိုသာ တစ်ချက်စောင်းကြည့်လိုက်သည်။ ဝင်းဇော်လတ်က စီးကရက်မီးခိုးများကိုမှုတ်ထုတ်လိုက်ပြီး . . .

"ပွဲလန့်တုန်းဖျာခင်းတယ်ဆိုတာ လူကြီးလူကောင်းတွေရဲ့အလုပ်မဟုတ်ပါဘူးဗျာ"

မာဂရက်ချွန်ထောင်းခနဲဖြစ်သွားသည်။ သို့သော် 'ပညာရှိအမျက် အပြင်မထွက်'တဲ့။ အချိုသတ်ပြီး သာသာနှင့်နာနာနက်မည်စိတ်ကူးသည်။

"သူများမကစားချင်တော့လို့ လွှင့်ပစ်ထားတဲ့အရုပ်တစ်ရုပ်ကို ကောက်ပြီး ဧည့်ခန်းမှာတန်ဖိုးထားပြီးချိတ်ထားတာရော မဖြစ်နိုင်ဘူးလား"

"ဟား . . . ဟား . . . ဟား . . . ပိုင်ရှင်မသိအောင်ယူရင် အဲဒီလူဟာ 'သူခိုး' ပဲပေါ့ . . . ဗား . . . ဟား . . . ဟား"

ဝင်းဇော်လတ် မဆီမဆိုင်လှောင်ရယ်ရယ်ရင်းလျှောက်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတော့သည်။

"မိန်းမတစ်ယောက်ရဲ့အချစ်ကိုရဖို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရိုးရိုးသားသားကြိုးစားတာ သူခိုးအရာမမြောက်ပါဘူးဗျ"

မခံချင်စိတ်နှင့်မို့သာပြောလိုက်သည်။ စကားကဘယ်လို အဓိပ္ပာယ်မျိုးဖွင့်ဆိုနိုင်သည်မသိ။ ဝင်းဇော်လတ်ကတော့ စီးကရက်ကိုသာ စွပ်ဖွာနေတော့သည်။ သူ့ကြည့်ရတာ နွားချေးပုံပေါ်တုတ်ချောင်း စိုက် နေသည်နှင့်တူလွန်းလှသည်။ စီးကရက်မီးခိုးငွေ့များကြားမှ မာဂရက်ချွန်ကို မခိုးမခန့်ကြည့်လိုက်ရာ အပေါ်စားရုပ်ရှင်တွေထဲက လူဆိုးကြီးတစ်ဦး၏ သရုပ်ဆောင်ချက်ကို ခိုးချထားမှန်းသိသာလွန်းသည်။

"ဒီကိစ္စနှင့်ပတ်သက်လို့ ဒီလိုရှိပါတယ်ဘရားသား၊ မိန်းမယူ တယ်ဆိုတာ ဖိနပ်ဝယ်ရသလိုပါပဲ၊ ကိုယ့်ခြေထောက်နဲ့သင့်တော်မယ့် နံပါတ်ဆိုဒ်ကိုပဲရွေးဝယ်ရတယ်၊ ဖနောင့်ထွက်နေရင်လည်းကြည့် မကောင်းဘူး၊ ဆိုဒ်သေးနေရင်လည်းခြေထောက်ပေါက်မယ်၊ သူများ စီးနေတဲ့ဖိနပ်ကို ဘာလို့ဖွတ်ချွတ်ယူချင်ရတာလဲဗျာ"

စကားလည်းပြော၊ စီးကရက်ပြာကိုလည်း ဟန်ပါပါချွေလိုက် ၏။ မာဂရက်ချွန်ကလည်း အားကျမခံ၊

"ဒီလိုလုပ်ဗျာ၊ 'ဗိုလ်အောင်ဒင်' နဲ့ 'ဦးဘချစ်' ကို 'မမြဝင်း' ရွေးသလိုပေါ့၊ လက်ကိုင်ပဝါနှစ်ထည်ချပေးထားမယ်၊ 'မမြဝင်း' ကြိုက်တဲ့ လက်ကိုင်ပဝါကိုရွေးပါစေ . . . ဘယ့်နှယ်လဲ"

ထိုအခါ ဝင်းဇော်လတ် တထိန်းထိန်းမြည်တွန်သံပြုလေတော့ သည်။ မာဂရက်ချွန်ကလည်း နံရံကပ်စက္ကူကိုတဖြီးဖြီးခွာသလိုမြည် သံကိုပြု၏။

"ဘရားသားက တကယ်စိတ်ကူးယဉ်တာပါလားဗျ . . . အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးကိစ္စကို လက်ကိုင်ပဝါရွှေးသလိုမျိုးနဲ့တော့ သေးသိမ်အောင် မလုပ်ပါနဲ့ဗျာ၊ 'အိမ်ထောင်မှု၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးခု ချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုး'လို့ စာချိုးတောင်ရှိခဲ့သေးတာပဲ. . . အဟာတ် . . . အဟာတ်"

"ခင်ဗျားပြောတဲ့သုံးခုက တစ်ခုကျန်နေသေးတယ်၊ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုးပါဗျ ခင်ဗျားကလည်း"

မာဂရက်ချွန် အမှားပြင်ဆင်ချက်ဖြည့်စွက်ပေးလိုက်သဖြင့် ဝင်းဇော်လတ်မျက်နှာကွက်ခနဲပျက်သွားသည်။

"ဘာပဲဖြစ်ဖြစ်ဗျာ ဖျက်ရတာခက်တာက ခက်တာပါပဲ"

ဝင်းဇော်လတ် ရှက်ရမ်း,ရမ်းသည်။

"ပွတ်ရှိကင်ကတော့ မိန်းမတစ်ယောက်အတွက်နဲ့သေနတ်ချင်းယှဉ်ပစ်ရင်းသေသွားခဲ့တယ်၊ မိန်းမတစ်ယောက်ကိုချစ်မိတာနဲ့ အဲဒီမိန်းမတစ်ယောက်မှာ ချစ်သူတစ်ယောက်ဆုံးရှုံးသွားရသလို ကျုပ်တို့အတွက်လည်း ကဗျာဆရာတစ်ယောက်ဆုံးရှုံးလိုက်ရတယ်ဗျာ"

မျိုးသူအောင်နှင့်ကျော်ကျော်ထိုက်တို့ပြောဖူးသောစကားကို ပြန်လည်ချဲ့ကားပြီး ပြောကြည့်လိုက်သည်။ ဝင်းဇော်လတ်နည်းနည်း အထင်ကြီးသွား၏။

"ဒီတော့ဗျာ . . . ခင်ဗျားနဲ့ကျွန်တော်လည်း မခင်ဖုန်းဆင့်အတွက်နဲ့ရန်သူတွေမဖြစ်ချင်ပါဘူး။ ဒီလိုလုပ်မလား . . . ချန်ပီယံတံခွန်စိုက်ဒိုင်းကြီးကိုပူးတွဲချန်ပီယံရထားသလို ခြောက်လစီထိန်းသိမ်းထားကြမလား"

ဤစကားကြောင့် ဝင်းဇော်လတ် မျက်မှောင်တစ်ချက်ကြုတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင်ဗျားနဲ့ကျွန်တော်အပြေးပြိုင်မလား။ ဒီလမ်းပေါ် မှတ်တိုင်တစ်တိုင်စာ အသွားအပြန်တစ်ခေါက် ဘယ့်နှယ်လဲ"

"ဟာဗျာ ... ခင်ဗျား ဘာတွေပြောနေတာလဲ၊ ကဲ ... ဒါဆို မဆင့်နဲ့ပတ်သက်လို့ အမှတ်တရပစ္စည်း ဘာရှိလဲပြော"

ဝင်းဇော်လတ်က စိန်ခေါ်လာချေပြီ။ မာဂရက်ချွန်ပြုံးလိုက်သည်။

"အိုကေ ... မဆင့်က သူကိုင်နေကျရွှေချည်ထိုးလက်ကိုင် အိတ်လေးကို ကျွန်တော့်ပေးထားတယ်ဗျ"

"ဘယ်မလဲ"

"ခု မပါခဲ့ဘူး၊ ကျောင်းကအိတ်ထဲမှာသိမ်းထားတယ်၊ ခင်ဗျား ကြည့်ချင်ရင် နောက်နေ့ယူပြမယ်"

ဝင်းဇော်လတ် လက်ညှိုးကိုထောင်ရင်း ယမ်းပြသည်။

"နိုး ... နိုး ... နိုး ... အခုလက်ထဲမှာရှိတာပဲပြနိုင်ရမယ်၊ တကယ်ချစ်ရင် ကိုယ်နဲ့မကွာရှိနေရမယ်လေ"

သူ့လက်ကိုင်အိတ်ကိုဆွဲယူလိုက်ပြီး ဇစ်ကိုဗြဲခနဲဆွဲဖွင့်လိုက်သည်။ ကားသော့တစ်ချောင်းထွက်လာ၏။ လက်ကိုင်ဖုန်းတစ်လုံး ထွက်လာ၏။ ပြီးတော့ ... ပြီးတော့ ... လက်တစ်ဝါးစာကြဲဆစ်ကလေး ထွက်လာသည်။ ပြီးတော့ ဓာတ်ပုံလေးတစ်ပုံ ထွက်ကျလာသည်။ မခင်ဖုန်းဆင့် ... ပြုံးနေပါလား။ ဒီအပြုံးကြောင့်ပဲ စစ်ရှုံးသူဒူးထောက်၊ လက်မြှောက်ရတော့မှာပါလေ။

မာဂရက်ချွန် ကြဲဆစ်ကလေးကို ဖျတ်ခနဲ ဆွဲယူကြည့်မိသည်။ စက်ဝိုင်းနှစ်ထပ်ထဲမှာ 'တြိဂံ' ... တြိဂံထဲမှာ အင်္ဂါနံ(၃)ကွန်နီး သေချာပါပြီ ... ဒါ သူပေးထားသော 'တောက်တယ်ကျင့်အခ်ီအရင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလေး' ပဲ။ မလွဲ . . . လုံးဝမလွဲ။ ဒီပစ္စည်းလေးက 'ဂမ္ဘီရဆရာမင်းခိုက်ဖိုးကျန်' စီရင်ပေးသော 'ချစ်စေယတြာလေး' မဟုတ်လား။ ခင်ဖုန်းဆင့်ကိုပေးထားတာ ဘယ်လိုလုပ်ပြီး သူ့အိတ်ထဲမှာရှိနေရတာလဲ။

မာဂရက်ချွန် မိုက်ခနဲဖြစ်သွားသည်။ ရင်ဘတ်ကိုယောင်ပြီး ငုံ့ကြည့်မိသည်။ ပွတ်ရှုံကင်လိုမျှား ကျည်တစ်ချက်ထိသွားလေပြီလား လို့။ နောက် အသံတွေကြားရသည်။ မိုးခြိမ်းသံတွေလား . . . ရယ်သံတွေလား . . . ဒါမှမဟုတ် ခွေးဟောင်သံတွေများလား . . . ခွဲခြားမသိနိုင်တော့ပါ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



(၂၀)

"ဒါဆိုရင်တော့ ကိုဝင်းဖော်လတ်ကြီးက ဘယ်လူကြီးလူကောင်းဆန်တော့ပါမလဲဟ၊ လက်ဖက်ရည်ဆိုင်ထိုင်နေတာကို ပိုင်စိုးပိုင်နင်းကြီး ဆွဲခေါ်သွားရတယ်လို့"

ခင်ဖုန်းဆင့်ကတော့ ရှေ့ဆီတည့်တည့်ကိုသာကြည့်ပြီး ငေးရီနေတော့သည်။ 'ဖွဲ့သီသစ်'က ခင်ဖုန်းဆင့်ပြန်ပြောသမျှတွေကို နားထောင်ပြီးမှတ်ချက်ချနေသည်။

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ လမ်းမှာဆင်းနိုင်းခဲ့တာကတော့ တော်တော့်ကို နိုင်းတယ်၊ ညည်းကလည်း ဘာတစ်ခွန်းမှပြန်မပြောဘူးလား၊ ငါသာဆိုရင်တော့ ဒါမျိုးဘယ်ရလိမ့်မလဲ . . . ဟွန်း"

လက်ဖက်သုပ်စားရန်သတိမေ့နေသော၊ အအေးခွက်ကို ကောက်သောက်ရန် သတိမေ့နေသောခင်ဖုန်းဆင့်မှာ မျက်ရည်ဝဲလျက် ဖြေရခက်ပါပေ။

"ခုလည်း ကိုမာဂရက်ချွန်ကို ဘာတွေပြဿနာရှာဦးမလဲ မသိဘူး၊ ညည်းမေးမကြည့်ဘူးလား"

ခင်ဖုန်းဆင့်ဖြည်းလေးစွာခေါင်းယမ်း၏။ သက်ပြင်းဖျော့ဖျော့ လေးကိုလည်း ဝှမ်းခနဲနေအောင်လွှတ်ချလိုက်သည်။ ပြီးမှ . . .

"အဲဒါက အရေးမကြီးဘူး . . . ကိုမာဂရက်ချွန်ပေးထားတဲ့ အဆောင်ပစ္စည်းလေးကိုယူသွားတယ်ဟ . . . လွှင့်များပစ်လိုက်ပြီလား မသိဘူး"

"ဟင် . . . ဘယ် . . . ဘယ်လိုအဆောင်ပစ္စည်းလဲဟ"

"ကြိုးဆစ်ကလေးပါဟာ စက်ဝိုင်းနှစ်ထပ်ထဲမှာ တြိဂံပုံလေး ခြစ်ထားတယ်၊ အဲဒီတြိဂံလေးထဲမှာ ငါ့မွေးနံ (၃) ဂဏန်းရေးထားတာ ဟ"

"သူက ဘယ်လိုလုပ် တွေ့သွားတာလဲ"

"ဟိုနေ့က ငါနဲ့တွေ့တုန်း ငါ့အိတ်ကို ဖွတ်ယူဖွင့်တယ်ဟ၊ အဲဒီ ကြိုးဆစ်ကိုတွေ့သွားတော့ ဒါဘာသဘောလဲလို့မေးတယ်၊ ငါက ဘာမှ မဟုတ်ပါဘူး ဆောင်ထားတာလို့ပဲပြောလိုက်တယ်၊ အဲဒါ သူက သူ့အိတ်ထဲကောက်ထည့်ပြီး ယူသွားတော့တာပဲ"

ဖွဲ့သီသစ်သက်ပြင်းချရမည့်အလှည့်ရောက်ပါပြီ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဖုန်းဆင့်ကို မျက်စောင်းချိုချိုလေးတစ်ချက်လှမ်းထိုးလိုက်သည်။

"ကြည့်ရတာ ကိုဝင်းဇော်လတ်ကြီး ညည်းအပေါ်စိတ်ရှိပုံမရပါဘူးဟာ၊ တွေ့လိုက်ရင်ငေါက်ငမ်းနေတာပဲ ကြင်နာမယ့်ပုံလည်း မပေါ်ပါဘူး။ အေး . . . မရခင်တောင် ဒီလောက်သံယောဇဉ်နည်းနေရင် ညည်းတို့ရများရလို့ကတော့ ပစ်ထားမှာမြင်ယောင်သေး"

ဒီစကားကြားတော့ ခင်ဖုန်းဆင့်မျက်လုံးပြူးသွားသည်။ ဟုတ်တယ်။ ယောကျ်ားတွေဟာ မရခင်ဖျာလိုလိပ်၊ထိပ်ပေါ်တင်ထားကြတာ၊ ရသွားရင်တော့ ဖျာလိုခင်းပြီးနင်းတော့တာပဲတဲ့။ အမယ်လေးအခုဖြင့် မရခင်ကတည်းက ဖျာလိုခင်းပြီး နင်းချင်နေတာ၊ ဘုရား ..ဘုရား.. ရများရလို့ကတော့ ဆင်နင်းထားတဲ့ယပ်တောင်လို ဖြစ်တော့မှာ။ ခင်ဖုန်းဆင့်တွေးရင်းတွေးရင်း ခြေဖျားလက်ဖျားတွေအေးလာသည်။

"မဆင့် . . . ညည်းစဉ်းစားဦး၊ သချ်ာပုစ္ဆာမှားရင် ပြန်တွက်လို့ရတယ်၊ ဒါမျိုးက ပြန်ဖျက်ပြီး ပြန်တွက်ချင်လို့မရဘူး မအတ္တာ"

"အေးဟာ . . . တကယ်တော့ ငါတို့မိန်းမဖြစ်လာတာကိုက ကံဆိုးတာပါဟာ၊ ကိုယ့်အကြိုက်ကို ကိုယ်ကိုယ်တိုင်ရွေးချယ်လို့မရဘူး။ ကိုယ့်အနားကပ်လာတဲ့သူတွေထဲက ကိုယ်နဲ့သင့်တော်မယ်ထင်တဲ့သူကိုပဲ ရွေးရတာ . . . ကံဆိုးကံကောင်းကတော့ နောက်ပေါင်းမှပဲသိရတာ"

သက်ပြင်းချသွဲ့ ပြိုင်နေကြသလားမသိ . . . ။ သူတစ်ပြန် ကိုယ်တစ်ပြန်။

"ရှေးလူကြီးတွေပြောတာမမှားဘူးဟ . . . 'ကုန်ရှုံးရင် တစ်ခေါက် လင်ကုန်ရှုံးရင် တစ်သက်လုံးမှောက်'တဲ့၊ ပြီးတော့ 'လင်နိုး မယား တဖားဖား'တဲ့"

"ကဲ . . . တော်ပါတော့ မယ်သီရာ၊ ရည်းစားလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထားမိပါတယ်၊ စိတ်ထောင်းလို့ကိုယ်ကြေ အရိုးပေါ်အရေတင် မသေမရှင်ဖားတစ်ကောင်ကို ကတ္တရာလမ်းပေါ်ပစ်ထားခံရသလိုပဲ၊ စိတ်ရှုပ်ပါတယ်ဟာ''

ခင်ဖုန်းဆင့် ခေါင်းကိုတဖြီးဖြီးကုတ်ပစ်လိုက်သည်။

''ဘဝအတွက် ရွေးရတာပဲ၊ တစ်သက်လုံးစာသုံးဖို့ဝယ်ထားရတဲ့ပစ္စည်းလိုပေါ့၊ ငါတို့မှာလည်းရွေးခွင့်ရှိပါသေးတယ်ဟ၊ သူနဲ့ရည်းစားဖြစ်ရုံနဲ့ သူ့ကို'လင်'အဖြစ်ပေါင်းဖို့စိတ်ဒုန်းဒုန်းချလို့ဘယ်ရပါ့မလဲ၊ အဲ . . . ညည်းဟိုဆရာ ဘယ်သူ . . . ကိုမာဂရက်ချွန်ကြီးကရော ဘယ်လိုနေလဲ''

''ယောက်ျားပဲဟာ 'ဒီပုတ်ထဲက ဒီပဲ' ပဲနေမှာပေါ့''

ဖွဲ့သီသစ်က အိမ်ထောင်ဘက်ရွေးချယ်ရေးမူဝါဒတချို့ကို ချပြခဲ့သော်လည်း ခင်ဖုန်းဆင့်ကတော့ ဝါးလုံးရှည်နှင့်သိမ်းယမ်းလိုက်ပါသည်။ ဘာကိုမှတော့ သုတ်ထားပုံမပေါ်။

''ညည်းကလည်း အညွန့်တုံးစကား မပြောစမ်းပါနဲ့ဟာ''

''အေး . . . အညွန့်တုံးတာတော်သေး၊ တော်ကြာ နောက်ဘုန်းကြီးနှစ်ချက်ခေါက်နေမှ ဒုက္ခ''

''အဲလိုကြီးတော့ အရမ်းမစွပ်စွဲနဲ့လေဟာ၊ ညည်းသူ့ကို နည်းနည်းပါးပါး သုံးသပ်မကြည့်ဖူးဘူးလား''

ထိုအခါ ခင်ဖုန်းဆင့်တစ်ယောက် နောက်ကြောင်းပြန်ခန်းများကို တဖွတ်ဖွတ်ပြန်ရစ်ကြည့်လိုက်သည်။ ကိုဝင်းဇော်လတ်နှင့်ကတော့ ကွာခြားနေတာအမှန်။ ယှဉ်ပြီးချိန်ထိုးကြည့်ရအောင်ကလည်း ဖြစ်ခဲ့သည်များက ပြုံးချင်စရာများချည်းသာ။ ခုပြန်တွေး၊ ခုပြန်ပြုံးရသည်ကတော့အမှန်။

''ဖြစ်နိုင်မဖြစ်နိုင် ညည်းစဉ်းစားကြည့်၊ အားနည်းချက်အား



www.burmeseclassic.com

www.burmeseclassic.com



သာချက်တွေတွေ့လာလိမ့်မယ်၊ ပြီးတော့ ငါပါဝိုင်းဆုံးဖြတ်ပေးမယ်”

ခင်ဖုန်းဆင့် ဖွဲ့သီသစ်ကိုတွေတွေကလေးငေးကြည့်နေမိသည်။ ညအိပ်ရာဝင်မှ နဖူးပေါ်လက်တင်ပြီးစဉ်းစားရမည်။ ပြီးတော့ လက်ပေါ်နဖူးတင်ပြီး စဉ်းစားကြည့်ရဦးမည်။ စဉ်းစားလို့မရလျှင်တော့ မြောက်ပန်းလှန်ပြီး ဆုံးဖြတ်မည်စိတ်ကူးသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



(၂၁)

အိပ်မရသူတို့၌ ညတာသည် ပိုရှည်၏တဲ့။ အထူးသဖြင့် ဝင်းဇော်လတ်နှင့် မာဂရက်ချွန်တို့အကြောင်းကိုတွေးပြီး အိပ်ရာဝင်ရသည့်မှာ ကျောင်းမှာတုန်းက လက်ဖက်သုတ်အဝစားပြီး တစ်ညလုံးစာထိုင်ကျက်ရသလိုပေ။ အိပ်ရေးပျက်တာပဲ အဖတ်တင်ပြီး စာတစ်လုံးမှခေါင်းထဲမရောက်ခဲ့။ ခုလည်း ထိုနည်းလည်းကောင်း။

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com



ညကြီးမင်းကြီး
ထပြီးထိုင်နေ
အိပ်ရာတွေလည်း
ကြေမွတွန့်လိပ်
သိပ်စိတ်ညစ်တယ်

ဆိုသော ကဗျာဆရာမကြီးကြည်အေး၏ ကဗျာလေးတစ်ပုဒ်က ခင်ဖုန်းဆင့်အတွက်များကြိုတင်နိမိတ်ဖတ်ထားသည့်အနာဂတ်ဟောစာတမ်းများလေလား။ အတွေးများက မီးခိုးငွေ့တွေလိုလွင့်တက်ပျောက်ဆုံးကုန်ကြသည်။ ဖမ်းဆုပ်၍ရနိုင်သည့်အတွေးများသော်မှ သစ်ရွက်ခြောက်ကို လက်ထဲဆုပ်ချေထားမိသလိုပေ။

ယခြာချေခဲ့သည်ကလည်း မနည်းတော့။ အခုလည်း ဗေဒင်ဆရာမှာကြားထားသည့်အတိုင်း ဆောင်ရွက်ခဲ့သော်လည်း မုန့်ဟင်းခါးဖိုးနှင့်ခွေးဖိုးလျော်ခဲ့ရသည်ကလွဲ၍ ဘာအကျိုးမှမထူးခဲ့။

❋ ❋ ❋ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



(၂၂)

နောက်ဆုံးစီရင်ရမည့် ယတြာတစ်ချက်ပဲကျန်တော့သည်။ ကံတူအကျိုးပေးမာဂရက်ချွန်နှင့်တိုင်ပင်ပြီးဆောင်ရွက်ဖို့ ခင်ဖုန်းဆင့် လှမ်းခေါ်ထားသည်။ 'လင်းပွင့်သစ်' မှာ လက်ဖက်ရည်တစ်ခွက်ကုန်ခါနီးထိ မာဂရက်ချွန်ရောက်မလာခဲ့ပေ။ ခင်ဖုန်းဆင့်မှာတော့ နာရီကြည့်လိုက်၊ လက်ဖက်ရည်သောက်လိုက်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်မယ့်ရောက်လာတော့ နာဇီအကျဉ်းစခန်းထဲဝင်ရမည့် 'ဂျူးသုံ့ပန်း' တစ်ယောက်လို ခေါင်းငိုက်စိုက်ချလျှက်ဖြင့် . . .၊ခင်ဖုန်းဆင့်၊ မာဂရက်ချွန်ကို တွေ့လိုက်ရသော်ရတ်တရက်ပျော်သွားမိသည်၊ ဘာရယ် ကြောင့်တော့မသိ။

"ကိုမာဂရက်ချွန် နေကောင်းရဲ့လား"

မာဂရက်ချွန်က ပြန်မဖြေဘဲ ခင်ဖုန်းဆင့်အနီးရှိခုံတစ်ခုံကို ဆွဲယူ ထိုင်လိုက်သည်။

"ဒီနေ့ ကျွန်မတို့ယတြာက လွယ်ပါတယ်နော်"

ခေါင်းညိတ်ခြင်းကိုလည်း ပြန်မရ၊ 'ဟုတ်ကဲ့' ခြင်းကိုလည်း ပြန်မရသဖြင့် ခင်ဖုန်းဆင့်မျက်မှောင်လေးကြုတ်သွားသည်။

"ကိုမာဂရက်ချွန် . . . ရှင်ဘာဖြစ်နေတာလဲ၊ ဝမ်းတော့ မှန်မှန် သွားရရဲ့လား၊ 'ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲဘူး' တဲ့"

မာဂရက်ချွန် ခင်ဖုန်းဆင့်ကို တစ်ချက်စောင်းကြည့်လိုက်သည်။ အောင်နိုင်သူမဖုရားက ပျော်အားနိုင်ရက်ပါပေ့ဟုဆိုသည့်နှယ်။ စစ်ရှုံး သူမို့ အလံဖြူပြတော့မည်ကြံကာ မျက်နှာငွေလ ရှင်ပျပျဖြင့် ခင်မဝမ်း မြောက်ပါလေတော့ဟုပင် ဆိုချင်လှသည်။

"ဒီမှာ ကျွန်မကြိုက်တဲ့မင်းသား . . . ဘယ်သူလို့ထင်လဲဟင်"

လက်ထဲတွင် လိပ်ကိုင်ထားသောပိုစတာကို ထောက်ပြလိုက်ပြီး မာဂရက်ချွန်ကိုမေး၏။ မာဂရက်ချွန်ကတော့ ခေါင်းကို ဒွေးတို့ လုပ်နေကျစတိုင်လ်အတိုင်း ယမ်းပြသည်။

"လာပြီ . . . ဒန် . . . ဒန့် . . . ဒန် . . . နေ . . . တိုး"

ရုပ်ရှင်မင်းသား နေတိုးပိုစတာကို ဖြန့်ပြလိုက်သည်။ မာဂရက် ချွန် ပိုပြီးအားငယ်သွားသည်။ နေတိုးနှင့်သူက ပြဒါးတစ်လမ်းသံတစ် လမ်းကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမာဂရက်ချွန်ကရော ဘယ်သူလဲ သက်မွန်မြင့်လား။ သင်ဇာဝင့်ကျော်လား ပြ"

ပြောပြောဆိုဆိုပင် မာဂရက်ချွန်ရှေ့တွင်ချထားသော ဗိုစတာလိပ်ကို ကောက်ယူလိုက်ပြီး ဖြေကြည့်နေသည်။

"ဟာ . . . နန္ဒာလှိုင် . . . အစ်ကိုက နန္ဒာလှိုင်ခရေဇီလား"

မာဂရက်ချွန် ခေါင်းငုံ့လျက်ကခေါင်းညိတ်ပြလိုက်ရသည်။

"ကြည့်စမ်း . . . အဂ်ီသားက စနေသမီးကို ကြိုက်တယ် . . . အဂ်ီသမီးက စနေသားကို ကြိုက်တယ်၊ အဟတ် . . . စနေ . . . အဂ်ီ ရေနဲ့ကြာတဲ့ တင့်တယ်လိုက်ဖက်တဲ့သဘောပေါ့"

"အဂ်ီ . . . အဂ်ီ . . . ရေနဲ့ကြာရယ်လို့များ လိုက်ဖက်တင့်တယ်ပါရဲ့လားလို့ မာဂရက်ချွန်မေးစမ်းချင်လှသည်။ သို့သော် တစ်စွန်းတစ်ချက်ပြောမထွက်ချေ။

"ကဲ . . . လာ . . . စမယ်၊ အစ်ကိုကလည်း အစ်ကို့ဗိုစတာကိုဖြန့် ဘေးမှာချ ဟုတ်ပြီ၊ ကိုင်း . . . ဆိုရအောင် နေနဲ့လနဲ့နှစ်ပါးပြိုင် သိကြားကိုယ်တိုင်မ,ပြီမို့ နှစ်ပြားဂဟေဆက် သွေမပျက်သစ္စာထား စုလျားရစ်ပတ် လက်ထပ်နိုင်စေမည်"

ရှုတ်ဆိုသံတိုးတိမ်သော်လည်း လက်ဖက်ရည်ဆိုင်ထဲမှာ ရုပ်ရှင်မင်းသားမင်းသမီးရုပ်ပုံကြီးများ ဘေးမှာချပြီး ယတြာချေရသည်ကတော့ လူကြားသူကြား ရှက်စရာ။ ခင်ဖုန်းဆင့်က ရှက်ရကောင်းမှန်းမသိသည့်အဖြင့် လက်ခုပ်လက်ဝါးတီးပြီး ဩဘာပေးနေလိုက်သေးသည်။

"ကဲ . . ယတြာတွေ ပြီးဆုံးသွားပါပြီခင်ဗျား။ ယနေ့မှစ၍ အဂ်ီသားသမီးတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒတစ်ခုံးတစ်ဝတည်း ပြည့်ဝကြစေသော်ဝ်၊ ဟင် . . . 'အစ်ကိုကလည်း ခေါင်လှချည်လား။ စကားလေးဘာလေးပြောဖို့ စိတ်ကူးမရှိတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် . . . ကျွန်တော် . . . မနက်ဖြန်ပြန်တော့မယ် မဆင့်"

မာဂရက်ချွန်ထံမှ ထိုစကားကြားရလေသောအခါ ခုနက ပျော်ရွှင်နေသောခင်ဖုန်းဆင့်မှာ ချက်ချင်းကီးချိန်းသွားလေသည်။

"ပြန်တော့မယ်"

မာဂရက်ချွန် ခေါင်းကိုညိတ်ပြရုံသာ စွမ်းတော့သည်။

"ဘာ . . . ဘာနဲ့ပြန်မှာလဲ ဘယ်အချိန်လဲ"

"ကားနဲ့ပြန်မယ် ညနေ ငါးနာရီ"

နှစ်ယောက်သား စကားတို့ဆွံ့အသွားကြကုန်သည်။

အမှတ်မထင် မာဂရက်ချွန် ခြေထောက်တစ်ဖက်ကို သူ့ပေါင်ပေါ်သူချိတ်တင်ပြီး ဖြင်ထိုင်မိလိုက်၏။

"ဟင် . . . ဒါ . . . ဒါ . . . ဘာလုပ်တာလဲ၊ ကိုမာဂရက်ချွန်"

ချိတ်ထိုင်ထားသောဖိနပ်ကို လက်ညှိုးငုံ့ထိုးပြီးမေးနေသည်။ မာဂရက်ချွန် သူခိုးလူမိဖြစ်သွား၏။ ဟာ . . . သွားပြီ။

"ဟာ . . . ဘာ . . . ဘာမှ . . . "

"ဘာ . . . ဘာမှ မဟုတ်ရမှာလဲ၊ သူများနာမည်ကို ရှင့်ဖိနပ်အောက်မှာရေးထားတာ ဘာမှမဟုတ်ဘူးလား။ ဒါ အောက်လမ်းနည်းသုံးတာမဟုတ်လား မှန်မှန်ပြော"

ဂမ္ဘီရပုဂ္ဂိုလ်ကြီး' မင်းခိုက်ဖိုးကျွန်'၏မဟာဗျူဟာတစ်ရပ်ပါပေ။ ဝင်းဖော်လတ်ဆိုသောနာမည်အား သူစီးသောဖိနပ်အောက်ခြေမှာရေးထားရမည်ဟုအမိန့်ရှိသည်။ နည်းနည်းတော့ကြမ်းသည်။ သို့သော် မတတ်နိုင်။ ဝင်းဖော်လတ်နှင့်ယှဉ်လျှင် အရာရာရှုံးနိမ့်ကျခံနေရသူမို့ အထက်တန်းကျဖို့ ဤနည်းကိုလိုက်နာကျင့်သုံးမိသည်။

"ရှင် သိပ်အောက်တန်းကျတာပဲ"

ခင်ဖုန်းဆင့် တဂကဃမီးဝိုင်းဆိုးသွားဟန်ရှိသည်။ အေးလေး



www.burmeseclassic.com

www.burmeseclassic.com



သူချစ်ခင်မြတ်နိုးရလေသော သူ့အိမ်ဦးနတ်လောင်းနာမည်က 'ဖိနပ်အောက်ခြေ' မှာ ရေးထားခံခဲ့ရသည်ကို။

"ကျွန်တော် . . . ကျွန်တော် အောက်တန်းကျတာမဟုတ်ပါဘူး။ ဓာတ်ရိုက်၊ ဓာတ်ဆင်လုပ်တာလည်း မဟုတ် . . မဟုတ်ရပါဘူး၊ ဟို . . . ဟို . . . အောက်လမ်းနည်းသုံးတာလည်း မဟုတ်ရပါဘူးဗျာ၊ ကျွန် . . . ကျွန်တော် . . . ဘယ်လိုမှမယှဉ်နိုင်တဲ့သူကို ဒီနည်းနဲ့အသာစီးယူမိတာပါ၊ ကျွန်တော် တကယ်တန်ဖိုးထားမြတ်နိုးရတဲ့နာမည်က ဒီမှာပါ"

မာဂရက်ချွန် အကျီအပေါ်ကြယ်သီးသုံးလုံးကိုဖြုတ်ပြီး ဘယ်ဘက်ရင်အုံကိုဖော်ပြလိုက်၏။

"ဒီ"

မာဂရက်ချွန်၏ ဘယ်ဘက်ရင်အုံပေါ်တွင် 'ခင်ဖုန်းဆင့်' ဆိုသော နာမည်ကို Marker Pen ဖြင့် ရေးထိုးထားသည်ကိုတွေ့ရ၏။ ထိုအခါ ခင်ဖုန်းဆင့်အံ့သြချောက်ချားသွားလေတော့သည်။

"ကျွန်တော့်နှလုံးသားနဲ့ အနီးဆုံးနေရာမှာ ကျွန်တော်အမြတ်နိုးဆုံးလူရဲ့နာမည်ရှိပါတယ်၊ ကျွန်တော့်ရင်ခုန်သံမရပ်သရွေ့ အမြဲတမ်းရှင်သန်နေစေချင်လို့ပါ"

ရွာမှာလာက,ဖူးသော 'ရန်ကုန်ဇော်ဝင်း' မုံရွာဓာတ်ထဲက ပြဇာတ်မင်းသားပြောခဲ့ဖူးသောစကားလုံးများကို အလွတ်ကျက်ခဲ့ဖူးသည့်အကျိုးပါပေ။ ခင်ဖုန်းဆင့်ထိုင်နေရာမှဆတ်ခနဲထပြေးသွားလေတော့သည်။ သူနှစ်သက်သည်ဆိုသော 'နေတိုး' ကိုပင်ပြန်မခေါ်နိုင်တော့ဘဲ မာဂရက်ချွန်နှင့်အတူထားပစ်ခဲ့သည်။

"ထားရစ်ပြီလား . . . မဆင့်ရယ်"

❑ ❑ ❑ ❑ ❑

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com

## ကြည့်စမ်း....

အင်္ဂလိပ်သားကြ
စနေသမီးကိုကြိုက်တယ်......
အင်္ဂလိပ်သမီးကြ
စနေသားကိုကြိုက်တယ်......

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၂၃)

သူပြန်ရင် အလွမ်းလေးနဲ့ ကိုယ်ကျန် ××××
ကိုယ်ပြန်ရင် အလွမ်းလေးနဲ့ သူကျန် ××××

အရင်က ဘယ်သူဆိုခဲ့သည်တော့ မသိ။ အခု ပိုးအိစံဆိုနေတာကိုတော့ ကြားဖူးသည်။ ဘယ်သူပြန်ပြန် ပြန်ပြီဆိုမှတော့ ပြန်ရသူများလည်းလွမ်းရသည်။ ကျန်နေခဲ့ရသူမှာလည်း လွမ်းနေရစ်ခဲ့ရသည်။ 'လွမ်းလို့ ကျန်ရစ်မှာကိုလည်း အားနာပါတယ်လေ' ဆိုတာ ဝတ္ထုစာအုပ်နာမည်ပေမယ့် မာဂရက်ချွန်ကတော့ ခင်ဖုန်းဆင့်များလွမ်းကျန်ရစ်နေလေမလားလို့ အလကားအားနာနေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဖုန်းဆင့်တစ်ယောက် အလွမ်းလေးနဲ့ကျန်နေရစ်သလား မသိနိုင်ပေမယ့် မာဂရက်ချွန်ကတော့ အလွမ်းတွေနဲ့ ပြန်ခဲ့ရရှာလေပြီ။ ပြန်ဖို့ ခြေတစ်လှမ်း,လှမ်းလေတိုင်း သူနှင့်ခြေတစ်လှမ်းဝေးသထက် ဝေးလာပြီဆိုသောအသိက ကြေကွဲခြင်းကို ပိုမိုရင့်အိုစေတော့သည်။

အခုမှ အလွမ်းသီချင်းတွေက စုပုံပြီး ဟိုက ဒီက ရောက်လာကြသည်။ စန္ဒရားချစ်ဆွေသီချင်းလည်းပါသည်။ မောင်မောင်ညွှန့် သီချင်းလည်းပါသည်။ ကိုသန်းလှိုင်သီချင်းလည်းပါသည်။ တွံတေး သိန်းတန်သီချင်းနှင့် ဟသ်ာတထွန်းရင်သီချင်းတွေလည်းပါသေးသည်။ မင်းအောင်နှင့်အနိုင်တို့ အောင်သူတို့သီချင်းတွေသာမက ချိုပြုံးနှင့်ပိုးအိစံ သီချင်းတောင်ပါလိုက်သေး။

အလွမ်းဆိုတာ တစ်ယောက်တည်းမလာ . . . အဖော်အပေါင်း နှင့်လာတတ်၏။

ဒါတောင် တွံတေးသိန်းတန်၏ . . .

"ချစ်သူ့ရှိရာ သည်ဌာနဆီသို့ . . . မှန်းဆ . . . တမ်းတပါ သော်လည်း . . . တစ်ခါတစ်ခေါက်ဖြင့် မလာရောက်ဝံ့သူပါကွယ်"

စာသားလေးကိုတော့ ကားပေါ်မှာရန်ကုန်လွန်လာမှဆိုဖို့ ချန်ထားရသေးသည်။

နှုတ်ဆက်ခဲ့ပြီ . . .

ပုဖွန်တောင်ကျောင်းက ဆရာတော်ကို နှုတ်ဆက်ခဲ့သည်။

ပုဏ္ဏားဖြူ၊ပုဏ္ဏားညို၊ မျိုးသူအောင်နှင့်ကျော်ကျော်ထိုက်ကို နှုတ်ဆက်ခဲ့သည်။

အခါတော်ပေးဆရာကြီး ဂမ္ဘီရ မင်းခိုက်ဖိုးကျန်ကိုလည်း နှုတ်ဆက်ခဲ့သည်။

တစ်ယောက်သောသူကိုတော့ နှုတ်မဆက်ခဲ့ရ။ နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မရခဲ့ဆိုက ပိုမှန်ပေလိမ့်မည် . . . 'ခင်ဖုန်းဆင့်'။

လာခဲ့တုန်းက အိတ်တစ်လုံးသာပါခဲ့သည်။ ခုအပြန်မှာတော့ ဝန်စည်စလယ် အပိုနှစ်ခုပါလာခဲ့သည်။ စမ်းချောင်းက စက္ကူစက္ကြာလေး နှင့်အလွမ်းများ . . .။

ခြေလှမ်းတို့သည် ဆင်နှစ်ကောင်နှင့် ဆန့်ကျင်ပြိုင်ရုန်းရသည် သို့ရှိ၏။ အောင်မင်္ဂလာအဝေးပြေးကားဂိတ်ဝင်းအတွင်းသို့ မည်သို့မည်ပုံ ရောက်လာခဲ့သည်မသိ။ အသိတို့သည် ခင်ဖုန်းဆင့်ဆီ၌သာရှိ၏။ ခင်ဖုန်းဆင့်ရှိနေရာရန်ကုန်ဘက်ဆီသို့ ရမ်းရော်ကာလှည့်ကြည့်မိလေသည်။

ကားထွက်ရန်အချိန်နီးပြီမို့ မုံရွာသို့ထွက်ခွာမည့် 'ရွှေမန်းသူ' ကားဂိတ်၌ ခရီးသည်များစုံသလောက်ရှိနေကြပေပြီ။ မာဂရက်ချွန်ကတော့ သင့်ရာနေရာတစ်နေရာမှာ ငူငူကြီးထိုင်နေမိသည်။ ရန်ကုန်ညနေက တဖြည်းဖြည်းရင့်အိုသထက် ရင့်အိုလာရာ . . .

"ရှီး . . ."

ကားထွက်တော့မည်။ ခရီးသည်များ တစ်ဦးချင်းတက်ကြပြီ။ မာဂရက်ချွန်လည်း ခရာသံစေရာမှသည် သတ်မှတ်နေရာသို့ လှမ်းတက်လာခဲ့သည်။ ထိုင်ခုံမှာထိုင်ရင်း မှန်တံခါးမှတစ်ဆင့် မြင်နေရသော ရန်ကုန်မြို့၏အငွေ့အသက်လွှမ်းရာအောင်မင်္ဂလာအဝေးပြေးဂိတ်မြင်ကွင်း ကို ငေးကြည့်နေမိ၏။

"ချစ်သူရှိရာ သည်ဌာနဆီသို့ . . . မှန်းဆတမ်းတပါသော်လည်း . . . တစ်ခါတစ်ခေါက်ဖြင့် မလာရောက်ဝံ့သူပါကွယ်"

ကားထွက်အောင်ပင် မစောင့်နိုင်တော့၊ စိတ်ထဲကဆိုမိနေပေပြီ။

ဘေးနားမှာ လူတစ်ယောက်လာထိုင်နေသည့်အသိကိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနေရာသူ လာထိုင်သည့်ကိစ္စမှို့အရေးမထားမိ။ မှန်တံခါးပြင်ပကိုသာ ငေးရီနေသည်။ ထိုစဉ် ငြိမ့်ခနဲအထိအတွေ့ကို ခံစားလိုက်ရသည်။ ကားစထွက်ပြီပဲ . . . လက်မှနာရီကိုကြည့်လိုက်တော့ ညနေငါးနာရီ။

'ရွှေမန်းသူ'ကားကြီးတစ်စီးက ကြေကွဲအကျိုးနှင့်လူတစ်ယောက်ကို ရန်ကုန်မှသည် မုံရွာဆီသို့သယ်ဆောင်ခေါ်ငင်သွားပေတော့သည်။

"ဟင် . . . မခင်ဖုန်းဆင့်"

အားရဝမ်းသာအော်ပြောလိုက်မိသဖြင့် ဘေးကခရီးသည်များ နည်းနည်းအံ့အားသင့်သွားကြ၏။ ခင်ဖုန်းဆင့်က ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့ အကြည့်ဖြင့်ကြည့်သည်။

"မ . . . မခင်ဖုန်းဆင့် . . . ခရီးသွားမလို့လား"

ခင်ဖုန်းဆင့်ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ဘယ် . . . ဘယ်ကိုသွားမလို့လဲဗျ"

လွမ်းနေသူကြီးက ဝေးနေပြန်ပါပြီ။

ခင်ဖုန်းဆင့် ခေါင်းကလေးငုံ့ကာ . . .

"ကျွန်မယောက္ခမတွေရှိတဲ့ မုံရွာဘက်ကို သွားမလို့"

ပြုံးနေသော မာဂရက်ချွန်မျက်နှာကြီးချက်ချင်းလင်းပုပ်ဖမ်းသွားသည်။

"ဗျာ . . . ယောက္ခမတွေရှိတယ်"

ရှိုးတဲ့သူများဝေးလျှင် သူများထက်ပိုဝေးတတ်သေးသည်။

ခုလည်း ကြည့် . . . မာဂရက်ချွန်တို့ ဝေးနေပြန်ပါပြီ။

"ဟုတ်တယ် . . . အယ် . . . ကိုမာဂရက်ချွန် စက္ကူစကြာက ဒီအတိုင်း ယူလာတာလား . . . စုတ်ကုန်ပါဦးမယ်"

"စုတ်သွားလည်း ကျွန်တော်ယတြာပြောင်းမှာပေါ့ဗျာ စစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကသူငယ်ချင်းတွေဆီ စောင်ချမ်းသားလှမ်းမှာပြီး ဖော်ဂျီ ဆေးကြိတ်တဲ့ပုံ ထုမှာပေါ့၊ 'ကက်ကင်း'လေးထပ်ရတယ်လေဗျာ"

နှစ်ယောက်တည်းသာနားလည်သောယတြာစကားလေးမို့ နှစ်ယောက်တည်းသာ ပြုံးမိကြသည်။

"ဩော် . . . ဒါနဲ့စကားမစပ် မခင်ဖုန်းဆင့်အမျိုးသားက. . ."

ခင်ဖုန်းဆင့် မာဂရက်ချွန်၏စကားကိုဆုံးအောင်ပင်မစောင့် တော့။

"ကိုမာဂရက်ချွန် . . . တဲ့"

ဤတစ်ကြိမ်မှာတော့ နှစ်ယောက်စလုံး၏လှိုက်လှိုက်လှဲလှဲ ရယ်မောသံများက ကားတစ်စီးလုံးဖုံးလွှမ်းသွားလေတော့သည်။

* * *

ချမ်းမင်းအိမ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေသမီးစာပေ

မှ

# ချစ်မင်းအိမ်

ကြိုးကြာတစ်ရာ

စာမူခွင့်ပြုချက်အမှတ် ၅၀၀၆ ၂၀၀၅၀၇

BURMESE CLASSIC

ဒုတိယအုပ်

ရောမဂဏန်း'၅၀'အား၊ 'O'ရဲ့ရှေ့မှာထား
ရောမ ဂဏန်း '၅'ကိုသာ၊ 'E' ရှေ့မှာထားပါ
အဲဒီ ဂဏန်းကြားမှာတော့ မင်းနဲ့ငါရှိပေါ့။ ။ တဲ့...
အဖြေရအောင်ရှာကြည့်ပေါ့
အဖြေမှန်ကိုတော့ မိုးရွာနဲ့တွေ့မှပဲပြောပြတော့မယ်
ကြိုးကြာ....

## မကြာမည်ထွက်ပါတော့မည်။

✿ ရွှေသမီးစာပေ ✿

www.burmeseclassic.com